# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှ လွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)


၁၃၈၂ ခုနှစ်၊ နတ်တော်လကွယ်၊ အင်္ဂါနေ့။ Tuesday, 12 January 2021 ၁၀၂၅၅


# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်

## တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိအား လက်ခံတွေ့ဆုံစဉ်။

နေပြည်တော် ဇန်နဝါရီ ၁၁

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိအား လက်ခံတွေ့ဆုံ



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိအား လက်ခံတွေ့ဆုံစဉ်။

နေပြည်တော် ဇန်နဝါရီ ၁၁

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိအား ယနေ့ ညနေ ၄ နာရီခွဲတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**

တွေ့ဆုံစဉ် မြန်မာ-တရုတ် "အေးအတူပူအမျှ အသိုက်အဝန်း" ထူထောင်နိုင်ရေးအတွက် လုပ်ငန်းစီမံချက်ကို နိုင်ငံတော်အဆင့်ခရီးစဉ်များ စီစဉ်သည့်အခါ လက်မှတ်ရေးထိုးသွားနိုင်သည့် အခြေအနေ၊ မြန်မာ-တရုတ် စီးပွားရေးစင်္ကြံစီမံကိန်းများနှင့် နှစ်နိုင်ငံ လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ အခြေခံအဆောက်အဦစီမံကိန်းများ အပါအဝင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး စီမံကိန်းများကို အရှိန်အဟုန်မပြတ် ဆက်လက်အကောင်အထည်ဖော်နိုင်ရေး၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်သွားရေး၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို မြန်မာပြည်သူများအတွက် တရုတ်နိုင်ငံက ထောက်ပံ့သွားရေး၊ မြန်မာ-တရုတ် ယဉ်ကျေးမှုခရီးသွားလာရေးနှစ် အခမ်းအနားများကို ၂၀၂၁ ခုနှစ်တွင် ဆက်လက်ကျင်းပနိုင်ရေး၊ နှစ်နိုင်ငံ နယ်စပ်ဒေသတစ်လျှောက် တည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်သွားရေး၊ ဒေသတွင်းနှင့် ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာမျက်နှာစာတို့တွင် နှစ်နိုင်ငံအကြား ပိုမိုနီးကပ်စွာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေးတို့အပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။


**စာမျက်နှာ ၄ ကော်လံ ၁ သို့ ❖**


**တရုတ်နိုင်ငံမှ မြန်မာနိုင်ငံ ကိုဗစ်-၁၉ ရောဂါ ကာကွယ်တိုက်ဖျက်ရေး လုပ်ငန်းများအတွက် ယွမ်သုံးသန်းတန်ဖိုးရှိ ကိုဗစ်-၁၉ ရောဂါတိုက်ဖျက်ရေး ဆိုင်ရာ ဆေးပစ္စည်းများနှင့် မြန်မာပြည်သူများအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အလုံး သုံးသိန်း ကူညီပံ့ပိုးသွားရေး ဆွေးနွေး**


KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

ကြေးမုံ

# လူထုလှုပ်ရှား စိန်ခေါ်မှုများကျော်လွှား

မြန်မာနိုင်ငံသမိုင်းကြောင်းတွင် လူထုတစ်ရပ်လုံး တညီတညွတ်တည်း လှုပ်ရှားခဲ့ကြသည့် အောင်မြင်မှုသမိုင်းမှတ်တိုင်များကို တွေ့ရမည်ဖြစ်သည်။ အထူးသဖြင့် တစ်နိုင်ငံလုံးအရေး၊ တိုင်းပြည်နှင့် လူမျိုးအရေးကို ရှေးရှုသည့် အမျိုးသားလှုပ်ရှားမှုများတွင် အောင်မြင်မှုကြီးကြီးမားမားရခဲ့ပါသည်။ မျက်မှောက်ကာလ နိုင်ငံတော်ကို အသွင်ကူးပြောင်းတည်ဆောက်ရာ၌ ရင်ဆိုင်ကြုံတွေ့နေရသည့် စိန်ခေါ်မှုများအား လူထုလှုပ်ရှားမှုအသွင်ဖြင့် ကျော်ဖြတ်နေကြပါသည်။

ယနေ့အချိန်တွင် ပြည်သူလူထုတစ်ရပ်လုံး၏ ပထမဦးစားပေး အရေးကြီးသည့်စိန်ခေါ်မှုမှာ ကိုဗစ်-၁၉ ကူးစက်ရောဂါအရေးဖြစ်သည်။ တစ်ကမ္ဘာလုံးရှိ နိုင်ငံအများတွင် ကိုဗစ်-၁၉ ရောဂါကို ကျော်လွှားနိုင်ရန်၊ ဟန့်တားနိုင်ရန်၊ ရပ်တန့်နိုင်ရန် အမျိုးမျိုးအဖုံဖုံ ကြိုးပမ်းအားထုတ်နေသည်။ မြန်မာနိုင်ငံအနေဖြင့် ပြည်သူလူထု၏ ညီညွတ်သောအားဖြင့် ကိုဗစ်-၁၉ ပထမလှိုင်းစိန်ခေါ်မှုကို ကျော်လွှားနိုင်ခဲ့ပြီး ဒုတိယလှိုင်းကိုလည်း ကျော်ဖြတ်နိုင်မည့် အလားအလာကောင်းများ ရှိနေသည်။

အဓိကမှာ ပြည်သူလူထုညီညွတ်ရေးကို ဆောင်ကြဉ်းပေးနိုင်သည့်၊ ပြည်သူလူထု အသိတရားဖြင့် နားလည်မှုရှိစွာ ပါဝင်လာနိုင်သည့် လူထုလှုပ်ရှားမှုများဆောင်ရွက်ခြင်းဖြင့် အကျိုးရလဒ်ကောင်းများ ဖြစ်ပေါ်နိုင်ပါသည်။ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသည်မှာ တစ်နှစ်ပတ်လည်ကာလသို့ ရောက်ရှိလာပြီ ဖြစ်သည်။ ယခုအခါ ကူးစက်မှုနှုန်းများ တဖြည်းဖြည်းကျဆင်းလာပြီး ထိုသို့ကျဆင်းလာသည်မှာလည်း ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဆိုင်ရာလမ်းညွှန်ချက်များကို အသိတရားရှိရှိ လိုက်နာလာမှု၊ မျက်နှာနှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေးတွင် ပါဝင်လာမှုတို့ကြောင့်ဖြစ်သည်။

ယခုအခါ နိုင်ငံတစ်ဝန်းတွင် ပြည်သူလူထုအများစုမှာ နှာခေါင်းစည်းများကို အလေ့အထသဖွယ် တပ်ဆင်လာကြပြီ ဖြစ်သည်။ အချို့မှာ အလေးမထား သတိမမူဘဲ နှာခေါင်းစည်းကို တစ်ဝက်တစ်ပျက် တပ်ဆင်ခြင်း၊ လုံးဝမတပ်ဆင်ခြင်းတို့ ရှိနေသေးသည်။ ထိုအခါ သက်ဆိုင်ရာအဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပြည်သူများ ပူးပေါင်းပါဝင်သည့် လူထုလှုပ်ရှားမှုများဖြင့် ထိရောက်စွာဆောင်ရွက်နေသည်ကို နေ့စဉ်တွေ့မြင်နေရသည်။ ပါးစပ်နှင့် နှာခေါင်းစည်း၊ မျက်နှာအကာ မဖြစ်မနေတပ်ဆင်ရေး အသိပေးခြင်း၊ စည်းရုံးခြင်း၊ နှိုးဆော်ခြင်း၊ အခမဲ့ပေးဝေတပ်ဆင်စေခြင်းနှင့် အသိပညာပေးခြင်းတို့ကို လက်ကမ်းစာစောင်များ၊ လက်ကိုင်အသံချဲ့စက်များဖြင့် လှည့်လည်အသိပေးလျက်ရှိသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ နေအိမ်တွင်သာနေထိုင်ရေး အစီအစဉ်တွင် အကျုံးဝင်သောမြို့နယ်များနှင့် ရောဂါဖြစ်ပွားမှုများသော မြို့နယ်များတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များ၏ ဦးဆောင်မှုဖြင့် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနများသည် လူမှုရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ခြင်းဆိုင်ရာ ကျန်းမာရေးအသိပညာမြှင့်တင်ရေးနှင့် ပြုမူပြောင်းလဲရေး၊ နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုကို ၂၀၂၀ ပြည့်နှစ် အစောပိုင်းကတည်းက တောက်လျှောက်လှုပ်ရှားနိုင်ခဲ့ပါသည်။ အကျိုးဆက်မှာ ရောဂါဖြစ်ပွားမှုကို လျှော့ချနိုင်ခြင်းဖြစ်သည်။

ကိုဗစ်-၁၉ ကပ်ရောဂါသည် တစ်ကမ္ဘာလုံးတွင် တစ်နှစ်ကြာရှိခဲ့ပြီးနောက် ဆက်လက်ရှိနေမည့်အပြင် အသွင်ပြောင်းကူးစက်မှု အလွန်လျင်မြန်သည့် ဗိုင်းရပ်စ်ပိုးသစ်များပင် ပေါ်ထွက်နေပြီ ဖြစ်သည်။ အသွင်ပြောင်းဗိုင်းရပ်စ်မျိုးသစ် ဗြိတိန်တွင်တွေ့ခဲ့ပြီးနောက် တောင်အာဖရိကတွင် မျိုးသစ်ထပ်မံတွေ့ရှိသည်။ ယခုအခါ ဂျပန်နိုင်ငံတွင်လည်း မတူကွဲပြားသည့်မျိုးသစ်ထပ်မံတွေ့ရှိနေသဖြင့် ကိုဗစ်-၁၉ ရောဂါကို အစဉ်အမြဲကာကွယ်ထားနိုင်ရန်- (၁) တတ်နိုင်သမျှ နေအိမ်တွင်သာနေထိုင်ပါ၊ လူစုလူဝေးရှိရာ လုံးဝ(လုံးဝ) မသွားသင့်ပါ။ (၂) ပြင်ပသို့ထွက်တိုင်း ပါးစပ်၊ နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ပါ။ (၃) အခြားသူများနှင့် တတ်နိုင်သမျှ ခပ်ခွာခွာနေထိုင်ပါ။ ခပ်ဝေးဝေး နေထိုင်ပြောဆိုရန်။ (၄) လက်ကို ရေနှင့် ဆပ်ပြာသုံး၍ စက္ကန့် ၂၀ ကြာ မကြာခဏဆေးကြောရန် သို့မဟုတ် လက်သန့်ဆေးရည်နှင့် ဆေးကြောရန် အချက်လေးချက်ကို လိုက်နာဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံပါသည်။

သို့ဖြစ်ရာ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကွင်းဆက်ကို ဖြတ်တောက်ပြီး ထိရောက်စွာ ကာကွယ်ထိန်းချုပ်နိုင်မှသာ ပြည်သူလူထုအားလုံး၏ စီးပွားရေး၊ ပညာရေးနှင့် လူမှုရေးလုပ်ငန်းများကို ပုံမှန်အခြေအနေအတိုင်း လုပ်ကိုင်နိုင်မည်ဖြစ်သည့်အတွက် ပြည်သူတစ်ဦးချင်းအနေဖြင့်လည်းကောင်း၊ ပြည်သူလူထုတစ်ရပ်လုံး လူထုလှုပ်ရှားမှုအသွင်ဖြင့် ပါဝင်ဆောင်ရွက်ခြင်းဖြင့်လည်းကောင်း လှုပ်ရှားဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ရောက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၁**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲ ၁ နာရီတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ရောက်ရှိကြသည်။

**ကြိုဆိုနှုတ်ဆက်**

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာချန်းဟိုင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

သတင်းစဉ်



# မျိုးစေ့ထုတ်သမဝါယမအသင်းများမှ ထွက်ရှိသော မျိုးသီးနှံများ ဖြန့်ဖြူးရောင်းချလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၁**

တိုင်းဒေသကြီး/ပြည်နယ်များတွင် စပါး၊ ပဲမျိုးစုံနှင့် သီးနှံမျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းတို့ကို သမဝါယမနည်းစနစ်ဖြင့် ဆောင်ရွက်နိုင်ရန် မျိုးစေ့ထုတ်သမဝါယမအသင်း ၁၈၁ သင်း ဖွဲ့စည်းထားရှိပြီး ဆောင်ရွက်လျက်ရှိသည်။

စိုက်ပျိုးထုတ်လုပ်ရာတွင် ကုန်ကျစရိတ်သက်သာပြီး အထွက်နှုန်းကောင်းမွန်သော ပျိုးသက်ငယ် ကောက်ကွက်ကြဲစိုက်စနစ်၊ စပါးအစွမ်းဖွင့်စိုက်စနစ်တို့ဖြင့် မျိုးစေ့ထုတ်သမဝါယမအသင်းများမှ စိုက်ဧက ၁၃၃၇၁ ဒသမ ၁၈ ဧက စိုက်ပျိုးခဲ့ရာ မျိုးသီးနှံ ၅၆၅၂၅၇ တင်းအထိ ထုတ်လုပ်နိုင်ခဲ့သည်။ ထွက်ရှိလာသည့် မျိုးကောင်းမျိုးသန့်များကို မြို့နယ်သမဝါယမအသင်းစုများမှတစ်ဆင့် သမဝါယမအသင်းဆိုင်များတွင် အပ်ကုန်စနစ်ဖြင့် ထားရှိပြီး ယင်းအသင်းဆိုင်များမှတစ်ဆင့် တောင်သူလယ်သမားများလက်ဝယ်အရောက် ယနေ့အထိ မျိုးသီးနှံ ၃၆၆၉၅၇ ဒသမ ၅၀ တင်း ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။

ထို့ပြင် အသင်းများအတွက် လိုအပ်သော စိုက်ပျိုးစရိတ်အရင်းအနှီးများကို အသင်းပိုင်ငွေ ၁၉၃ ဒသမ ၀၈၇ သန်း၊ EXIM Bank ပံ့ပိုးချေးငွေကျပ် ၁၃၉၃ ဒသမ ၉၅၀ သန်းနှင့် CERP ထောက်ပံ့ငွေကျပ် ၅၄၉ ဒသမ ၆၀၂ သန်း စုစုပေါင်းပံ့ပိုးချေးငွေကျပ် ၂၁၃၆ ဒသမ ၆၃၉ သန်းဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၁-၁-၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၈၀၀ | ၉,၇၀၀ | ၅၈၀ | ၅,၆၃၂,၇၀၀ |
| MTSH | ၃,၇၀၀ | ၃,၆၅၀ | ၂,၀၃၁ | ၇,၅၀၇,၄၀၀ |
| MCB | ၈,၀၀၀ | ၈,၁၀၀ | ၁၄၇ | ၁,၁၈၈,၇၀၀ |
| FPB | ၂၂,၅၀၀ | ၂၂,၅၀၀ | ၁၉၂ | ၄,၃၂၅,၅၀၀ |
| TMH | ၂,၈၀၀ | ၂,၈၀၀ | ၃၉ | ၁၀၉,၂၀၀ |
| EFR | ၃,၆၅၀ | ၃,၆၅၀ | ၁၁၄ | ၄၁၆,၈၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဇန်နဝါရီ ၁၁

ရန်ကုန်(ရွှေဈေး) ၁၃၂၅၀၀၀ မန္တလေး(ရွှေဈေး) ၁၃၂၅၀၀၀

| စက်သုံးဆီအမျိုးအစား | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၆၄၀/၆၉၀ ကျပ် | ၆၉၀/၇၀၀ ကျပ် |
| (ခ) ဒီဇယ် | တစ်လီတာ | ၆၃၀/၆၇၅ ကျပ် | ၆၇၅/၆၈၅ ကျပ် |
| (ဂ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၂၀/၇၅၀ ကျပ် | ၇၉၅/၈၁၀ ကျပ် |
| (ဃ) အောက်တိန်း ၉၂ | တစ်လီတာ | ၆၀၅/၆၃၅ ကျပ် | ၆၇၀/၆၇၅ ကျပ် |

ရန်ကုန် လက်ကားဈေး

| | | |
|---|---|---|
| ဒီဇယ် | တစ်လီတာ | ၅၈၀/၅၉၀ ကျပ် |
| အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၉၀/၅၉၅ ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၅၇၅/၅၈၅ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၃၈.၈ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၃၃.၁ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၀၆.၈၀ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၄.၄၇၁ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၃၁.၁၄ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈.၂၄၇ |
| (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၃၂.၈ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၀၇.၂ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၂၈၆.၄ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၂.၁၇ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - ဦးဝင်းနိုင် | | |
| သတင်းထောက်မှူး | - ဦးမြင့်စိုး | | |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | ဓာတ်ပုံသတင်းထောက် | - ဦးခင်မောင်ဝင်း |
| | | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန်စာတည်းများ | - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော် | စာပြင် | - ဦးဝေမင်းသူနှင့်အဖွဲ့ |
| အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်ချောစုလှိုင်နှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦး၊ ဦးအောင်ကျော်ဖြိုးနှင့်အဖွဲ့ |


ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးစဉ်။

**○ နိုင်ငံတော်သမ္မတမှ**

တွေ့ဆုံစဉ် မြန်မာနှင့် တရုတ်နှစ်နိုင်ငံ ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားရေး၊ နှစ်နိုင်ငံအကြား အေးအတူပူအမျှ အသိုက်အဝန်း ထူထောင်သွားရေးအတွက် နှစ်နိုင်ငံ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေး၊ နှစ်နိုင်ငံအကြား ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေး၊ **တရုတ်နိုင်ငံမှ မြန်မာနိုင်ငံ ကိုဗစ်-၁၉ ရောဂါကာကွယ် တိုက်ဖျက်ရေးလုပ်ငန်းများအတွက် ယွမ် သုံးသန်းတန်ဖိုးရှိ ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးဆိုင်ရာ ဆေးပစ္စည်းများနှင့် မြန်မာပြည်သူများအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အလုံးသုံးသိန်း ကူညီပံ့ပိုးသွားရေး၊** နှစ်နိုင်ငံ ယဉ်ကျေးမှုခရီးသွားနှစ်အကောင်အထည်ဖော်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကို ဆက်လက်ဆောင်ရွက်သွားရေး၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးစီမံကိန်းများ အရှိန်အဟုန်မပြတ် ဆက်လက်အကောင်အထည်ဖော်သွားရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းသူ၊ ဦးသောင်းထွန်း၊ ဦးကျော်တင်၊ ဦးသန့်စင်မောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာချန်းဟိုင်နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

သတင်းစဉ်

## ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိတို့ တွေ့ဆုံ



**နေပြည်တော် ဇန်နဝါရီ ၁၁**

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိတို့သည် ယနေ့ညနေ ၅ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ- တရုတ် နှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်သွားရေး၊ နှစ်နိုင်ငံ နယ်စပ်ဒေသလုံခြုံရေး၊ တည်ငြိမ်အေးချမ်းမှုထိန်းသိမ်းရေး၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် တရုတ်နိုင်ငံမှ အပြုသဘောကူညီသွားရေး၊ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများကိစ္စနှင့် ပြည်နယ်ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသတွင်းနှင့် ကုလသမဂ္ဂ အပါအဝင် နိုင်ငံတကာမျက်နှာစာတွင် ဆက်လက်၍ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ ဒုတိယဝန်ကြီး ဦးခင်မောင်တင်နှင့် ဦးဟောက်ဒိုဆွမ်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာချန်းဟိုင်နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

သတင်းစဉ်

## ဖယ်ခုံမြို့နယ် ဟိုတိန်းငါးကုန် သမဝါယမအသင်းက ရေထွက်ကုန်ပစ္စည်းများ ရောင်းချဖြန့်ဖြူး

**နေပြည်တော် ဇန်နဝါရီ ၁၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့နယ်ရှိ ဟိုတိန်းငါးကုန်ထုတ်သမဝါယမအသင်း လီမိတက်က တီလားပီးယား တစ်ပိဿာလျှင် ဒေသပေါက်ဈေး ငွေကျပ် ၃၀၀၀ ရှိသော်လည်း ငွေကျပ် ၂၂၀၀ နှုန်းဖြင့်လည်းကောင်း၊ ငါးလုံးတစ်ပိဿာလျှင် ဒေသပေါက်ဈေး ငွေကျပ် ၅၀၀၀ ရှိသော်လည်း ငွေကျပ် ၃၅၀၀ နှုန်းဖြင့်လည်းကောင်း တီလားပီးယားနှင့် ငါးလုံးငါးအမျိုးအစား ပိဿာချိန် ၇၀ ကို ရောင်းချပေးခဲ့သည်။ ကိုဗစ်-၁၉ ကာလအတွင်း စားသုံးသူပြည်သူများ ရေထွက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာ ဝယ်ယူစားသုံးနိုင်ရေးနှင့် ငါးထုတ်လုပ်သူများ၏ အခက်အခဲများ အဆင်ပြေစေရေးအတွက် သမဝါယမ၏ No Profit၊ No Loss မူအတိုင်း ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ဧရာဝတီတိုင်းဒေသကြီး သမဝါယမကဏ္ဍက ရေထွက်ကုန်ပစ္စည်းများ ရောင်းချဖြန့်ဖြူးပေးလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ လမ်းညွှန်ချက်ဖြင့် ဧရာဝတီတိုင်းဒေသကြီး သမဝါယမဦးစီးဌာနနှင့် ငါးလုပ်ငန်းဦးစီးဌာနတို့ချိတ်ဆက်၍ ကိုဗစ်-၁၉ ကာလအတွင်း ရေထွက်ကုန်ပစ္စည်း ထုတ်လုပ်ဖြန့်ဖြူးရောင်းချသူများ၏ အခက်အခဲများ အဆင်ပြေစေရေးနှင့် စားသုံးသူပြည်သူများ လွယ်လင့်တကူ ဝယ်ယူစားသုံးနိုင်ရေးအတွက် ဧရာဝတီတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်၊ ညောင်တုန်း၊ ဟင်္သာတ၊ မအူပင်၊ အိမ်မဲ၊ ဇလွန်နှင့် အင်္ဂပူမြို့နယ်ရှိ သမဝါယမအသင်းစုများမှ ငါးမြစ်ချင်း ပိဿာချိန် ၂၅၆၀၊ ငါးကြင်းပိဿာချိန် ၁၃၀၊ ငါးခေါင်းပွ ပိဿာချိန် ၁၂၀၊ ငါးမုတ်ပိဿာချိန် ၇၀၀ နှင့် ပင်လယ်ငါးမျိုးစုံ ပိဿာချိန် ၄၅၅ ပိဿာ စုစုပေါင်းငါးပိဿာချိန် ၃၉၆၅ ပိဿာကို သမဝါယမ၏ No Profit၊ No Loss မူအတိုင်း ဒေသပေါက်ဈေးထက် ထက်ဝက်နီးပါး သက်သာသောနှုန်းထားဖြင့် ပြည်သူများထံသို့ ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

❖ **နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ**

ထို့ပြင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က လာမည့်အစိုးရသက်တမ်းတွင် ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်များကို ဆက်လက်အလေးပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ဆက်လက်၍ အပြုသဘောကူညီပံ့ပိုးပေးသွားရေးကိစ္စရပ်တို့ကို ဆွေးနွေးပြောကြားခဲ့ပြီး တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိကလည်း တရုတ်နိုင်ငံအကြီးအကဲများက မြန်မာနိုင်ငံတွင် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း သတင်းစကားပါးလိုက်ပါကြောင်း ပြောကြားသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အတူ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးကျော်တင့်ဆွေ၊ ဦးစိုးဝင်း၊ ဦးသောင်းထွန်း၊ ဦးကျော်တင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာချန်းဟိုင်နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ယခုခရီးစဉ်အတွင်း မြန်မာ-တရုတ်နှစ်နိုင်ငံအကြား စီးပွားရေးနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ စာချုပ်၊ မြန်မာ-တရုတ်နှစ်နိုင်ငံအကြား စီးပွားရေးနှင့် ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်ရန် ၅ နှစ် ဖွံ့ဖြိုးမှုအစီအစဉ်၊ မန္တလေး-ကျောက်ဖြူ ရထားလမ်းစီမံကိန်းဖြစ်နိုင်ခြေလေ့လာမှုဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ ကျေးလက်လမ်းတံတားဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများဖြစ်နိုင်ခြေလေ့လာမှုဆိုင်ရာ အစည်းအဝေး မှတ်တမ်းလွှာ၊ ကချင်ပြည်နယ်ပြည်တွင်း နေရပ်စွန့်ခွာသူများပြန်လည်နေရာချထားရေးအတွက် ငွေကြေးအထောက်အပံ့ ပေးအပ်ရေးစာလွှာနှင့် တရုတ်အတိုးမဲ့ ချေးငွေဖြင့် ဝယ်ယူသည့် လူစီးရထားတွဲများဆိုင်ရာ စာလွှာများကို လက်မှတ်ရေးထိုး လဲလှယ်ခဲ့ကြသည်။

သတင်းစဉ်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိနှင့် တွေ့ဆုံဆွေးနွေးစဉ်။

❖ **နိုင်ငံတကာ မျက်နှာစာတို့တွင် နှစ်နိုင်ငံအကြား ပိုမိုနီးကပ်စွာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်။**

❖ **တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ဆက်လက်၍ အပြုသဘော ကူညီပံ့ပိုးပေးသွားမည်။**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် လွှတ်တော်ရုပ်သံလိုင်းများ ထုတ်လွှင့်မှုအတွက် ဆောင်ရွက်ထားရှိမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၁၁**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့မွန်းလွဲပိုင်းတွင် တတိယအကြိမ်ပြည်ထောင်စုအဆင့်လွှတ်တော်များ၏ ပထမပုံမှန်အစည်းအဝေးများအတွက် မြန်မာ့ရုပ်မြင်သံကြားက လွှတ်တော်ရုပ်သံလိုင်းများ ထုတ်လွှင့်နိုင်ရေးအတွက် ရိုက်ကူးမှု၊ ပေးပို့မှုနှင့် ထုတ်လွှင့်မှုဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေမှု၊ စက်ပစ္စည်းများ တပ်ဆင်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတို့ရှိ ရုပ်သံထိန်းချုပ်ခန်းများနှင့် သတင်းမီဒီယာများသတင်းရယူသည့်နေရာများကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ လှည့်လည်ကြည့်ရှုစစ်ဆေးစဉ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် တာဝန်ရှိသူများက လွှတ်တော်အစည်းအဝေးများ ကျင်းပနေစဉ်အတွင်း လွှတ်တော်ရုပ်သံလိုင်းများ တိုက်ရိုက်ထုတ်လွှင့်နိုင်ရေးအတွက် ရိုက်ကူးမှု၊ ပေးပို့မှုနှင့် ထုတ်လွှင့်မှုဆိုင်ရာလုပ်ငန်းများဆောင်ရွက်နေမှု၊ စက်ပစ္စည်းများတပ်ဆင်ထားရှိမှု၊ အသုံးပြုလျက်ရှိသည့် နည်းစနစ်များနှင့် ချိတ်ဆက်ဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း၊ ချို့ယွင်းမှုနှင့် အခက်အခဲများ ဖြစ်ပေါ်ပါက အရန်စနစ်ထားရှိဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် လွှတ်တော်ဝင်းအတွင်း Information and Communications Technology (ICT) ဌာနရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ စက်မှုနှင့် သတင်းရိုက်ကူးထုတ်လုပ်သည့်အဖွဲ့များ၏ အခန်းများအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

သတင်းစဉ်





# မူဆယ်မြို့အတွက် တရုတ်နိုင်ငံ ကြက်ခြေနီအသင်း တရုတ်ယွမ်ငွေ လေးသိန်းကျော်တန်ဖိုးရှိ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး အသုံးအဆောင်ပစ္စည်းများ လှူဒါန်း

**မူဆယ် ဇန်နဝါရီ ၁၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ နယ်စပ်ဒေသ၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် တရုတ်နိုင်ငံ ကြက်ခြေနီအသင်းမှ တရုတ်ယွမ်ငွေကျပ် ၄၇၈၀၃၂ ယွမ်တန်ဖိုးရှိသည့် ကြိုတင်ကာကွယ်ရေးအသုံးအဆောင်ပစ္စည်းများကို ဇန်နဝါရီ ၁၀ ရက် မွန်းလွဲ ၂ နာရီခန့်က မူဆယ်မြို့ မြန်မာ-တရုတ်နှစ်နိုင်ငံ အဝင်/အထွက်ဂိတ်(နန်းတော်ဂိတ်)၌ လာရောက်ပေးအပ်လှူဒါန်းသည်။

အဆိုပါ ကိုဗစ်-၁၉ရောဂါကြိုတင်ကာကွယ်ရေးအသုံးအဆောင်ပစ္စည်းများကို တရုတ်နိုင်ငံ ရွှေလီကြက်ခြေနီအသင်းမှ တာဝန်ရှိသူများက လာရောက်ပေးအပ်ရာ မူဆယ်ခရိုင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးဥက္ကာက လက်ခံခဲ့ပြီး လာရောက်ပေးအပ်လှူဒါန်းမှုအပေါ် မူဆယ်ခရိုင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ် ထိန်းချုပ် ကုသရေးကော်မတီနှင့် မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်းတို့က ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီးပြန်လည်ပေးအပ်သည်။

မူဆယ်မြို့ နယ်စပ်ဒေသ၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ် ထိန်းချုပ်ကုသနိုင်ရန်အတွက် PCR နှင့် ဆက်စပ်ကျန်းမာရေးအသုံးအဆောင်ပစ္စည်းအမျိုးအစားစုစုပေါင်း တစ်သောင်းကို ပေးအပ်လှူဒါန်းပြီး နှစ်နိုင်ငံ နယ်စပ်ဂိတ်မှတစ်ဆင့် အပြန်အလှန် နိုင်ငံသားများပြန်လည်လွှဲပြောင်းရာတွင် အသုံးပြုရန်အတွက် တရုတ်နိုင်ငံ ရွှေလီမြို့ ကိုဗစ်-၁၉ ရောဂါထိန်းသိမ်းရေးကော်မတီမှ ပလတ်စတစ်ထိုင်ခုံ ၂၀၀ နှင့် ထီးအလက် ၂၀ တို့ကိုလည်း ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ဆလိုင်းဗန်ရိုးထန်(ပြန်/ဆက်)

◎ လွှတ်တော်အစည်းအဝေးများမှ
အစည်းအဝေး၌ ဗဟိုကော်မတီနာယက၊ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က တတိယအကြိမ်လွှတ်တော်အသီးသီး၏ ပထမပုံမှန်အစည်းအဝေးများကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၃၊ ပုဒ်မ ၁၂၄ ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၁၅၅ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဒုတိယအကြိမ်လွှတ်တော်သက်တမ်း တာဝန်ဆက်လက်ထမ်းဆောင်လျက်ရှိသည့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့က ခေါ်ယူကျင်းပပေးရမည်ဖြစ်ကြောင်း၊ တတိယအကြိမ် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၏ ပထမပုံမှန်အစည်းအဝေးများကို ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် ကျင်းပပြုလုပ်ရန် ဖိတ်ကြားထားပြီး ဇန်နဝါရီ ၂၃ ရက်ထက်မစော ၂၄ ရက်ထက်နောက်မကျစေဘဲ နေပြည်တော်သို့ ရောက်ရှိသတင်းပို့ရန် လွှတ်တော်ကိုယ်စားလှယ်များကို ခေါ်ယူထားပါကြောင်း။

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ကို ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်၌ စတင်ကျင်းပရန် လျာထားပါကြောင်း၊ တတိယအကြိမ်လွှတ်တော်အသီးသီး၏ ပထမပုံမှန်အစည်းအဝေးများ၌ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ ရွေးချယ်တင်မြှောက်ခြင်း၊ လွှတ်တော်ရေးရာကော်မတီများဖွဲ့စည်းခြင်း၊ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ ခန့်အပ်တာဝန်ပေးခြင်းတို့နှင့်စပ်လျဉ်းပြီး အတည်ပြုခြင်းလုပ်ငန်းစဉ်များ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများသည် နိုင်ငံတော်နှင့် နိုင်ငံသားပြည်သူအားလုံးအတွက် အလွန်အရေးကြီးသောကိစ္စရပ်များဖြစ်ပါ၍ လွှတ်တော်အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာလုပ်ငန်းကော်မတီများအနေဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်စေလိုကြောင်း၊ ကော်မတီများအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းအခြေအနေနှင့် လိုအပ်ချက်များကို ဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ဗဟိုကော်မတီနာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း က ယခင်ဒုတိယအကြိမ်လွှတ်တော်အတွေ့အကြုံများအပေါ်မူတည်၍ ပိုမိုသင့်လျော်ကောင်းမွန်သည့် လုပ်ငန်းအစီအမံများဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနည်းလမ်းများနှင့်အညီ တတိယအကြိမ်လွှတ်တော်အသီးသီး၏ ပထမပုံမှန်အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ဗဟိုကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင် (ခ)ဦးထွန်းထွန်းဟိန်က တတိယအကြိမ်လွှတ်တော် ပထမပုံမှန်အစည်းအဝေးများ ကျင်းပချိန်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန် အကြံပြုဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ဆက်လက်ပြီး အစည်းအဝေးသို့ တက်ရောက်လာကြသည့် သက်ဆိုင်ရာလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဌာနအဖွဲ့အစည်းများမှ တာဝန်ရှိသူများက လုပ်ငန်းကော်မတီအလိုက် စီမံဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုလွှတ်တော်နာယက က လုပ်ငန်းကော်မတီများ၏ ဆွေးနွေးတင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေး၍ နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ သက်ဆိုင်ရာ လုပ်ငန်းကော်မတီအတွင်းရေးမှူးများနှင့် လွှတ်တော်အသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



လွှတ်တော်အစည်းအဝေးများကျင်းပရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။

# ပုဂံယဉ်ကျေးမှု အမွေအနှစ်ဒေသရှိ ဘုရားသုံးဆူ ပြုပြင်ထိန်းသိမ်းခြင်းစီမံကိန်း အစီရင်ခံစာတင်သွင်းခြင်းအခမ်းအနား ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၁**

ပုဂံကမ္ဘာ့အမွေအနှစ်ဒေသရှိ ဘုရားသုံးဆူ(ဘုရားအမှတ် ၄၇၇၊ ၄၇၈ နှင့် ၄၇၉) တို့ ပြုပြင်ထိန်းသိမ်းခြင်း စီမံကိန်း အစီရင်ခံစာတင်သွင်းခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ပုဂံရှေးဟောင်းသုတေသနပြတိုက်၌ ကျင်းပသည်။

အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာ လီဆန်ဟွာ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ Korea Cultural Heritage Foundation(KCHF) မှ ညွှန်ကြားရေးမှူး Mr. Kim Dong Min နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင်ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ၂၀၁၆ ခုနှစ် ပုဂံဒေသတွင် အင်အားပြင်းငလျင်လှုပ်ခတ်ခဲ့မှုကြောင့် ရှေးဟောင်းအဆောက်အအုံများစွာ ထိခိုက်ပျက်စီးခဲ့ရပါကြောင်း၊ ရှည်လျားသော အမျိုးသားရေးလက္ခဏာ သမိုင်းကြောင်းနှင့် မြင့်မားထင်ရှားသော ယဉ်ကျေးမှုအမွေအနှစ်တို့တည်ရှိရာ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသ၌တည်ရှိနေသည့် ရှေးမြန်မာတို့၏ ယဉ်ကျေးမှုအမွေအနှစ်များသည် သဘာဝဘေးအန္တရာယ်နှင့် ရာသီဥတုပြောင်းလဲမှုဒဏ်ကြောင့် ပျက်စီးယိုယွင်းမှုများနှင့် ရင်ဆိုင်ကြုံတွေ့နေရပါကြောင်း။

**ပူးပေါင်းဆောင်ရွက်မှု**

သဘာဝဘေးအန္တရာယ်ကြောင့် ပုဂံဒေသရှိ ယဉ်ကျေးမှုအမွေအနှစ်များ ပျက်စီးမှုမှ လျှော့ချနိုင်ရန်အတွက် ကိုရီးယားသမ္မတနိုင်ငံ KCHF မှ နည်းပညာဆိုင်ရာ ပစ္စည်းများနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်အောင် ကူညီထောက်ပံ့ပေးခဲ့ပါကြောင်း၊ ထိခိုက်ပျက်စီးမှုများအနက် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ဘုရားသုံးဆူနှင့် နံရံဆေးရေးပန်းချီ ထိန်းသိမ်းရေးလုပ်ငန်းဆိုင်ရာ စီမံကိန်းကို ကိုရီးယားနိုင်ငံ Korea Cultural Heritage Foundation မှ ပညာရှင်အဖွဲ့သည် ၂၀၁၈ ခုနှစ်ကတည်းက စတင်ဆောင်ရွက်ခဲ့ပါကြောင်းနှင့် ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ ဘုရားသုံးဆူနံရံပန်းချီထိန်းသိမ်းရေးစီမံကိန်း ဒုတိယအဆင့် ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက်လည်း သဘောတူခဲ့ပြီးဖြစ်ပါကြောင်း၊ ယခုစီမံကိန်းသည် မြန်မာ-ကိုရီးယားနှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုကို အထောက်အပံ့ပေးနိုင်မည့် စီမံကိန်းတစ်ခုဖြစ်ပါကြောင်း၊ ဘုရားသုံးဆူ နံရံပန်းချီထိန်းသိမ်းရေးစီမံကိန်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့အတွက် ထိရောက်သော ပူးပေါင်းဆောင်ရွက်မှုတစ်ခုဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံအမတ်ကြီးက နှုတ်ခွန်းဆက်စကား ပြောကြားပြီး ကိုရီးယားနိုင်ငံ Korea Cultural Heritage Foundation မှ ညွှန်ကြားရေးမှူးက ၂၀၁၈ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ပထမလုပ်ငန်းစဉ်ဖြစ်သည့် ဘုရားသုံးဆူ ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်က နှစ်နိုင်ငံချစ်ကြည်ရေး ယဉ်ကျေးမှုဖလှယ်ရေး ပူးပေါင်းဆောင်ရွက်မှုများ၊ ရှေးဟောင်းဝတ္ထုပစ္စည်းပြပွဲများတွင် ပါဝင်ဆောင်ရွက်မှုများ၊ နည်းပညာသင်တန်းပို့ချမှုများ၊ မြန်မာ – ကိုရီးယားနှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံအမတ်ကြီးက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံ ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ လက်စွဲစာအုပ် လေးမျိုးဖြစ်သည့် Conservation manual , Structural Conservation manual, Mural Painting Conservation manual, GPR (Ground Penetration Radar) manual များကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်သည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ သံအမတ်ကြီးနှင့် တာဝန်ရှိသူများသည် ကိုရီးယားသမ္မတနိုင်ငံ၏ အကူအညီဖြင့် ဆောင်ရွက်ထားသည့် ပုဂံရှေးဟောင်းသုတေသနပြတိုက်ရှိ ပြတိုက်ခေတ်ခွဲခန်းနှင့် ရှေးဟောင်းပစ္စည်းသိုလှောင်ခန်းများကို ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ ကမ္ပည်းကျောက်စာဖွင့်လှစ်ခြင်းအခမ်းအနားကိုကျင်းပရာ ကိုရီးယားရိုးရာသီချင်းပြိုင်ပွဲတွင် တတိယဆုရရှိခဲ့သော ပုဂံမြို့ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက Arirang ကိုရီးယားရိုးရာသီချင်းဖြင့် ဖျော်ဖြေတင်ဆက်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် သံအမတ်ကြီးတို့က မြန်မာ – ကိုရီးယားနှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်နေသည့် ဘုရားသုံးဆူကမ္ပည်းကျောက်စာကို ဖွင့်လှစ်ပေးခဲ့ကြပြီး ဘုရားသုံးဆူဘုရား ပြုပြင်ထိန်းသိမ်းမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ကိုရီးယားနိုင်ငံ Korea Cultural Heritage Foundation ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

**လေ့ကျင့်သင်ကြားပေး**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ကိုရီးယားသမ္မတနိုင်ငံ Korea Culture Heritage Foundation တို့ ပူးပေါင်း၍ ပုဂံဒေသရှိ ဘုရားအမှတ် ၄၇၇၊ ၄၇၈၊ ၄၇၉ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ၂၀၁၈ ခုနှစ်မှစတင်၍ ဆောင်ရွက်ခဲ့ပြီး အဆိုပါစီမံကိန်းအစီအစဉ်တွင် ဘုရားသုံးဆူ၏ အဆောက်အအုံဆိုင်ရာ ပြုပြင်ထိန်းသိမ်းခြင်း၊ နံရံပန်းချီ ပြုပြင်ထိန်းသိမ်းခြင်း၊ အထွေထွေပြုပြင်ထိန်းသိမ်းခြင်းနှင့် ရှေးဟောင်းသုတေသနထိန်းသိမ်းရေး နည်းစနစ်များကို ဌာနမှဝန်ထမ်းငယ်များအား လေ့ကျင့်သင်ကြားပေးခြင်း အစီအစဉ်များ ပါဝင်သည်။

အဆိုပါပူးပေါင်းဆောင်ရွက်မှု ပထမအဆင့်သည် ၂၀၂၁ ခုနှစ်တွင် ပြီးစီးမည်ဖြစ်ပြီး ဒုတိယအဆင့်ကို ၂၀၂၁ မှ ၂၀၂၅ ခုနှစ်အထိ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

◯ ကျောဖုံးမှ

ထို့ပြင် မော်လမြိုင်ကျွန်း-ပုသိမ်အဝေးပြေးခရီးစဉ်တွင် အရေးပါသော မော်လမြိုင်ကျွန်း-ဝါးခယ်မထိစပ်နေသော ကျွန်းပြဿဒ် မြစ်ကူးတံတားမှာလည်း ရာနှုန်းပြည့်တည်ဆောက်ပြီးစီးနေပြီဖြစ်ရာ မြစ်ကူးတံတားအရှည်ပေ ၂၃၆၀ ယာဉ်သွားလမ်းအကျယ် ၂၈ ပေ(နှစ်လမ်းသွား)နှင့် လူသွားလမ်းအကျယ် တစ်ဖက်သုံးပေစီရှိသည်။ ရေလမ်းကင်းလွတ်အမြင့်ပေ ၄၀ နှင့် ရေလမ်းကင်းလွတ်အကျယ် ပေ ၂၄၀ ရှိရာ သံမဏိသံပေါင်သံကူကွန်ကရစ်တံတား အမျိုးအစားဖြစ်သည်။

အဆိုပါတည်ဆောက်ပြီးစီးနေသော မော်လမြိုင်ကျွန်းမြို့နယ် စော်ကဲမြစ်ကူးတံတားနှင့် ကျွန်းပြဿဒ်မြစ်ကူးတံတားတို့ပေါ်မှ ဖြတ်ကျော်သွားလာရမည့် မော်လမြိုင်ကျွန်း-ပုသိမ် ဒုတိယဆက်သွယ်ရေးလမ်းကြောင်းဖြင့် သွားမည်ဆိုပါက မော်လမြိုင်ကျွန်း-ပုသိမ် တိုက်ရိုက်ခရီးစဉ်မှာ ၇၃ မိုင်သာကွာဝေးပြီး အချိန် သုံးနာရီဖြင့် ပုသိမ်မြို့သို့ အရောက်သွားလာနိုင်မည်ဖြစ်၍ လက်ရှိအသုံးပြုနေသော မော်လမြိုင်ကျွန်း -မအူပင်- ပုသိမ်ခရီးစဉ်ထက် ၇၇ မိုင် ခရီးလျော့နည်းသွားပြီး အချိန် လေးနာရီ သက်သာသွားကြောင်း သိရသည်။

**မော်ကျွန်းမြင့်အောင်**

# စီးပွားရေးအမြန်နာလန်ထူဖို့ ပြည်သူအားလုံးကြိုးစားစို့

Dr. မောင်အောင်

၂၀၂၀ ပြည့်နှစ်သည် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားခဲ့သည့်အတွက် တစ်ကမ္ဘာလုံးရှိ နိုင်ငံတိုင်း စီးပွားရေးအကျပ်အတည်း အပါအဝင် ဘက်ပေါင်းစုံတွင် အခက်အခဲများနှင့် ကြုံတွေ့နေရသည့် အချိန်ကာလဖြစ်သည်။ ယခုအခါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသဆေးများကို နိုင်ငံကြီးများ၌ ပေါ်ထွက်လာပြီဖြစ်၍ အတိုင်းအတာတစ်ခုအထိ စိတ်အေးရသော်လည်း ကိုဗစ်-၁၉ ကူးစက်ရောဂါ အလျှင်းမပျောက်သေးသည့်အတွက် စီးပွားရေးလုပ်ငန်းများ အပါအဝင် လူနေမှုပုံစံကို “new normal” ပုံစံသစ်ဖြင့် ကျင့်သုံးဆောင်ရွက်ရဦးမည်ဖြစ်သည်။ ထို့အတွက် မြန်မာအပါအဝင် ကမ္ဘာ့နိုင်ငံများအတွက် အကြီးမားဆုံးသောစိန်ခေါ်မှုမှာ ကိုဗစ်-၁၉ ကြောင့် ကျဆင်းခဲ့ရသည့် စီးပွားရေးကို အမြန်ဆုံး ပြန်လည်နာလန်ထူရေးပင် ဖြစ်သည်။ စီးပွားရေး အမြန်နာလန်ထူရေးလုပ်ဆောင်ရာတွင် အစိုးရချည်း လုပ်ဆောင်၍မရဘဲ နိုင်ငံတော်၏ ဦးဆောင်မှုအောက်တွင် ပြည်သူတစ်ရပ်လုံးအနေဖြင့် တက်ညီလက်ညီ ဝိုင်းဝန်းဆောင်ရွက်ခြင်းဖြင့်သာ မြန်မာ့စီးပွားရေး အမြန်နာလန်ထူလာမည်ဖြစ်သည်။

## နိုင်ငံတော်အပိုင်း

မြန်မာ့စီးပွားရေး အမြန်နာလန်ထူလာစေရေးအတွက် နိုင်ငံတော်အပိုင်းက ဦးဆောင်ပြီး အကောင်အထည်ဖော်ရာတွင် ကိုဗစ်-၁၉ ကြောင့် ပြောင်းလဲနေသည့် ကမ္ဘာ့စီးပွားရေးအခြေအနေအပေါ်မူတည်ပြီး ဆီလျော်မှန်ကန်သည့် စီးပွားရေးပေါ်လစီနှင့် မဟာဗျူဟာများ ချမှတ်ခြင်း၊ လိုအပ်နေသည့် စီးပွားရေးတိုးတက်မှုကို အားပေးသည့်ဥပဒေ၊ နည်းဥပဒေများပြဋ္ဌာန်းခြင်း၊ ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်ကောင်းများ ပိုမိုဖန်တီးခြင်း၊ လုပ်ငန်းများလုပ်ကိုင်ရာတွင် ပိုမိုလွယ်ကူချောမွေ့စေခြင်း၊ ပြည်ပမှ နည်းပညာ၊ ချေးငွေနှင့် အကူအညီများ ရရှိစေရန် ဆောင်ရွက်ခြင်း၊ စီးပွားရေးလုပ်ငန်းများ ပိုမိုတိုးတက်စေရန် လိုအပ်သည့်အဖွဲ့အစည်းများ တည်ထောင်ပေးခြင်း၊ ဘဏ္ဍာရေးနှင့် အခွန်အကောက်ဆိုင်ရာ ပံ့ပိုးမှုများကို ဖော်ဆောင်ပေးခြင်း၊ ပြည်ပအရင်းအနှီးနှင့် ပြည်ပဈေးကွက်များရရှိစေရန် ဆောင်ရွက်ပေးခြင်း စသည်တို့ကို လုပ်ဆောင်နေပြီ ဖြစ်သည်။ ထို့အပြင် ကိုဗစ်-၁၉ ကြောင့် စီးပွားရေးလုပ်ငန်းများအပေါ် ထိခိုက်မှုလျော့နည်းစေရေးအတွက် ပံ့ပိုးမှုများနှင့် ပြန်လည်နာလန်ထူလာရေး အစီအမံများ စဉ်ဆက်မပြတ်လုပ်ဆောင်နေပြီဖြစ်သည်။ အထူးသဖြင့် ကိုဗစ်-၁၉ ကြောင့် ပေါ်ပေါက်နေသည့် စီးပွားရေးအခွင့်အလမ်းများကို နိုင်ငံတော်က စတင်ဖော်ဆောင်နေပြီဖြစ်သည့်အတွက် နိုင်ငံသားအားလုံးက စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်ရမည့်အချိန် ဖြစ်သည်။

## ပြည်သူ့စွမ်းအားသာလျှင် အဓိက

နိုင်ငံတော်က ဦးဆောင်သည်ဆိုသော်လည်း ဈေးကွက်စီးပွားရေးစနစ်ဖြစ်၍ လက်တွေ့စီးပွားရေးလုပ်ငန်းများကို လုပ်ဆောင်သူမှာ ပုဂ္ဂလိကပြည်သူများသာ အဓိကဖြစ်သည့်အတွက် ပြည်သူတစ်ဦးချင်းမှသည် ပြည်သူတစ်ရပ်လုံး၏ ကြိုးစားအားထုတ်မှုမှာ အထူးအရေးပါပေသည်။ ယနေ့ စတုတ္ထစက်မှုတော်လှန်ရေး (IR-4.0) နည်းပညာခေတ်တွင် တိုးတက်ဖွံ့ဖြိုးပြီး နိုင်ငံများ၊ တိုးတက်ဖွံ့ဖြိုးနေသည့် နိုင်ငံများကိုကြည့်လျှင် တိုးတက်မှု၏အခြေခံအကြောင်းရင်းမှာ စွမ်းဆောင်ရည်ရှိသည့် ပြည်သူများကြောင့်ပင် ဖြစ်သည်။ ထို့အတွက်လည်း ပြည်သူတစ်ရပ်လုံး၏ ကျွမ်းကျင်မှုနှင့် စွမ်းဆောင်ရည်ပြည့်ဝမှု၊ ချစ်ကြည်စည်းလုံးညီညွတ်မှု၊ တစိုက်မတ်မတ် ကြိုးစားအားထုတ်မှု၊ စည်းမျဉ်းစည်းကမ်းလိုက်နာမှု စသည်တို့ဖြင့်သာ တစ်ဦးချင်းစီးပွားရေး၊ အိမ်ထောင်စုစီးပွားရေး၊ နိုင်ငံ့စီးပွားရေးတို့ကို မြှင့်တင်နိုင်မည်ဖြစ်သည်။

ဦးစွာ ပြည်သူလူထု၏ ခံယူချက်သဘောထားမှာ အပြုသဘောဆောင်ပြီး နိုင်ငံတိုးတက်မှုကို ဖော်ဆောင်လိုသည့် နိုင်ငံချစ်သည့်အရင်းခံစိတ်ဓာတ် တည်ဆောက်ကာ ပြုမူနေထိုင်လုပ်ကိုင်ဆောင်ရွက်ရန်ပင် ဖြစ်သည်။ ပြည်သူအချင်းချင်း စည်းလုံးညီညွတ်မှု၊ အပြန်အလှန်လေးစားမှု၊ မေတ္တာထားမှုတို့ကို အခြေခံပြီး နိုင်ငံသားတိုင်းက အမိမြန်မာနိုင်ငံ၏ ဂုဏ်သိက္ခာနှင့် ဖွံ့ဖြိုးမှုအဆင့်အတန်း အစဉ်မြင့်တင်နိုင်ရေးကို နှလုံးသွင်းကာ နေ့စဉ်ပြုမူလုပ်ကိုင်နေရသည့် အလုပ်ကိစ္စများ၊ လူမှုရေးကိစ္စများစသည်တို့ကို ကောင်းသည်ထက်ကောင်းလာစေရန် ကြိုးစားရမည် ဖြစ်သည်။ ယခုအခါ ဆိုရှယ်မီဒီယာများကို ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲနေသည့်ခေတ်တွင် အမုန်းစကားများ၊ ကောလာဟလသတင်းမှားများ၊ ညစ်ညမ်းသောစကားများ စသည်တို့ လုံးဝရှောင်ကြဉ်ရမည်ဖြစ်သလို တိုင်းပြည်နှင့် အများအကျိုးရှိစေသည့် သတင်းအချက်အလက်များကိုသာ ဖြန့်ဝေရမည် ဖြစ်သည်။

အထူးသဖြင့် နိုင်ငံတကာနှင့်ပေါင်းစပ်ပြီး ဆောင်ရွက်နေရသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊ စက်ရုံများကို နိုင်ငံတိုးတက်ဖွံ့ဖြိုးရေးအတွက် အခြားနိုင်ငံများနှင့် ယှဉ်ပြိုင်ကာ ဖိတ်ခေါ်နေရသည့်ကာလတွင် နိုင်ငံ့ပုံရိပ်ထိခိုက်စေသည့် ပြည်တွင်းပဋိပက္ခများ၊ မတည်ငြိမ်မှုများ၊ အထွေထွေဆန္ဒပြမှုများ စသည်တို့ကို လျော့နည်းပပျောက်စေရန် နိုင်ငံသားတိုင်း ဝိုင်းဝန်းစောင့်ရှောက်ထိန်းသိမ်းရေးပင် ဖြစ်သည်။ ထို့အတူ ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်ကောင်း ပိုမိုပေါ်ပေါက်ရေးအတွက် မြေပြင်လက်တွေ့အခြေအနေများတွင်လည်း ပြည်သူများဝိုင်းဝန်းထိန်းသိမ်းပေးရမည် ဖြစ်သည်။ တစ်ဆက်တည်းမှာပင် နိုင်ငံသားတိုင်း အလေးထားရမည့်အချက်မှာ ယနေ့နည်းပညာခေတ်တွင် အသိပညာနှင့် အတတ်ပညာများ ပိုမိုပြည့်ဝလာစေရန် အစဉ်ကြိုးစားရေးပင် ဖြစ်သည်။

ယခုအခါ လူငယ်များအတွက် ပညာရေးစနစ်ကိုလည်း မူလတန်းပညာရေးမှ အဆင့်မြင့်ပညာရေးအထိ ပြုပြင်ပြောင်းလဲမှုများပြုလုပ်နေပြီး ယခင်အလွတ်ကျက်သည့်စနစ်မှ ကျိုးကြောင်းဆင်ခြင်သုံးသပ်သည့်စနစ် ဖြစ်ပေါ်လာရေး၊ လက်တွေ့စီးပွားရေးဘဝနှင့် ပိုမိုလိုက်လျောညီထွေရှိပြီး အသုံးချနိုင်ရေးအတွက် ပြောင်းလဲလာမှုကလည်း နိုင်ငံ့စီးပွားရေးကို ပို၍အထောက်အပံ့ပြုလာမည် ဖြစ်သည်။ ယခုအခါ အနယ်နယ်အရပ်ရပ် ကျေးလက်ဒေသများအထိ စာကြည့်တိုက်များ ပေါ်ထွက်လာပြီဖြစ်သလို ပြည်သူအများစု ကိုင်တွယ်သုံးစွဲနေသည့် “smart phone” များတွင်လည်း မိမိစိတ်ဝင်စားရာဘာသာရပ်များ၊ လုပ်ငန်းများ စသည်တို့ကိုလည်း အလွယ်တကူ ဝင်ရောက်လေ့လာနိုင်သည့်အတွက် အခွင့်အလမ်းများစွာရှိနေပြီ ဖြစ်သည်။ လက်တွေ့နှင့်ယှဉ်သည့် အသက်မွေးဝမ်းကျောင်း အတတ်ပညာများ သင်ကြားပေးသည့် သက်မွေးပညာသင်တန်းကျောင်းများ နယ်ပယ်တိုင်းတွင် ပေါ်ပေါက်နေပြီဖြစ်၍ လူတိုင်း မိမိဝါသနာနှင့် စိတ်ဝင်စားမှုရှိသည့် လုပ်ငန်းများကို စနစ်တကျလေ့လာခွင့်ရှိနေပြီ ဖြစ်သည်။

၂၁ ရာစုခေတ် နည်းပညာသစ်များသည် အချိန်နှင့်အမျှ ပြောင်းလဲတိုးတက်နေသည့်အတွက် လူတိုင်း၏ လေ့လာအားထုတ်မှုသည်လည်း အစဉ်မပြတ်ပြုလုပ်ပြီး နောက်ဆုံးဖြစ်ပေါ်နေသည့် ပြောင်းလဲမှုများ၊ သတင်းအချက်အလက်များရအောင်ယူ၍ ဆောင်ရွက်နိုင်သူများသာ တိုးတက်မှုကို ပိုမိုဖော်ဆောင်နိုင်မည် ဖြစ်သည်။ သို့ဖြစ်၍ နိုင်ငံသားတို့၏ အသိနှင့်အတတ်ပညာများ ပိုမိုကြွယ်ဝလာမှုမှတစ်ဆင့် စွမ်းဆောင်ရည်ပြည့်ဝသည့် နိုင်ငံသားအရေအတွက် ပိုမိုများလာလေလေ နိုင်ငံတိုးတက်လေပင် ဖြစ်သည်။

ကိုဗစ်-၁၉ နှင့် ကိုဗစ်အလွန်ကာလများတွင်လည်း ကူးစက်ရောဂါအလျှင်းပျောက်ရန် ကြာဦးမည်ဖြစ်၍ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ပြည်သူတိုင်း နေ့စဉ်နေထိုင်စားသောက်သွားလာလုပ်ကိုင်မှုများကိုလည်း ပုံစံအသစ် “new normal” ကို ဆက်လက်ကျင့်သုံးသွားရဦးမည် ဖြစ်သည်။ ယခုအခါ တစ်ကမ္ဘာလုံးတွင် နည်းပညာအသုံးပြု ဒစ်ဂျစ်တယ်စီးပွားရေး ပိုမိုဖော်ဆောင်နေကြပြီဖြစ်၍ ယနေ့ပြည်သူများအနေဖြင့်လည်း ICT အခြေခံနည်းပညာများကို သိရှိအသုံးပြုနိုင်ရန် ပို၍လေ့လာရမည်ဖြစ်သည်။ တစ်ဆက်တည်းမှာပင် ကိုဗစ်-၁၉ ကြောင့် အဘက်ဘက်မှ ဆိုးကျိုးများဖြစ်ပေါ်နေရသည့် ကာလဖြစ်သည့်အလျောက် နိုင်ငံသားတိုင်းအနေဖြင့် အခက်အခဲများနှင့် မည်မျှကြုံတွေ့နေစေကာမူ အသက်ဆုံးရှုံးမှုများသည့် ဆိုးရွားသည့်အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ကာ ယာယီအခက်အခဲဟု မှတ်ယူပြီး စိတ်ဓာတ်ခိုင်ခိုင်မာမာဖြင့် ကျော်လွှားနိုင်အောင် အားထုတ်ကြရမည်ဖြစ်သည်။

## စီးပွားရေးလုပ်ငန်းရှင်များ

ဈေးကွက်စီးပွားရေးစနစ်ဖြစ်၍ လက်တွေ့စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်နေသူများမှာ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များသာ အဓိကဖြစ်သည့်အတွက် ၎င်းတို့၏အခန်းကဏ္ဍလည်း ကြီးမားပါသည်။ စီးပွားရေးလုပ်ငန်းရှင်များဟုဆိုရာတွင် မိသားစုအခြေခံလုပ်ငန်းငယ်များမှစ၍ SMEs လုပ်ငန်းများ၊ လုပ်ငန်းကြီးများ၊ ကုမ္ပဏီများ စသည်တို့ အကျုံးဝင်ပါသည်။ ကိုဗစ်-၁၉ ကာလအတွင်း ကျဆင်းခဲ့သည့်စီးပွားရေးကို ပြန်လည်နာလန်ထူရေးအတွက် လုပ်ငန်းရှင်တိုင်း အထူးနိုးကြားကြိုးစားရမည့်အချိန် ဖြစ်သည်။ ကိုဗစ်-၁၉ အလျှင်းမပျောက်သေးသည့်အတွက် လုပ်ငန်းရှင်သန်ရပ်တည်နိုင်ရန် မဖြစ်မနေ ပြောင်းလဲလုပ်ဆောင်ရမည့် ပုံစံသစ် “new normal” ကို ဆက်လက်ကျင့်သုံးရမည်ဖြစ်ပြီး လုပ်ငန်းဖွဲ့စည်းမှု၊ လုပ်ဆောင်နေမှုများ၊ ဖြန့်ဖြူးရောင်းချမှုများအားလုံးကိုလည်း ပြန်လည်စိစစ်ဖွဲ့စည်းပြီး စရိတ်အနည်းဆုံးဖြစ်စေရေး၊ ဈေးကွက်ဝယ်လိုအားရှိသည့် ကုန်စည်များ ထုတ်လုပ်ရောင်းချနိုင်ရေး၊ ထုတ်လုပ်ရောင်းဝယ်ဖြန့်ဖြူးမှုများတွင် အွန်လိုင်းစနစ်ဖြင့် ပိုမိုလုပ်ဆောင်ရေး၊ နိုင်ငံတော်က ပံ့ပိုးပေးသည့် အကူအညီများနှင့် ဖော်ဆောင်နေသည့်လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရေး၊ ရှင်သန်တိုးတက်ရေးအတွက် လုပ်ငန်းတူချင်း ပေါင်းစပ်လုပ်ကိုင်ရေး၊ ကိုဗစ်-၁၉ ကြောင့် ပေါ်ပေါက်နေသည့် စီးပွားရေးအခွင့်အလမ်းများကို လက်တွေ့ဖော်ဆောင်နိုင်ရေး စသည်တို့အတွက် ယခုအခါ ဦးစားပေးလုပ်ဆောင်ရမည် ဖြစ်သည်။

တစ်ချိန်တည်းမှာပင် လုပ်ငန်းရှင်တိုင်း ထားရှိရမည့်ခံယူချက်မှာ စီးပွားရေးကျင့်ဝတ်ကို လိုက်နာကျင့်သုံးရမည့်အပြင် ကိုဗစ်-၁၉ ကာလဖြစ်၍ မိမိတတ်နိုင်သမျှ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင်လည်း ပူးပေါင်းပါဝင်ဆောင်ရွက်ရမည့်အချိန် ဖြစ်သည်။ ထို့ပြင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ လုပ်ဆောင်ရာတွင် စားသုံးသူများအတွက် ဘေးကင်းလုံခြုံစိတ်ချရမှုနှင့် အရည်အသွေး ကောင်းမွန်မှန်ကန်မှုတို့ကို အခြေပြုပြီး လုပ်ဆောင်နိုင်မှသာ နာမည်ကောင်းရပြီး ရေရှည်ကြီးပွားတိုးတက်နိုင်မည်ကို အထူးအလေးထားဆောင်ရွက်ရမည် ဖြစ်သည်။

**တစ်ချိန်တည်းမှာပင် လုပ်ငန်းရှင်တိုင်း ထားရှိရမည့်ခံယူချက်မှာ စီးပွားရေးကျင့်ဝတ်ကို လိုက်နာကျင့်သုံးရမည့်အပြင် ကိုဗစ်-၁၉ ကာလဖြစ်၍ မိမိတတ်နိုင်သမျှ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင်လည်း ပူးပေါင်းပါဝင် ဆောင်ရွက်ရမည့်အချိန် ဖြစ်သည်။ ထို့ပြင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ လုပ်ဆောင်ရာတွင် စားသုံးသူများအတွက် ဘေးကင်းလုံခြုံစိတ်ချရမှုနှင့် အရည်အသွေး ကောင်းမွန်မှန်ကန်မှုတို့ကို အခြေပြုပြီး လုပ်ဆောင်နိုင်မှသာ နာမည်ကောင်းရပြီး ရေရှည်ကြီးပွားတိုးတက်နိုင်မည်ကို အထူးအလေးထား ဆောင်ရွက်ရမည်ဖြစ်**

## ဝန်ထမ်းများ၊ လုပ်သားများနှင့် အလုပ်ရှာနေသည့် လူငယ်များ

ကိုဗစ်-၁၉ အလွန် စီးပွားရေးအကျပ်အတည်းမှ အမြန်ရုန်းထွက်နိုင်ရေးတွင် ဝန်ထမ်းများ၊ လုပ်သားများနှင့် အလုပ်လုပ်တော့မည့် လူငယ်လူရွယ်များ၏ ပူးပေါင်းပါဝင်ကြိုးစားအားထုတ်မှုမှာလည်း အရေးပါပါသည်။ အထူးသဖြင့် စီးပွားရေးကျဆင်းနေသည့်အချိန်ဖြစ်၍လည်း အလုပ်ရှင်များ၏ စီးပွားရေးအခက်အခဲများကို နားလည်သဘောပေါက်ပြီး အတူတကွ မျှဝေခံစားအထူးကြိုးစားရမည့်အချိန် ဖြစ်သည်။ လုပ်ငန်းများ အမြန်နာလန်ထူရေးတွင် ဝန်ထမ်းများ၊ လုပ်သားများအနေဖြင့် လုပ်ငန်းတိုးတက်ရေးကို အထူးအလေးထားရမည်ဖြစ်ပြီး လုပ်ငန်းလည်ပတ်မှုကို ထိခိုက်စေမည့် မည်သည့်လုပ်ဆောင်မှုမျိုးကိုမဆို ရှောင်ကြဉ်ရမည်ဖြစ်သည်။ အလုပ်ရှင်နှင့် အလုပ်သမား၊ ကုမ္ပဏီပိုင်ရှင်နှင့် ဝန်ထမ်း စသည်တို့သည် “ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ” ဆိုသည့်အတိုင်း အပြန်အလှန်အမှီသဟဲပြုနေကြရသည့်အပြင် “ရေမြင့်မှ ကြာတင့်မည်” ဟူသောစကားနှင့်အညီ လုပ်ငန်းတိုးတက်ကြီးပွားမှသာ ဝန်ထမ်းနှင့် လုပ်သားတို့၏ဘဝမြင့်လာမည်ကို နားလည်လက်ခံထားရမည် ဖြစ်သည်။

ဈေးကွက်ရရှိရန် ယှဉ်ပြိုင်မှုကြီးမားသည့်အတွက် ထုတ်ကုန်နှင့် ဝန်ဆောင်မှုအရည်အသွေးမြင့်မားမှုနှင့် မှန်ကန်မှုတို့ကိုဖြစ်ပေါ်စေရန် အရင်းခံလိုအပ်ချက်မှာ ဝန်ထမ်းများ၊ လုပ်သားများ၏ လုပ်ငန်းကျွမ်းကျင်မှုနှင့် စွမ်းဆောင်ရည်မြင့်တက်မှသာ ရရှိနိုင်မည်ဖြစ်သည်။ ထို့အတူ ဝန်ထမ်းနှင့် လုပ်သားများအနေဖြင့် စွဲမှတ်ထားရမည့်အချက်မှာ လုပ်ခလစာသည် မိမိ၏လုပ်သက်၊ ကျွမ်းကျင်မှု၊ စွမ်းဆောင်ရည်အပေါ် အဓိကမူတည်သည့်အတွက် စွမ်းဆောင်ရည်မြင့်တက်စေရန် အစဉ်ကြိုးစားရမည် ဖြစ်သည်။

ကိုဗစ်အလွန်ကာလများတွင် နည်းပညာအခြေပြု digital economy ကို နေရာတိုင်းတွင် ပိုမိုအသုံးပြုနေပြီဖြစ်၍လည်း ဝန်ထမ်းတိုင်း အသုံးပြုနိုင်ရေးအတွက် မဖြစ်မနေလေ့လာသင်ကြားရမည်ဖြစ်သည်။ တစ်ဆက်တည်းမှာပင် အလုပ်ရှာနေသည့်ဘွဲ့ရများနှင့် အခြားလူငယ်များ၊ ကိုယ်ပိုင်လုပ်ငန်းများ လုပ်ကိုင်လိုသည့် လူငယ်များအနေဖြင့်လည်း မိမိဝါသနာပါသည့် လုပ်ငန်း (သို့မဟုတ်) အလုပ်အကိုင်များအတွက် လိုအပ်သည့် အရည်အချင်းများပြည့်ဝလာစေရန် လေ့ကျင့်သင်ကြားလေ့လာရမည့်အချိန် ဖြစ်သည်။ သက်ဆိုင်သည့်သက်မွေးပညာကျောင်းများတွင် တက်ရောက်လေ့လာခြင်း၊ အင်တာနက်မှတစ်ဆင့် လုပ်ငန်းအကြောင်းလေ့လာခြင်း၊ လက်ရှိလုပ်ငန်းများအခြေအနေ၊ အောင်မြင်နေသည့် လုပ်ငန်းများ၊ ဘာကြောင့်အောင်မြင်ရသည့် မိမိထုတ်ကုန် (သို့မဟုတ်) ဝန်ဆောင်မှုလုပ်ငန်းများကို တန်ဖိုးမြင့်တက်လာစေရန် လုပ်ဆောင်ရမည့်အချက်များ စသည်တို့ကို လုပ်ငန်းမစတင်မီ အသေးစိတ်လေ့လာဆည်းပူးရမည် ဖြစ်သည်။ မည်သည့်လုပ်ငန်းကို လုပ်ကိုင်သည်ဖြစ်စေ အရည်အသွေးမှန်ကန်ကောင်းမွန်မှုကို အဓိက ဦးတည်ရမည်ဖြစ်ပြီး မိမိနေထိုင်ရာဒေသအတွင်း ဈေးကွက်၊ မြို့တွင်းဈေးကွက်၊ ပြည်တွင်းဈေးကွက်၊ ပြည်ပဈေးကွက်များအထိ ထိုးဖောက်နိုင်အောင် မျှော်မှန်းကြိုးစားရမည် ဖြစ်သည်။

ထို့အတူ ဝန်ထမ်း (သို့မဟုတ်) လုပ်သားအနေဖြင့် ဝင်ရောက်သူများအနေဖြင့်လည်း အလုပ်မဝင်ခင် အလုပ်နှင့် သက်ဆိုင်သည့် ကျွမ်းကျင်မှုဆိုင်ရာသင်တန်းများ တက်ရောက်ခြင်း၊ မိမိအရည်အသွေးမြင့်တက်စေရန် လေ့ကျင့်ပျိုးထောင်ခြင်းစသည်တို့ကို ကြိုတင်ဖြည့်စွမ်းထားရမည်ဖြစ်သည်။ လူငယ်တိုင်းနားလည်သဘောပေါက်လက်ခံထားရမည့်အချက်မှာ ယနေ့ခေတ် လုပ်ခလစာဝင်ငွေတို့ကို ဆုံးဖြတ်ပေးသည်မှာ မိမိ၏စွမ်းဆောင်ရည်သာ အဓိကဖြစ်သည်ဆိုသည့်အချက်ပင် ဖြစ်သည်။ အောင်မြင်ခြင်းတရား အခြေခံလေးချက် ဖြစ်သည့် “ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ပညာ” ကို လက်ကိုင်ထားလျက် တစ်ရက်ထက်တစ်ရက် မိမိစွမ်းဆောင်ရည် တိုးလာအောင်ကြိုးစားရမည် ဖြစ်သည်။ ထို့အတူ လောကတွင် တန်ဖိုးအရှိဆုံးမှာ အချိန်ဖြစ်၍ အကျိုးမရှိသည့်ကိစ္စရပ်များတွင် အချိန်ကုန်မခံဘဲ အကျိုးရှိသည့်ကိစ္စများအတွက် အသုံးချနိုင်ရေးကို စီမံရမည်ဖြစ်သည်။

## ခိုင်မာသည့် သန္နိဋ္ဌာန်

အချုပ်ဆိုရသော် ကမ္ဘာကြီးတစ်ခုလုံး မကြုံစဖူး ကိုဗစ်-၁၉ ကူးစက်ရောဂါကပ် ကျရောက်မှုကြောင့် မြန်မာအပါအဝင် နိုင်ငံများအားလုံး အကျပ်အတည်း အခက်အခဲများ ကြုံတွေ့နေရသော်လည်း စီးပွားရေးအကျပ်အတည်းများမှ အမြန်ရုန်းထနိုင်ရေးမှာ အထူးအရေးကြီးနေပြီဖြစ်သည့်အတွက် တစ်ဦးချင်းမှစ၍ ပြည်သူအားလုံးအနေဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အစွမ်းကုန်ကြိုးစားအားထုတ်မည်ဟု သန္နိဋ္ဌာန်ချမှတ်ပြီး လုပ်ဆောင်မည်ဆိုလျှင် နိုင်ငံ့စီးပွားရေး အမြန်ပြန်လည်နိုးထလာမည်ဖြစ်ပါကြောင်း နှိုးဆော်တိုက်တွန်းလိုက်ရပါသည်။ ။

# တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့၏ အဌမအကြိမ်အစည်းအဝေး ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၁**

တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့၏ အဌမအကြိမ်အစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ၌ အွန်လိုင်းစနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေး၌ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့က ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး အဖွဲ့၏လုပ်ငန်းတာဝန်များကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ခွဲများကို တိုးချဲ့ဖွဲ့စည်းခဲ့ပါကြောင်း၊ ထို့ပြင် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် လိုအပ်သော အကြံဉာဏ်များ ရယူနိုင်ရေးအတွက် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများပါဝင်သည့် အကြံပေးအဖွဲ့ကိုလည်း ဖွဲ့စည်းခဲ့ပါကြောင်း၊ အဖွဲ့၏မဟာဗျူဟာစီမံကိန်း ရေးဆွဲချမှတ်နိုင်ရန် “တရားဥပဒေစိုးမိုးရေးအတွက် တရားမျှတမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးညီလာခံ” ကို ၂၀၁၈ ခုနှစ်၊ မတ်လ ၇ ရက်နေ့နှင့် ၈ ရက်နေ့တို့တွင် ကျင်းပခဲ့ပါကြောင်း၊ ယင်းညီလာခံ ပါဝင်တက်ရောက်သူများ၏ အကြံပြုချက်များနှင့်အညီ “ ပြည်သူ့အတွက် တရားမျှတမှု” (၂၀၁၉–၂၀၂၃)မဟာဗျူဟာစီမံကိန်းကိုရေးဆွဲခဲ့ပြီး ပြည်ထောင်စုအစိုးရအဖွဲ့က အတည်ပြုပေးခဲ့ပါကြောင်း၊ ယင်းမဟာဗျူဟာစီမံကိန်းတွင် တရားမျှတမှုကဏ္ဍ ပေါင်းစပ်ညှိနှိုင်းမှု၊ အများပြည်သူယုံကြည်မှု၊ တရားမျှတမှုဆိုင်ရာ အသိပညာပေးခြင်း၊ တရားမျှတမှုကဏ္ဍ အစီအမံများ တိုးတက်စေရန် ဆောင်ရွက်ခြင်း စသည့် ပန်းတိုင် လေးရပ် ချမှတ်ခဲ့ပါကြောင်း၊ စီမံကိန်းပါ လုပ်ငန်းစဉ်များဖြစ်သည့် အဖွဲ့၏လုပ်ငန်းဆောင်ရွက်ချက်ဆိုင်ရာ စံလုပ်ထုံးလုပ်နည်းများကို ထုတ်ဝေခြင်း၊ အဖွဲ့နှင့် အဖွဲ့ခွဲများ၏ ပုံမှန်အစည်းအဝေးများကို ကျင်းပခြင်း၊ နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများနှင့် အဖွဲ့ခွဲများပူးပေါင်းပြီး လူထုတွေ့ဆုံဆွေးနွေးပွဲများနှင့် အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း စသည်တို့ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။



စီမံကိန်းပါကျန်ရှိသည့် လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ယင်းစံ လုပ်ထုံးလုပ်နည်းများတွင် တိုင်ကြားစာများ လက်ခံဆောင်ရွက်ခြင်း၊ အခင်းဖြစ်ပွားရာဒေသသို့ ကွင်းဆင်းလေ့လာစိစစ်ခြင်း၊ ပေါင်းစပ်ဆောင်ရွက်ခြင်း၊ အသိပညာပေးရေး ဆောင်ရွက်ခြင်း၊ အစည်းအဝေးကျင်းပခြင်းဆိုင်ရာ ကိစ္စရပ်များကို ထည့်သွင်းရေးဆွဲခဲ့ပါကြောင်း၊ သို့ပါ၍ အဖွဲ့ခွဲများအနေဖြင့် စံလုပ်ထုံးလုပ်နည်းများနှင့်အညီ မှန်မှန်ကန်ကန် ပေါင်းစပ်ညှိနှိုင်းပေးနိုင်ပါက အများပြည်သူအတွက် တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှု လက်လှမ်းမီရေးကို ရရှိမည်ဟု ယုံကြည်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ခွဲများအား ပြည်ထောင်စုအစိုးရအဖွဲ့က ဖွဲ့စည်းခွင့်ပြုထားသည်နှင့်အညီ အဖွဲ့ဝင်အားလုံး ပူးပေါင်းဆောင်ရွက်စေလိုပါကြောင်းနှင့် အလားတူ အစိုးရဌာနအဖွဲ့အစည်းများကလည်း ပူးပေါင်းဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း ပြောကြားသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ခွဲများမှ ၎င်းတို့ ဆောင်ရွက်လျက်ရှိသည့် အသိပညာပေးလုပ်ငန်းများ၊ တိုင်ကြားစာများအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးမှုများကို ဆွေးနွေးတင်ပြသည်။

အစည်းအဝေးကို ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ခွဲများ၏ အဖွဲ့ခေါင်းဆောင်များ၊ အဖွဲ့ဝင်များ ပါဝင်တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# COVID–19 ကာကွယ်ဆေးဝယ်ယူရရှိရေး ရန်ပုံငွေ (COVID–19 Vaccination Fund) သို့ လှူဒါန်းနိုင်သည့် နည်းလမ်းများနှင့်ပတ်သက်၍ အသိပေးကြေညာချက်

၁။ COVID–19 ကာကွယ်ဆေး ဝယ်ယူရေးအတွက် ပါဝင်လှူဒါန်းလိုကြသော ပြည်သူများအနေဖြင့် မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်ရှိ COVID–19 ကာကွယ်ဆေး ဝယ်ယူရရှိရေး ရန်ပုံငွေ မြန်မာကျပ်ငွေစာရင်းအမှတ် (OA 013733) သို့ အောက်ပါနည်းလမ်းများဖြင့် ထည့်ဝင်လှူဒါန်းနိုင်ပါသည်–

(က) မြန်မာ့စီးပွားရေးဘဏ် နေပြည်တော်ဘဏ်ခွဲနှင့် နိုင်ငံပိုင်ဘဏ်များ၏ ဘဏ်ခွဲအားလုံး၊ ပုဂ္ဂလိကဘဏ်များ၏ ဘဏ်ခွဲအားလုံးတို့တွင် ငွေသားဖြင့် တိုက်ရိုက်လှူဒါန်းနိုင်ပါသည်။

(ခ) နိုင်ငံပိုင်ဘဏ်ခွဲများတွင် ဖွင့်လှစ်ထားသော ကျပ်ငွေစာရင်းများနှင့် ပုဂ္ဂလိကဘဏ်ခွဲများတွင် ဖွင့်လှစ်ထားသော စာရင်းများမှ စာရင်းပြောင်းနည်းလမ်း (Account Transfer) ဖြင့် လှူဒါန်းနိုင်ပါသည်။

(ဂ) Mobile Banking / Mobile Wallet မှ လှူဒါန်းလိုပါက သက်ဆိုင်ရာ Service Provider / ပုဂ္ဂလိကဘဏ်များ၏ Mobile App များမှတစ်ဆင့် လှူဒါန်းနိုင်ပါသည်။

(ဃ) MPU Card (ATM Card) များမှ လှူဒါန်းလိုပါက MPU မှတစ်ဆင့် လှူဒါန်းနိုင်ပါသည်။

(င) စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ Website မှတစ်ဆင့် MPU Debit/Credit ကတ်များဖြင့်ဖြစ်စေ၊ ပြည်တွင်း/ပြည်ပ Visa/Master Credit ကတ်များဖြင့်ဖြစ်စေ၊ ချိတ်ဆက်ထားသော Over–the–Counter ဆိုင်များ၌ ငွေသားပေးသွင်းခြင်းဖြင့်ဖြစ်စေ အလှူငွေများကို လွယ်ကူလုံခြုံစွာ ပေးအပ်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိရာ ထပ်မံအသိပေးကြေညာမည်ဖြစ်ပါသည်။

၂။ မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်ရှိ COVID–19 ကာကွယ်ဆေး ဝယ်ယူရရှိရေးရန်ပုံငွေ နိုင်ငံခြားငွေစာရင်းအမှတ် (EDC 600012) သို့ အောက်ပါနည်းလမ်းများဖြင့် နိုင်ငံခြားငွေများကို ထည့်ဝင်လှူဒါန်းနိုင်ပါသည်–

(က) မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော် နိုင်ငံခြားငွေလုပ်ငန်းနှင့် နိုင်ငံခြားငွေ လုပ်ငန်းလုပ်ကိုင်ခွင့် AD လိုင်စင်ရ မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲများမှတစ်ဆင့် မည်သည့်နိုင်ငံခြားငွေအမျိုးအစားကိုမဆို ငွေသားဖြင့် တိုက်ရိုက်လှူဒါန်းနိုင်ပါသည်။

(ခ) မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲများတွင် ဖွင့်လှစ်ထားသော နိုင်ငံခြားငွေ စာရင်းများမှတစ်ဆင့် စာရင်းပြောင်းနည်းလမ်း (Account Transfer) ဖြင့် လှူဒါန်းနိုင်ပါသည်။

(ဂ) မြန်မာ့စီးပွားရေးဘဏ်၏ SWIFT Code – MYEBMMMY ကို အသုံးပြု၍ Donation to COVID–19 Vaccination Fund (Account EDC 600012) Myanma Economic Bank ဟု ဖော်ပြ၍ ပုဂ္ဂလိကဘဏ်များနှင့် နိုင်ငံခြားဘဏ်များမှတစ်ဆင့် လှူဒါန်းနိုင်ပါသည်။

(ဃ) ပြည်ပဘဏ်များမှတစ်ဆင့် ငွေလွှဲသည့်အခါ အထက်ဖော်ပြပါ SWIFT Code နှင့် Donation to COVID–19 Vaccination Fund (Account EDC 600012) Myanma Economic Bank ကို ဖော်ပြ၍ ငွေလွှဲနိုင်ပြီး ငွေလွှဲပို့သည့် ပြည်ပဘဏ်နှင့် မြန်မာ့စီးပွားရေးဘဏ်တို့အကြား တိုက်ရိုက်ဆက်သွယ်မှုမရှိပါက အောက်ပါ မြန်မာ့စီးပွားရေးဘဏ်၏ ပြည်ပအဆက်အသွယ်ဘဏ်များမှတစ်ဆင့် ဘဏ်အချင်းချင်း ချိတ်ဆက်ငွေလွှဲပို့နိုင်ပါသည်–

| | |
|---|---|
| UOB Bank (Singapore) | OCBC Bank (Singapore) |
| DBS Bank (Singapore) | May Bank (Singapore/ Kuala Lumpur) |
| Sumitomo Mitsui Banking Corp (Tokyo) | Bank of Tokyo Mitsubishi UFJ (Tokyo) |
| Mizuho Bank (Tokyo) | Bangkok Bank (Bangkok) |
| Siam Commercial Bank (Bangkok) | Krung Thai Bank (Bangkok) |
| Thanachart Bank (Bangkok) | ICBC Bank (China) |
| OCBC Wing Hang Bank (Shanghai) | China Construction Bank (China) |
| Sonali Bank (Bangladesh) | AB Bank (Bangladesh) |

၃။ အလှူရှင်စာရင်းကို မှတ်တမ်းတင်ထားရှိနိုင်ရန်အတွက် လှူဒါန်းသူများအနေဖြင့် အလှူရှင်အမည်၊ ဖုန်းနံပါတ်၊ နေရပ်လိပ်စာတို့ကို ပြည့်စုံစွာဖော်ပြပေးပါရန်နှင့် အလှူငွေများ ထည့်သွင်းပြီးပါက e–mail – treasuryo5@365 mopfi.gov.mm, treasury10@365 mopfi.gov.mm (သို့မဟုတ်) Viber – 09–251182042, 09–420788851 တစ်ခုခုသို့ အလှူငွေ ပေးသွင်းထားသည့် အထောက်အထားများကို ပေးပို့စေလိုပါသည်။

၄။ နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့များတွင် လူကိုယ်တိုင် လာရောက်လှူဒါန်းခြင်းနှင့် ပြည်တွင်းမှ Virtual အစီအစဉ်တို့ဖြင့် လှူဒါန်းလိုသူများသည် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်–

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| – ဒေါ်စီစီပြုံး<br>ညွှန်ကြားရေးမှူးချုပ်၊<br>ငွေတိုက်ဦးစီးဌာန<br>၀၆၇–၃၄၁၀၁၅၆<br>၀၉–၄၅၀၄၅၅၂၃၇<br>– ဒေါ်ရီရီခိုင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ငွေတိုက်ဦးစီးဌာန<br>၀၆၇–၃၄၁၀၁၅၈<br>၀၉–၂၅၄၅၅၈၄၂၄ | – ဦးမင်းသူ<br>ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်<br>၀၁–၈၃၉၁၃၄၂<br>၀၁–၈၃၉၁၀၇၂ | – ဦးထွန်းထွန်းအောင်<br>ညွှန်ကြားရေးမှူး<br>ပြည်တွင်းအခွန်များဦးစီးဌာန<br>၀၂–၄၀၃၅၉၁၆ |

၅။ COVID–19 ကာကွယ်ဆေး ဝယ်ယူရရှိရေးရန်ပုံငွေ (COVID–19 Vaccination Fund) သို့ ထည့်ဝင်လှူဒါန်းကြသည့် အလှူငွေများသည် ဝင်ငွေခွန်ဥပဒေနှင့်အညီ အခွန်ဆိုင်ရာ သက်သာခွင့်များ ခံစားခွင့်ရရှိပါသည်။

**စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန**

# အုတ်ဖိုငါးသားဖောက်စခန်းနှင့် မင်းလှမြို့နယ် ငါးလုပ်ငန်းဦးစီးရုံးအား ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၁၁**

ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးထွန်းဝင်းမြင့်သည် ယမန်နေ့ နံနက်ပိုင်းက သာယာဝတီခရိုင် အုတ်ဖိုမြို့နယ်ရှိ အုတ်ဖိုငါးသားပေါက်စခန်းရုံးအတွင်း ဆေးသုတ်ခြင်းနှင့် ပြင်ဆင်ထားရှိမှု၊ ရုံးအင်္ဂါရပ်နှင့် ညီညွတ်စေရန် ဆောင်ရွက်ထားမှုအခြေအနေများအား လှည့်လည်ကြည့်ရှုသည်။

ထို့နောက် တိုင်းဒေသကြီးဦးစီးဌာနမှူးသည် မင်းလှမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနရုံးသို့ရောက်ရှိပြီး မြို့နယ်ဦးစီးမှူး၊ ရုံးဝန်ထမ်းများနှင့်တွေ့ဆုံ၍ နိုင်ငံတော်က ထောက်ပံ့ပေးအပ်ခဲ့သော CERP ဖြင့် ဖြန့်ဖြူးပေးခဲ့သော ငါးသားပေါက်များ၏ ရှင်သန်မှု၊ ကြီးထွားမှု၊ အကျိုးဖြစ်ထွန်းမှုအခြေအနေများအား စစ်တမ်းကောက်ယူနေမှု အခြေအနေ၊ GAqP နည်းစနစ်အား ငါးမွေးတောင်သူများအနေဖြင့် ကျယ်ကျယ်ပြန့်ပြန့်သိရှိစေပြီး လိုက်နာဆောင်ရွက်နိုင်ရန် ကြပ်မတ်ဆောင်ရွက်စေရေး စသည့် လုပ်ငန်းများအတွက် ဆက်စပ်ဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဒက္ခိဏခရိုင်အတွင်း ငါးလုပ်ငန်းများ စစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၁၁**

နေပြည်တော်တိုင်း ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်ညိုညိုအေးနှင့်အဖွဲ့သည် ဇန်နဝါရီ ၁၀ ရက် နံနက်ပိုင်းက ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ် နှမ်းတောကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ငါးကဏ္ဍ) အရင်းမပျောက် မတည်လည်ပတ်ရန်ပုံငွေဖြင့် မွေးမြူထားသည့် တစ်ပိုင်တစ်နိုင် ငါးမွေးမြူရေးကန်နှင့် ဝက်မွေးမြူရေးခြံများသို့ သွားရောက်ကွင်းဆင်းစစ်ဆေးပြီး လက်ရှိ ငါးမွေးမြူရေးလုပ်ငန်းနှင့် ဝက်မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်တွေ့ကြုံရသည့် လုပ်ငန်းအခြေအနေများကို မေးမြန်းဆွေးနွေးခဲ့ကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်သမ္မတရုံး**

**သတင်းထုတ်ပြန်ချက်အမှတ်၊ ၁ / ၂၀၂၂**

၁၃၈၃ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက်

(၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်)

## “တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း”

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **“မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန”** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **“မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန”**သို့ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ မိုင်းနောင်ကျေးရွာနေ ရှမ်းကြီးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁-၁-၂၀၂၂ ရက်နေ့တွင် မိုးညှင်းမြို့နယ်၊ မိုင်းနောင်ကျေးရွာနေ ရှမ်းကြီး (ခ)စိုင်းခမ်းလောင်(၄၅)နှစ်၊ (ဘ) ဦးအောင်တင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(လုံးတုံ) မယ (ပ) ၁/၂၀၂၂၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၂ | ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ ဘုံချောင်းကျေးရွာနေ အောင်ထွန်းနိုင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၄-၁-၂၀၂၂ ရက်နေ့တွင် မိုးညှင်းမြို့နယ်၊ ဘုံချောင်းကျေးရွာလမ်းမပေါ်၌ မြို့ဟောင်းကျေးရွာနေ အောင်ချင်းလွင် (ခ)ချင်းပေါ်(၄၄)နှစ်၊(ဘ)ဦးဘရွှေမောင်းနှင်ပြီး ဘုံချောင်းကျေးရွာနေ အောင်ထွန်းနိုင် (၃၇)နှစ်၊ (ဘ) ဦးအိုက်ဆယ်တို့(၂)ဦး စီးနင်းလာသည့်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(နန်းမား) မယ(ပ)၁/၂၀၂၂၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၃ | ကချင်ပြည်နယ်၊ ဗန်းမော်မြို့နယ်၊ ငှက်ပျောတောကျေးရွာနေ အုန်းမြိုင်သည် မူးယစ်ဆေးဝါးလုပ်ငန်းများ လုပ်ကိုင်နေကြောင်း သတင်းပေးပို့ခြင်း။ | ၅-၁-၂၀၂၂ ရက်နေ့တွင် ဗန်းမော်မြို့နယ်၊ ငှက်ပျောတော- သဖန်းပင်ကျေးရွာသွားလမ်းမပေါ်၌ ငှက်ပျောတောကျေးရွာနေ အုန်းမြိုင်(၅၃)နှစ်၊ (ဘ)ဦးနက်အား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ဗန်းမော်) မယ(ပ)၂/၂၀၂၂၊မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၄ | ကရင်ပြည်နယ်၊ မြဝတီမြို့၊ အမှတ်(၄) ရပ်ကွက်အတွင်း မူးယစ်ဆေးဝါး ရောင်းချသူများဖြင့် စည်ကားလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ၁-၁-၂၀၂၂ ရက်နေ့တွင် မြဝတီမြို့၊ အမှတ်(၄)ရပ်ကွက်၊ မဟာစည်ဘုန်းကြီးကျောင်းလမ်းမပေါ်၌ ၎င်းရပ်ကွက်နေ ခန့်ခိုင်ဝင်းထွဋ်(ခ)ကိုထွဋ်(၂၀)နှစ်၊ (ဘ)ဦးမောင်သောင်းနှင့် အမှတ်(၃)ရပ်ကွက်နေ ဇာပန်း(ခ) ကိုဖြိုး(၂၈)နှစ်၊ (ဘ) ဦးကျော်စိုးတို့(၂)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူဖမ်းဆီးရမိသဖြင့် မမစ (မြဝတီ) မယ(ပ) ၁/၂၀၂၂၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့၊ ကျွန်းရွှေဝါရပ်ကွက်နေ ထွဋ်ခေါင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၉-၁၂-၂၀၂၀ ရက်နေ့တွင် ဖောင်းပြင်မြို့၊ ကျွန်းရွှေဝါရပ်ကွက်နေ ထွဋ်ခေါင်(၃၈)နှစ်၊ (ဘ)ဦးကံထွန်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဖောင်းပြင်)မယ(ပ) ၂၁၀/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်၊ ဟဲဖက်ကျေးရွာနေ လှအောင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၉-၁၂-၂၀၂၀ ရက်နေ့တွင် ဟုမ္မလင်းမြို့နယ်၊ ဟဲဖက်ကျေးရွာနေ လှအောင်(၄၀)နှစ်၊ (ဘ)ဦးလှဖေ၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(မိုင်းကိုင်း)မယ(ပ)၇၇/၂၀၂၀၊ မူး/ စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၇ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့နယ်၊ ထိန်တောကျေးရွာနေ မောင်ချိုသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၈-၁-၂၀၂၂ ရက်နေ့တွင် ကျွန်းလှမြို့နယ်၊ ထိန်တောကျေးရွာနှင့်စပါးတဲကျေးရွာသွားလမ်းမပေါ်၌ ထိန်တောကျေးရွာနေ မောင်ချို(ခ) ချိုလေး (၅၈)နှစ်၊ (ဘ) ဦးကျော်သောင်းအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (သဖန်းဆိပ်) မယ(ပ) ၁/၂၀၂၂၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၀(က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၈ | တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့၊ အောင်သုခရပ်ကွက်အတွင်း မူးယစ်ဆေးဝါး သုံးစွဲ/ဖြန့်ဖြူးသူ ပေါများလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု (၂၆)မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံ ကျား (၂၆)ဦး၊ မ(၄)ဦး၊ ပေါင်း(၃၀)ဦးတို့အား စိတ်ကြွဆေးပြားများ၊ စိတ်ကြွဆေးပြားအကြေမှုန့်များ၊ ICE များ၊ ဘိန်းစာမှုန့်များနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီးဖြစ်ပါသည်။<br>၃-၁-၂၀၂၂ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိအမှုများမှ ကွင်းဆက်သတင်းအရ ကော့သောင်းမြို့၊ အောင်သုခရပ်ကွက်နေ အောင်မင်းထွေး(ခ) အလူး(၂၀)နှစ်၊ (ဘ) ဦးထွန်းတင်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ပိတောက်ရွှေဝါရပ်ကွက်နေ သူရအောင်(ခ)ကရင် (၁၉) နှစ်၊ (ဘ)ဦးအောင်စိုးတို့(၂)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းစာမှုန့်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကော့သောင်း)မယ(ပ) ၃/ ၂၀၂၂၊ မူး/စိတ် ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့် အမှုဖွင့်အရေးယူထား ရှိပါသည်။ |
| ၉ | မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ သပြေပင်ကျေးရွာတွင် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၅)မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံ ကျား(၄)ဦး၊ မ(၁)ဦး၊ ပေါင်း(၅)ဦးတို့အား ဘိန်းများ၊ အဆင့်နိမ့်ဘိန်းများ၊ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိ၍ ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။<br>၂၉-၁၂-၂၀၂၀ ရက်နေ့တွင် ရမည်းသင်းမြို့နယ်၊ သပြေပင်ကျေးရွာနေ မြင့်သိန်း(၅၁)နှစ်၊ (ဘ) ဦးကျော်သန်း၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ တစ်ရွာတည်းနေ ချစ်ဖြိုးဝေ(၂၄)နှစ်၊ (ဘ)ဦးသိန်းဇော်နှင့် မစံပယ်(၄၀)နှစ်၊ (ဘ)ဦးတင်ရှိန်တို့(၃)ဦးအား 88/1 စာတန်းပါစိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ရမည်းသင်း) မယ (ပ)၄၀/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၀ | မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်အတွင်း မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၈-၁-၂၀၂၂ ရက်နေ့တွင် ပြည်ကြီးတံခွန်မြို့နယ်၊ (စ) ရပ်ကွက်၊ မင်းကြီးရန်နောင်လမ်းနှင့် (၅၂/စီ)လမ်းထောင့်၌ ပုသိမ်ကြီးမြို့နယ်၊ သဲကုန်းကျေးရွာနေ ဇော်ထက်ဝေ (၂၀)နှစ်၊ (ဘ) ဦးစန်းဝေနှင့် အစ်ကိုဖြစ်သူ ဇော်ဝင်းနိုင် (၃၈)နှစ်တို့(၂)ဦးအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ပြည်ကြီးတံခွန်)မယ(ပ)၇/၂၀၂၂၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့်အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၁ | မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ အဘစ်-ခလယ်တံခွန်တိုင်ကျေးရွာသွားလမ်းပေါ်၌ မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချသူ ပေါများလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၂၉)မှုဖော်ထုတ်နိုင်ခဲ့ပြီး တရားခံကျား(၅၀)ဦးတို့အား ဘိန်းစာရွက်များ၊ စိတ်ကြွဆေးပြားများနှင့်အတူဖမ်းဆီးရမိ၍ ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီးဖြစ်ပါသည်။<br>၂၇-၁၂-၂၀၂၀ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိအမှုများမှ ကွင်းဆက်သတင်းအရ မုဒုံမြို့နယ်၊ အဘစ်ကျေးရွာအနီး အဘစ်-ခလယ်တံခွန်တိုင်သွားကားလမ်းမပေါ်၌ မော်လမြိုင်မြို့၊ သီရိမြိုင်ရပ်ကွက်နေ သူရိန်ဝင်း(၂၅) နှစ်၊ (ဘ) ဦးရွှေရမောင်းနှင်ပြီး သီရိမင်္ဂလာရပ်ကွက်နေ ဟိန်းမင်းစိုး (၂၁)နှစ်၊ (ဘ)ဦးစောအောင်တို့(၂)ဦး စီးနင်းလာသည့်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (ကမာဝက်) မယ(ပ)၆၀/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၂ | မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ရွှေမြိုင်သီရိ ရပ်ကွက်အပိုင်နယ်မြေများအတွင်း မူးယစ်ဆေးဝါး သုံးစွဲ/ရောင်းချသူအများအပြားရှိကြောင်း သတင်းပေးပို့ခြင်း။ | ၂၈-၁၂-၂၀၂၀ ရက်နေ့တွင် မော်လမြိုင်မြို့၊ ရွှေမြိုင်သီရိရပ်ကွက်၊ သရက်ချောင်းလမ်းမပေါ်၌ ဒိုင်းဝန်ကွင်းရပ်ကွက်နေ ပိုင်ဉာဏ်(ခ)ပိုင်ပိုင်(၂၆) နှစ်၊ (ဘ) ဦးထွန်းလှိုင်အား WY စာတန်းပါစိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ဒိုင်းဝန်ကွင်း) မယ(ပ)၃၄/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့်လည်းကောင်း၊ အလားတူ ၄-၁-၂၀၂၂ ရက်နေ့တွင် ၎င်းရပ်ကွက်၊ ဓမ္မစာရီလမ်းမပေါ်၌ လှိုင်ရပ်ကွက်နေ စောပြည့်စုံအောင်(ခ) ကာဘွန်(၂၁)နှစ်၊ (ဘ)ဦးအောင်ကျော်သူ မောင်းနှင်လာသည့်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ဇေယျာသီရိ) မယ(ပ)၂/၂၀၂၂၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့်လည်းကောင်း အသီးသီးအမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဇ)ရပ်ကွက်နေ ဝါဆိုသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၉-၁၂-၂၀၂၀ ရက်နေ့တွင် မြောက်ဥက္ကလာပမြို့နယ်၊ (ဇ)ရပ်ကွက်နေ ဇော်မျိုးထွန်း(ခ)ဝါဆို(၂၁)နှစ်၊ (ဘ) ဦးမြဝင်းသန်း၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မြောက်ဥက္ကလာပ) မယ(ပ)၉၇/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၄ | ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ်(၅၁) ရပ်ကွက်နေ အဘွားကြီးနှင့် ၎င်း၏သမီးတို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၇-၁-၂၀၂၂ ရက်နေ့တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ (၅၁)ရပ်ကွက်နေ ဒေါ်မျိုးမြင့်(ခ) အဘွားကြီး (၄၂)နှစ်၊ (ဘ) ဦးသိုက်ထွန်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ခင်ပွန်းဖြစ်သူ ကျော်ဝင်းထွန်း (ခ) ကုလား (၃၂)နှစ်၊ (ဘ)ဦးလှမြင့်၊ ဒေါ်မျိုးမြင့်၏ (ယခင် အိမ်ထောင်ဖြင့်ရသူ) သမီးဖြစ်သူ မဝေဝေနှင်း (၁၇) နှစ်၊ (ဘ)ဦးဇေယျ၊ သားမက်ဖြစ်သူ ဉာဏ်မျိုးထွန်း (ခ)အငယ်ကောင်(၂၀)နှစ်၊ (ဘ) ဦးမောင်ချိုနှင့် ချွေးမဖြစ်သူ မယမင်းသူဇာနွယ်(၁၇)နှစ်၊ (ဘ) ဦးမောင်မောင်လွင်တို့(၅)ဦးအား စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဒဂုံမြောက်) ၁/၂၀၂၂၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၅ | ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ အမှတ်(၅၆) ရပ်ကွက်နေ အာကြီးသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၈-၁၂-၂၀၂၀ ရက်နေ့တွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၀) ရပ်ကွက်၊ မောင်းမကန်ကားလမ်းမပေါ်၌ ၎င်းမြို့နယ်၊ အမှတ်(၅၆) ရပ်ကွက်နေ ချမ်းငြိမ်းအောင်(ခ)အာကြီး(၃၇)နှစ်၊ (ဘ)ဦးအောင်ကြွံခိုင်မောင်းနှင်ပြီး တစ်ရပ်ကွက်တည်းနေ တေဇာအောင်(၂၇)နှစ်၊ (ဘ) ဦးမောင်စိုးတို့(၂)ဦးစီးနင်းလာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ WYစာတန်းပါစိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ဒဂုံတောင်) မယ(ပ)၉၁/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |

စာမျက်နှာ ၉ သို့ ★

★ စာမျက်နှာ ၈ မှ

| | | |
|---|---|---|
| ၁၆ | ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်း မြို့နယ်၊ (၅)ရပ်ကွက်နေ ကျော်ဖြိုးဝေ၊ သုံးသုံး၊ ဘောကြီးနှင့် စန်းစန်းဦးတို့ သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၆-၁-၂၀၂၂ ရက်နေ့တွင် မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်နေ ကျော်ဖြိုးဝေ(၂၇)နှစ်၊ (ဘ)ဦးသိန်းဦး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ညီဖြစ်သူ မြတ်သူ(ခ)သုံးသုံး(၂၂)နှစ်၊ (ဘ) ဦးသိန်းဦးတို့(၂)ဦးအား WY စာတန်းပါစိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မရမ်းကုန်း) မယ(ပ)၁/၂၀၂၂၊ မူး/စိတ် ပုဒ်မ ၁၉(က)/၂၁ ဖြင့် လည်းကောင်း၊ ဆက်လက်၍ ၎င်းရပ်ကွက်နေ မစန်းစန်းဦး(၃၄)နှစ်၊ (ဘ)ဦးသိန်းဦး၏ ထမင်းဆိုင်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ အစ်မဖြစ်သူ မလဲ့ရည်ဝင်း(ခ) မရည်ဝင်း(၃၈)နှစ်၊ (ဘ) ဦးသိန်းဦး၊ မလဲ့ရည်ဝင်း၏ခင်ပွန်းဖြစ်သူ အောင်ထွန်း(ခ) ဘောကြီး(၂၆)နှစ်၊ (ဘ) ဦးမောင်လေး၊ မစန်းစန်းဦး၏ မတ်တော်စပ်သူ မြင့်မြတ်ထွန်း(၁၉)နှစ်၊ (ဘ) ဦးတင်မောင်ထွန်းနှင့် တစ်ရပ်ကွက်တည်းနေ မအေးအေးမာ (၂၉) နှစ်၊ (ဘ) ဦးတင်ဝင်းတို့(၅)ဦးအား WY စာတန်းပါစိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မရမ်းကုန်း)မယ (ပ)၂/၂၀၂၂၊ မူး/စိတ် ပုဒ်မ ၁၉(က)/၂၁ ဖြင့်လည်းကောင်း အသီးသီးအမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၇ | ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ ဘုရားဖြူရပ်ကွက်တွင် မူးယစ်ဆေးဝါးသုံးစွဲ/ ဖြန့်ဖြူး ရောင်းချသူ ပေါများလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၁၉)မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံကျား(၃၆)ဦး၊ မ(၂)ဦး၊ ပေါင်း(၃၈)ဦးအား ဘိန်းဖြူများ၊ ဘိန်းများ၊ စိတ်ကြွဆေးပြားများ၊ ဘိန်းဆီခဲများနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီးဖြစ်ပါသည်။<br>၅-၁-၂၀၂၂ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိအမှုများမှ ကွင်းဆက်သတင်းအရ တောင်ကြီးမြို့၊ ဘုရားဖြူရပ်ကွက်နေ ဒေါ်မာလာမြင့်(၄၁)နှစ်၊ (ဘ) ဦးလှမြင့်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WYစာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(တောင်ကြီး)မယ(ပ)၃/၂၀၂၂၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှုအပါအဝင် မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့သည့် ၂၆-၆-၂၀၁၈ ရက်နေ့မှ ၉-၁-၂၀၂၂ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း(၁၄၉၈)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား(၁၉၀၈)ဦး၊ မ(၃၈၅)ဦး၊ ပေါင်း(၂၂၉၃)ဦးဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၁၁၁၃၉.၁၈၁၄)ဂရမ်၊ ICE (၁၄၉၀.၉၂)ဂရမ်၊ ဘိန်း(၄၈၃၅၄.၆၃၈၈၆)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၁၄၁၈.၉၆)ဂရမ်၊ ဘိန်းစာမှုန့် (၅၄၉၉၃.၄၀) ဂရမ်၊ ဘိန်းစာရွက်(၅၅၈၅၉၇.၃၂)ဂရမ်၊ ဘိန်းစာရည်(၂.၅) လီတာ၊ စိတ်ကြွဆေးပြား(၇၀၄၃၀၀)ပြား၊ ဆေးခြောက် (၁၅၅၈၉.၁၉)ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ(၆၄၀.၂၈) ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြားအကြေမှုန့် (၆၀.၁၅)ဂရမ်၊ ECSTASY အကြေ(၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ(၃၀) လက်၊ ကျည်မျိုးစုံ (၆၉၈)တောင့်၊ လက်ပစ်ဗုံး (၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့် ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်မှုအခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့် ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ "မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန" အောက်ဖော်ပြပါ တယ်လီဖုန်း/ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇-၅၉၀၂၀၀ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇-၅၉၀၂၃၃ |
| အီးမေးလ်လိပ်စာ | - | ANTINARCOTICS@PRESIDENTOFFICE.GOV.MM |

# ပင်လည်ဘူးမြို့နယ် နှစ် ၁၀၀ ကျော်သက်တမ်းရှိသော ကဒူးရိုးရာအထိမ်းအမှတ် မော်တိတ်တံခွန်တိုင်အား ပြန်လည်ထိန်းသိမ်းထားရှိ

**ပင်လည်ဘူး ဇန်နဝါရီ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ် ကဒူးဒေသရှိ နှစ်ပေါင်း ၁၀၀ ကျော်ရှိပြီဖြစ်သော ကဒူးရိုးရာ မော်တိတ်တံခွန်တိုင်အား ပြန်လည်ထိန်းသိမ်းသည့်အနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ပံ့အလှူငွေကျပ် ၃၃ သိန်းနှင့် ပင်လည်ဘူးမြို့နယ် ကျွန်တော်များကမ်းလက်အလှူရှင်များအဖွဲ့နှင့် ဌာနဆိုင်ရာများ၏ စုပေါင်းအလှူငွေကျပ် ၄၈ သိန်းတို့ဖြင့် ကဒူးရိုးရာ မော်တိတ်တံခွန်တိုင်သို့ သွားရာလမ်းနှင့် တိုင်ပတ်လမ်း ကွန်ကရစ်ခင်းခြင်း၊ ကြွေပြားကပ်ခြင်း၊ ခြံစည်းရိုးကာရံခြင်း၊ အဝင်တံတား ဆောက်လုပ်ခြင်း၊ ဇရပ်တည်ဆောက်ခြင်းလုပ်ငန်းများ ပြီးစီး၍ တရားနာ ရေစက်ချမင်္ဂလာကို ယမန်နေ့ နံနက် ၉ နာရီတွင် ကဒူးဒေသ မြောက်မော်ကျေးရွာရှိ မော်တိတ်တံခွန်တိုင်အနီး၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးသန်းဌေး၊ ပင်လည်ဘူးမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသက်နောင်၊ ကျွန်တော်များကမ်းလက်အလှူရှင်များအဖွဲ့နှင့် ဌာနဆိုင်ရာအလှူရှင်များ၊ ဒေသခံ ကဒူးလူမျိုးများ တက်ရောက်ကြပြီး ကဒူးရိုးရာ မော်တိတ်တံခွန်တိုင်သို့ သွားရာလမ်းနှင့် တိုင်ပတ်လမ်း ကွန်ကရစ်ခင်းခြင်း၊ ကြွေပြားကပ်ခြင်း၊ ခြံစည်းရိုးကာရံခြင်း၊ အဝင်တံတား ဆောက်လုပ်ခြင်း၊ ဇရပ်တည်ဆောက်ခြင်း ကောင်းမှုကုသိုလ် အစုစုတို့အတွက် ဆရာတော်၊ သံဃာတော်များထံမှ တရားနာ ရေစက်သွန်းချလှူဒါန်းခဲ့ကြကြောင်း သိရသည်။

ကဒူးရိုးရာ မော်တိတ်တံခွန်တိုင်ကို ယခင်က လုံးပတ် ငါးပေ၊ အရှည် ၃၂ တောင်ရှိ အလယ်တိုင်မကြီး တစ်လုံးနှင့် လုံးပတ် ခုနစ်ပေ၊ အရှည် ၁၅ ပေရှိ အရံလက်ခံတိုင် လေးလုံးဖြင့် စိုက်ထူထားရှိပြီး အရံတိုင်လေးလုံးတွင် ရုပ်ပေါင်းစုံ ပန်းပုလက်ရာများပါရှိကြောင်း၊ ယခုအခါ သက်တမ်းကြာပြီဖြစ်သည့်အတွက် ပန်းပုလက်ရာများမှာလည်း ပျောက်ကွယ်ပြီး တံခွန်တိုင်မှာလည်း လေးလုံးသာ ကျန်ရှိတော့ကြောင်း၊ အဆိုပါတံခွန်တိုင်အနီးတွင် ရှေးယခင်မင်းများ တည်ထားကိုးကွယ်ခဲ့သည့် စေတီဟောင်းများလည်းရှိကြောင်း သိရသည်။

မျိုးလွင်(ပြန်/ဆက်)



# ပြင်ဦးလွင်မြို့နယ်မှ ပေါ်ဦးပေါ်ဖျားထွက်ရှိလာသည့် စတော်ဘယ်ရီသီးများ မန္တလေးဈေးကွက်သို့ စတင်ဝင်ရောက်လာ



**မန္တလေး ဇန်နဝါရီ ၁၁**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်မှ ပေါ်ဦးပေါ်ဖျားထွက်ရှိလာသည့် စတော်ဘယ်ရီသီးများ ယခု ဇန်နဝါရီလဆန်းပိုင်းတွင် မန္တလေးမြို့ရှိ သစ်သီးပွဲရုံများသို့ စတင်ပို့ဆောင်ရောင်းချနေပြီဖြစ်ကြောင်း ပြင်ဦးလွင်မြို့နယ်ရှိ စတော်ဘယ်ရီစိုက်တောင်သူများက ပြောသည်။

အဆိုပါ စတော်ဘယ်ရီသီးများမှာ ယခုနှစ်တွင် ထွက်ရှိချိန်တစ်လခန့် နောက်ကျသည့်အပြင် ကိုဗစ်- ၁၉ ရောဂါဖြစ်ပွားနေသည့်ကာလဖြစ်ခြင်းကြောင့် အရောင်းအဝယ်များ အေးစက်နေသည့်အတွက် ဈေးနှုန်းမှာလည်း ယမန်နှစ်ယခုလိုရာသီတွင် တစ်ပိဿာလျှင် ငွေကျပ် ၈၀၀၀ နှုန်းဖြင့် အဖွင့်ဈေးစခဲ့သော်လည်း ယခုနှစ်တွင် တစ်ပိဿာလျှင် ငွေကျပ် ၆၀၀၀ နှုန်းဖြင့် ရန်ကုန်နှင့် မန္တလေးမြို့ရှိ သစ်သီးဒိုင်များက ဈေးဖြတ်ဝယ်ယူနေကြောင်း ပြင်ဦးလွင်မြို့နယ် ပင်လိန်သပြေကျေးရွာမှ စတော်ဘယ်ရီစိုက်ပျိုးသူ ကိုဖိုးသားက ပြောသည်။

"ပေါ်ဦးပေါ်ဖျားစထွက်တဲ့ ဒီရက်ပိုင်းမှာ တစ်ကေကို ၆ ပိဿာလောက်ပဲ တစ်ရက်ခြားထွက်နေသေးတယ်။ မနှစ်က ဒီဇင်ဘာလအတွင်းမှာ စပြီးထွက်ခဲ့တဲ့ စတော်ဘယ်ရီက ဒီနှစ်မှာ ဇန်နဝါရီလဆန်းမှ စပြီးထွက်ခဲ့တဲ့အပြင် ကိုဗစ်- ၁၉ ရောဂါအခြေအနေကြောင့် အဖွင့်ဈေးက မနှစ်ကလောက် ကောင်းမွန်မှုမရှိဘူး။ ဒါပေမယ့် ဒီနှစ်မှာ တရုတ်နိုင်ငံက စတော်ဘယ်ရီသီးတွေလည်း ရောဂါအခြေအနေကြောင့် ကျွန်တော်တို့ ပြည်တွင်းကို အဝင်နည်းတဲ့အတွက် မတ်လအတွင်း လှိုင်လှိုင်ပေါ်ချိန်မှာတော့ ဈေးတွေအောက်ဆုံးထိထိုးမကျနိုင်ဘဲ တစ်ပိဿာကို ငွေကျပ် ၂၀၀၀ လောက်တော့ ရနိုင်မယ်လို့ ခန့်မှန်းထားပါတယ်"ဟု ၎င်းက ပြောသည်။

စတော်ဘယ်ရီသီးကို စတင်ထွက်ရှိချိန်မှ ဧပြီလကုန်အထိ ခူးဆွတ်ယူနိုင်ပြီး တစ်ဧကလျှင် ပိဿာချိန် ၁၅၀၀ ခန့် ထွက်ရှိနိုင်သော်လည်း ရာသီဥတုပေါ်မူတည်၍ အထွက်နှုန်း ပြောင်းလဲသွားကာ ပူအိုက်သည့်ရာသီဥတုကို ကြိုက်နှစ်သက်ကြောင်း သိရသည်။

"စတော်ဘယ်ရီသီးက အေးတဲ့ရာသီဥတုကို မကြိုက်ဘူး။ ရာသီဥတု ပူလေလေ အထွက်နှုန်း ကောင်းလေပဲ။ ဒါ့ပြင် ဈေးနှုန်းကလည်း အစောဆုံးထွက်တဲ့အခင်းက ပေါ်ဦးပေါ်ဖျားဆိုဈေးပိုရပြီး လှိုင်လှိုင်ပေါ်တဲ့ မတ်လအတွင်းမှာ ငွေကျပ် ၁၂၀၀ အထိ ကျဆင်းသွားပေမယ့် သင်္ကြန်အပြီးမှာတော့ တစ်ပိဿာကို ငွေကျပ် ၂၀၀၀ နဲ့ ၃၀၀၀ ကြားအထိ ဈေးပြန် ခုန်တက်လေ့ရှိပါတယ် "ဟု ၎င်းက ဆက်လက်ပြောသည်။

ပြင်ဦးလွင်မြို့နယ်ရှိ စတော်ဘယ်ရီသီး စိုက်ပျိုးသူများအနေဖြင့် စိုက်ကေနှင့် မိသားစုလူဦးရေပေါ်မူတည်၍ စတော်ဘယ်ရီသီး စိုက်ပျိုးမှုဖြင့် မိသားစုဘဝရပ်တည်နိုင်သည်အထိ မှီခိုအားထားရသည့် သီးနှံဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ဟားခါးမြို့နယ်အတွင်း CERP အရ ငါးများကြီးထွားမှု တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

**ဟားခါး ဇန်နဝါရီ ၁၁**

ချင်းပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးဇော်လွင်ဝင်းသည် ယမန်နေ့က ချင်းပြည်နယ် ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးချင်းလှအောင်၊ အတွင်းရေးမှူးနှင့် ဝန်ထမ်းများနှင့်အတူ ဟားခါးမြို့နယ်အတွင်း COVID-19 Economic Relief Plan ပါ Action Plan အရ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၁၀ ရက်က ထောက်ပံ့ပေးခဲ့သည့် နီရုံလောန်းကျေးရွာနေ ဦးဖီးမောင်း မွေးမြူထားသည့် သုည ဒသမ ၂၈ ဧက ရှိ ကန်ငယ်များသို့ ကွင်းဆင်းစစ်ဆေးခဲ့ရာ ငါးလကြာမွေးမြူခဲ့သည့် ရွှေဝါငါးကြင်း ငါးသားပေါက်အရွယ်အစားမှာ ငါးလက်မကျော်ကြီးထွားသည်ကို တွေ့ရသည်။

ချင်းပြည်နယ်တွင် ငါးမွေးမြူရာ၌ တောင်ဇောင်းများတွင် လှေကားထစ်ပုံစံကန်များ တူးပြီး မွေးမြူရပါသဖြင့် ဒေသအခြေအနေအရ သွားလာမှုခက်ခဲခြင်း၊ ရာသီဥတုအခြေအနေအရ အအေးလွန်ကဲမှုကြောင့် မွေးမြူထားသော ငါးသားပေါက်များမှာ အခြားဒေသများနှင့်နှိုင်းယှဉ်ပါက ကြီးထွားမှုနှုန်း နှေးကွေးကြောင်း သိရသည်။ **သတင်းစဉ်**

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၂၉၁၈၇၁၁ | ၁၃၄၈၄၂၀၄ | ၃၈၃၂၉၅ |
| ၂။ | အိန္ဒိယ | ၁၀၄၆၇၄၃၁ | ၁၀၀၉၂၉၀၉ | ၁၅၁၁၉၈ |
| ၃။ | ဘရာဇီး | ၈၁၀၅၇၉၀ | ၇၁၆၇၆၅၁ | ၂၀၃၁၄၀ |
| ၄။ | ရုရှား | ၃၄၂၅၂၆၉ | ၂၈၀၀၆၇၅ | ၆၂၂၇၃ |
| ၅။ | ဗြိတိန် | ၃၀၇၂၃၄၉ | ၁၄၀၆၉၆၇ | ၈၁၄၃၁ |
| ၆။ | ပြင်သစ် | ၂၇၈၃၂၅၆ | ၂၀၂၄၂၉ | ၆၇၇၅၀ |
| ၇။ | တူရကီ | ၂၃၂၆၂၅၆ | ၂၁၉၈၁၅၀ | ၂၂၈၀၇ |
| ၈။ | အီတလီ | ၂၂၇၆၄၉၁ | ၁၆၁၇၈၀၄ | ၇၈၇၅၅ |
| ၉။ | စပိန် | ၂၀၅၀၃၆၀ | စိစစ်ဆဲ | ၅၁၈၇၄ |
| ၁၀။ | ဂျာမနီ | ၁၉၃၀၆၃၉ | ၁၅၄၅၅၀၀ | ၄၁၄၆၃ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၈၃၆၇၁၈ | ၆၈၈၇၃၉ | ၂၄၃၄၃ |
| ၂။ | ဖိလစ်ပိုင် | ၄၈၉၇၃၆ | ၄၅၈၂၀၆ | ၉၄၁၆ |
| ၃။ | မလေးရှား | ၁၃၈၂၂၄ | ၁၀၉၁၁၅ | ၅၅၅ |
| ၄။ | မြန်မာ | ၁၃၁၁၈၆ | ၁၁၄၆၀၉ | ၂၈၅၈ |
| ၅။ | စင်ကာပူ | ၅၈၉၂၉ | ၅၈၆၃၆ | ၂၉ |
| ၆။ | ထိုင်း | ၁၀၅၄၇ | ၆၅၆၆ | ၆၇ |
| ၇။ | ဗီယက်နမ် | ၁၅၁၅ | ၁၃၆၁ | ၃၅ |
| ၈။ | ကမ္ဘောဒီးယား | ၃၉၂ | ၃၇၄ | ၀ |
| ၉။ | ဘရူနိုင်း | ၁၇၃ | ၁၅၃ | ၃ |
| ၁၀။ | လာအို | ၄၁ | ၄၀ | ၀ |




# ရာသီသစ်အတွက် ရန်ကုန်အသင်း ကစားသမားသစ်လေးဦး ခေါ်ယူ

**ရန်ကုန် ဇန်နဝါရီ ၁၁**

ရန်ကုန်ယူနိုက်တက်အသင်းသည် ၂၀၂၂ ရာသီအတွက် စတင်ပြင်ဆင်နေပြီဖြစ်ပြီး ကစားသမားသစ် လေးဦး ခေါ်ယူခဲ့သည်။

ရန်ကုန်ယူနိုက်တက်အသင်း ခေါ်ယူခဲ့သည့် ကစားသမားများတွင် ပြည်တွင်းကစားသမားသုံးဦးနှင့် ပြည်ပကစားသမား တစ်ဦးပါဝင်ပြီး ကစားသမားသစ်များ ထပ်မံခေါ်ယူသွားရန် စီစဉ်လျက်ရှိသည်။ ရန်ကုန်အသင်းသည် ပြည်တွင်းကစားသမားများအဖြစ် ရောဝတီအသင်းနှင့် စာချုပ်ကုန်ဆုံးခဲ့သည့် ယူ-၂၂ လက်ရွေးစင် တိုက်စစ်မှူး ဝင်းနိုင်ထွန်း၊ နောက်ခံလူ ဇော်ဝင်းနှင့် ဖွဲကပင်နောက်ခံလူ ကျော်ဖြိုးဝေ၊ ပြည်ပကစားသမားအဖြစ် ဘရာဇီးကွင်းလယ် တိုက်စစ်ကစားသမား အီမာဆင်တို့ကို ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ရန်ကုန်အသင်းသည် ဝင်းနိုင်ထွန်းကို သုံးနှစ်စာချုပ်ချုပ်ဆိုခဲ့ပြီး ကျန်ပြည်တွင်းကစားသမား နှစ်ဦးကိုမူ နှစ်နှစ်စာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်ကာ အီမာဆင်ကိုမူ တစ်ရာသီစာချုပ်ချုပ်ဆိုခဲ့သည်။ အီမာဆင်သည် ရန်ကုန်အသင်းတွင် တတိယမြောက်အဖြစ် ပြန်လည်ကစားခြင်းဖြစ်ပြီး ၂၀၁၄ မှ ၂၀၁၅ ရာသီအထိ ပထမအကြိမ်၊ ၂၀၁၇ ရာသီတွင် ဒုတိယအကြိမ် ကစားခဲ့သည်။

အီမာဆင်သည် ပြီးခဲ့သည့် ရာသီတွင် ဖွဲကပင်အသင်းတွင် ပါဝင်ကစားခဲ့ကြောင်း သိရသည်။ ဝင်းနိုင်ထွန်းသည် သက်တမ်းအလိုက် လူငယ်လက်ရွေးစင်အသင်းများတွင် တောက်လျှောက် ရွေးချယ်ခံခဲ့ရပြီး ၂၀၁၉ ဆီးဂိမ်းပြိုင်ပွဲ ကြေးတံဆိပ်ဆုရ မြန်မာ ယူ-၂၂ အသင်းတွင် ပါဝင်ခဲ့သည်။

ဝင်းနိုင်ထွန်းသည် ရတနာပုံနှင့် ရောဝတီအသင်းတို့တွင် ကစားပြီးနောက် ရန်ကုန်အသင်းသို့ ပြောင်းရွှေ့လာသူ ဖြစ်သည်။ ကျော်ဖြိုးဝေမှာမူ မြန်မာဘောလုံးအကယ်ဒမီ (မန္တလေး)မှ ထွက်ပေါ်လာသူဖြစ်ပြီး လူငယ်လက်ရွေးစင်အသင်းများတွင် ရွေးချယ်ခံခဲ့ရကာ ၂၀၁၈ ရာသီမှစတင်ကာ ဖွဲကပင်အသင်းတွင် ပါဝင်ကစားခဲ့သူဖြစ်သည်။ ဇော်ဝင်းမှာမူ ရန်ကုန်အသင်းတွင် ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၅ ခုနှစ်အထိ ပါဝင်ကစားခဲ့ပြီး ၂၀၁၆ ရာသီမှ ၂၀၂၀ ရာသီအထိ ချင်းယူနိုက်တက်၊ ရခိုင်နှင့် ရောဝတီအသင်းတို့တွင် ပါဝင်ကစားကာ အသင်းဟောင်းသို့ ပြန်လည်ရောက်ရှိလာခြင်းဖြစ်သည်။

ရန်ကုန်အသင်းသည် လာမည့်ရာသီတွင် အောင်မြင်မှုရယူနိုင်ရန်အတွက် လိုအပ်သည့်နေရာများအတွက် အင်အားဖြည့်တင်းမှုများ ပြုလုပ်နေခြင်းဖြစ်ပြီး ခေါ်ယူခဲ့သည့် ကစားသမားလေးဦးတွင် ကစားသမားဟောင်းနှစ်ဦး ပြန်လည် ပါဝင်လာသည်။ ရန်ကုန်အသင်းသည် ၂၀၂၀ ရာသီတွင် အောင်မြင်မှုမရခဲ့သဖြင့် လာမည့်ရာသီတွင် အောင်မြင်မှုများရယူနိုင်ရန် ပြင်ဆင်နေခြင်းဖြစ်သည်။

**သတင်း- ရှိုင်းထက်ဇော်**
**ဓာတ်ပုံ- စိုးညွန့်**


ရန်ကုန်အသင်းသို့ သုံးနှစ်စာချုပ်ဖြင့် ပြောင်းရွှေ့လာသည့် တိုက်စစ်မှူး ဝင်းနိုင်ထွန်း

# ဇန်နဝါရီလ ဒုတိယ ၁၀ ရက်ပတ်အတွက် မိုးလေဝသခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်သည်။

**မိုးအခြေအနေ။** ။ မိုးရွာသွန်းမှုအခြေအနေမှာ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး တနင်္သာရီတိုင်းဒေသကြီးတွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးရွာနိုင်သည်။

**မိုးရွာရက်။** ။ မိုးရွာရက်အနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် တစ်ရက်မှ နှစ်ရက်ခန့်မိုးအနည်းငယ်ရွာနိုင်ပြီး နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်သည်။

**ညအပူချိန်။** ။ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဇန်နဝါရီလပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်နှင့်အထက်ပိုနိုင်ပြီး နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း)၊ ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ပျမ်းမျှအပူချိန်ခန့်သာရှိနိုင်သည်။

**မြူအခြေအနေ။** ။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ခြောက်ရက်မှ ကိုးရက်ခန့်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် နှစ်ရက်မှ ငါးရက်ခန့် နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်သည်။

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ပေဝက်မှ တစ်ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ပေဝက်ခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ပေဝက်ခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ပေဝက်ခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် ပေဝက်မှ တစ်ပေခန့်၊ သံလွင်မြစ်ရေသည် ဖားဆောင်းမြို့နှင့် ဘားအံမြို့တို့တွင် ပေဝက်မှ တစ်ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ပေဝက်ခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် ပေဝက်ခန့်၊ ကုလားတန်မြစ်ရေသည် ပလက်ဝမြို့နှင့် ကျောက်တော်မြို့တို့တွင် ပေဝက်ခန့်၊ လေးမြို့မြစ်ရေသည် မြောက်ဦးမြို့တွင် တစ်ပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ပေဝက်ခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

**စိုက်ပျိုးရေးမိုးလေဝသဌာနခွဲ**

# ကမ္ဘာ့လူဦးရေ ၁ ဒသမ ၅ သန်းခန့် ရုရှားထုတ် ကိုဗစ်ကာကွယ်ဆေးထိုးနှံမှုခံယူခဲ့

**မော်စကို ဇန်နဝါရီ ၁၁**

ကမ္ဘာ့လူဦးရေ ၁ ဒသမ ၅ သန်းခန့်သည် ရုရှားထုတ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး Sputnik V ကို ထိုးနှံမှုခံယူရရှိခဲ့ပြီဖြစ်ကြောင်း ရုရှားအစိုးရက ယနေ့ကြေညာသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး Sputnik V ထုတ်လုပ်မှုတွင် ငွေကြေးပံ့ပိုးပေးသည့် ရုရှားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့က ရုရှားထုတ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံမှုခံယူခဲ့သည့် အရေအတွက် အတည်ပြုခဲ့ခြင်းဖြစ်သည်။ သို့သော် အဆိုပါကာကွယ်ဆေးကို မည်သည့်နိုင်ငံများသို့ ဖြန့်ဖြူးခဲ့သည်ကို အသေးစိတ် ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိကြောင်း သိရသည်။

**ပြောကြား**

"ဒီ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး Sputnik V ကို ကျန်ကမ္ဘာ့နိုင်ငံတွေမှာ ဘယ်လောက်ထိုးနှံခဲ့သလဲဆိုတာကတော့ ကျွန်တော်တို့အနေနဲ့ မပြောနိုင်သေးပါဘူး။ ကာကွယ်ဆေးထိုးနှံမှု လုပ်ဆောင်တဲ့နိုင်ငံတွေအနေနဲ့ သူတို့ရဲ့ ကာကွယ်ဆေး ထိုးနှံမှုနှင့်ပတ်သက်ပြီး အချက်အလက်တွေကို ထုတ်ပြန်ပါလိမ့်မယ်"ဟု ရုရှားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ အာဆနီ ပါလာဂျင်က ပြောကြားသည်။

ရုရှားနိုင်ငံသည် အဆိုပါ ကာကွယ်ဆေးကို ယမန်နှစ်ဩဂုတ်လက မှတ်ပုံတင်ခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပထမဦးဆုံး မှတ်ပုံတင်ခဲ့သည့် နိုင်ငံဖြစ်လာခဲ့သည်။ တစ်ချိန်တည်းမှာပင် ရုရှားထုတ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၁ ဒသမ ၅ သန်းကို ဝယ်ယူရန် ပြည်ပနိုင်ငံများမှ မှာယူထားကြောင်း ရုရှားအစိုးရက ပြောကြားခဲ့သည်။



ယမန်နေ့က ရုရှားကျန်းမာရေးဝန်ကြီးဌာန အကြံပေး ပုဂ္ဂိုလ်တစ်ဦး၏ ပြောကြားချက်အရ ရုရှားအစိုးရသည် ၎င်းကာကွယ်ဆေးကို အရေးပေါ် အခြေအနေများ၌ အသုံးပြုရန် ဇန်နဝါရီ ၂၀ တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ညှိနှိုင်းဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

**ရှောင်ရှားခဲ့**

ရုရှားနိုင်ငံသည် မကြာသေးမီလများမှစ၍ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု ဒုတိယလှိုင်းနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။ သို့သော် အစိုးရအနေဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု စတင်ဖြစ်ပွားချိန်ကကဲ့သို့ ရောဂါထိန်းချုပ်ရေးဆိုင်ရာ ကန့်သတ်ချက်များကို ပြန်လည်ချမှတ်ရန် ရှောင်ရှားခဲ့သည်။

သို့သော် ရုရှားနိုင်ငံတွင် မကြာသေးမီရက်များမှစ၍ ကိုဗစ်-၁၉ ရောဂါ နေ့စဉ်ကူးစက်မှု လျော့ကျလာပြီး တစ်ရက်အတွင်း ရောဂါကူးစက်ခံရသူ ၂၀၀၀၀ အထိ ကျဆင်းလာခဲ့ကြောင်း ရုရှားတာဝန်ရှိသူများ၏ အဆိုအရ သိရသည်။

လက်ရှိအချိန်အထိ ရုရှားနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၃၄၂၅၂၆၉ ဦးနှင့် သေဆုံးသူပေါင်း ၆၂၀၀၀ ကျော်ရှိကြောင်း ရုရှားအာဏာပိုင်များက ထုတ်ပြန်သည့် နောက်ဆုံးအချက်အလက်များအရ သိရသည်။

ကိုးကား - အေအက်ဖ်ပီ
ဘာသာပြန် - ဂျေတီ

# ကမ္ဘာတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ သန်း ၉၀ ကျော်ရှိလာ

**ဝါရှင်တန် ဇန်နဝါရီ ၁၁**

ကမ္ဘာတစ်ဝန်းတွင် ယနေ့အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း သန်း ၉၀ ကျော်ရှိပြီဖြစ်ကြောင်း သိရသည်။

အမေရိကန်ပြည်ထောင်စု ဂျွန်ဟော့ကင်းစ်တက္ကသိုလ်မှ ယနေ့ထုတ်ပြန်ချက်အရ ကမ္ဘာတစ်ဝန်းလုံးတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၉၀ ဒသမ ၇၈ သန်းရှိကြောင်း သိရသည်။

ကမ္ဘာတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူဦးရေ အများဆုံးမှာ အမေရိကန်ပြည်ထောင်စုဖြစ်သည်။ အမေရိကန်ပြည်ထောင်စုသည် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလအတွင်းက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုများ စတင်လုပ်ဆောင်ခဲ့သော်လည်း ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၂ ရက်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၀၀၀၀၀ ကျော်ဖြင့် ရောဂါကူးစက်သူအများဆုံးစံချိန်တင်ခဲ့သည်။

ဇန်နဝါရီ ၂ ရက်နောက်ပိုင်းတွင်လည်း အမေရိကန်ပြည်ထောင်စု၏ နေ့စဉ် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ အရေအတွက်မှာ ၂၀၀၀၀၀ ကျော်အထိ ရှိခဲ့သည်။

ကိုဗစ်-၁၉ ရောဂါပြန့်ပွားကူးစက်မှုမှာ လျော့ပါးကျဆင်းလာသည့် လက္ခဏာပြသခြင်းမရှိသေးပေ။ ကိုဗစ်-၁၉ ရောဂါ၏ ဗီဇပြောင်းဗိုင်းရပ်စ်ကို ဗြိတိန်နိုင်ငံနှင့် တောင်အာဖရိကနိုင်ငံတို့တွင် ပထမဆုံးအကြိမ် တွေ့ရှိခဲ့ရပြီး ယင်းဗီဇပြောင်းဗိုင်းရပ်စ်သည် ကမ္ဘာ့နေရာဒေသအချို့သို့ ပျံ့နှံ့လျက်ရှိသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - ဇော်ဝင်း



# ကမ္ဘောဒီးယား၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု ထိန်းချုပ်နိုင်သဖြင့် စာသင်ကျောင်းအားလုံး ပြန်ဖွင့်

**ဖနောင်ပင် ဇန်နဝါရီ ၁၁**

ကမ္ဘောဒီးယားအစိုးရသည် ယမန်နှစ်နှောင်းပိုင်းမှစ၍ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှု ထိန်းချုပ်နိုင်ခဲ့ပြီးနောက် နိုင်ငံတစ်ဝန်းရှိ စာသင်ကျောင်းအားလုံးကို ယနေ့ ပြန်လည်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုထိန်းချုပ်ရန် နိုင်ငံတစ်ဝန်းရှိ စာသင်ကျောင်းအားလုံးအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှထုတ်ပြန်သည့် ကျန်းမာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို မဖြစ်မနေလိုက်နာရန်လိုအပ်ကြောင်း ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်က နှစ်သစ်ကူးမိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။

ထို့အတူ ဆရာ ဆရာမများနှင့် ကျောင်းသူ ကျောင်းသားများအနေဖြင့် နှာခေါင်းစည်းများကို မဖြစ်မနေဝတ်ဆင်ထားရမည်ဖြစ်ပြီး ခန္ဓာကိုယ်အပူချိန်တိုင်းတာခြင်းကိုလည်း ခံယူရမည်ဖြစ်ကြောင်း၊ ထို့အပြင် လက်ကို မကြာခဏဆေးကြောပြီး တစ်ဦးနှင့် တစ်ဦးအကြား ၁ ဒသမ ၅ မီတာခြား၍ နေထိုင်ရမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်က ပြောကြားသည်။

ထို့အပြင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုထိန်းချုပ်ရန် သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအာဏာပိုင်များနှင့် ပြည်သူများအနေဖြင့် ကျောင်းသူ ကျောင်းသားများ၏ ပညာရေးနှင့် ကျန်းမာရေးလုံခြုံစိတ်ချရရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနနှင့် အနီးကပ်ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း ဟွန်ဆန်က ထပ်မံပြောကြားသည်။

ထို့အပြင် ကမ္ဘောဒီးယားအစိုးရသည် နိုင်ငံအတွင်းရှိ ပုဂ္ဂလိကစာသင်ကျောင်းများကို ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် ကျန်းမာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြီးခဲ့သည့်သီတင်းပတ်က ပြန်လည်ဖွင့်လှစ်ခွင့်ပြုခဲ့ကြောင်း သိရသည်။ လက်ရှိအချိန်အထိ ကမ္ဘောဒီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၃၉၂ ဦးရှိပြီး ရောဂါကူးစက်ခံရသူများအနက် သေဆုံးသူတစ်စုံတစ်ဦးမျှမရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ ထို့အပြင် ကမ္ဘောဒီးယားရှိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၉၂ ဦးအနက် ၃၇၄ ဦးသည် ရောဂါမှ ပြန်လည်ကျန်းမာသွားပြီဖြစ်ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - ဂျေတီ

# အင်ဒိုနီးရှား၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကို ထိန်းချုပ်ရန် နိုင်ငံခြားသားများ ဝင်ရောက်ခွင့်ပိတ်ပင်မှုကို သက်တမ်းထပ်မံတိုးမြှင့်

**ဂျကာတာ ဇန်နဝါရီ ၁၁**

အင်ဒိုနီးရှားအစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုနှင့်ပတ်သက်၍ ပြည်သူများအကြား စိုးရိမ်စိတ်များ ပြန့်ပွားနေစဉ် နိုင်ငံခြားသားခရီးသည်များ ဝင်ရောက်ခွင့်ပိတ်ပင်မှုကို နောက်ထပ် သီတင်းနှစ်ပတ် သက်တမ်းထပ်မံတိုးမြှင့်ရန် ယနေ့ ဆုံးဖြတ်ခဲ့ကြောင်း အင်ဒိုနီးရှားစီးပွားရေးဝန်ကြီးက ပြောကြားသည်။

**အသွားအလာကန့်သတ်**

အင်ဒိုနီးရှားအစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကို ထိန်းချုပ်ရန် သီတင်းပတ်နှစ်ပတ်ကြာမြင့်မည့် ပိုမိုတင်းကျပ်သော အသွားအလာကန့်သတ်မှုကို ယနေ့မှစ၍ အကောင်အထည်ဖော်နေပြီဖြစ်ကြောင်း အင်ဒိုနီးရှားစီးပွားရေးဝန်ကြီး အဲယာလန်ဂါဟာတိုက ဂျကာတာမြို့တွင် ယနေ့ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ထည့်သွင်းပြောကြားခဲ့သည်။

ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရန် နိုင်ငံခြားသားခရီးသည်များအပေါ် ချမှတ်ထားသည့် ခရီးသွားလာမှု ကန့်သတ်ချက်များကို ဇန်နဝါရီ ၂၈ ရက်အထိ သီတင်းပတ်နှစ်ပတ်ကြာ သက်တမ်းထပ်တိုးရန် ဆုံးဖြတ်ချက်ကို အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုကိုယ်တိုင်လည်း သဘောတူခဲ့ကြောင်း ဝန်ကြီးက ထပ်မံပြောကြားသည်။ အင်ဒိုနီးရှားစီးပွားရေးဝန်ကြီး အဲယာလန်ဂါဟာတိုသည် အင်ဒိုနီးရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုလျှော့ချရေးနှင့် စီးပွားရေးပြန်လည်နာလန်ထူရေး ကော်မတီဥက္ကဋ္ဌတာဝန်ကိုပါ ပူးတွဲဆောင်ရွက်လျက်ရှိသည်။



**တားမြစ်ပိတ်ပင်**

အင်ဒိုနီးရှားအစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုထိန်းချုပ်ရန် နိုင်ငံခြားသားခရီးသည်များ ပြည်ဝင်ခွင့်ကို ဇန်နဝါရီ ၁ ရက်မှ ၁၄ ရက်အထိ တားမြစ်ပိတ်ပင်ထားသည်။ သို့သော် ပြည်ပနိုင်ငံများမှ အဆင့်မြင့်အရာရှိများအနေဖြင့် အဆိုပါ ပိတ်ပင်တားမြစ်မှုမှ ကင်းလွတ်ခွင့်ရှိသော်လည်း တင်းကျပ်သော ကျန်းမာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို လိုက်နာရန် လိုအပ်မည်ဖြစ်သည်။

အင်ဒိုနီးရှားအစိုးရသည် မကြာသေးမီက ဗြိတိန်နိုင်ငံတွင် တွေ့ရှိခဲ့သည့် ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ်ကြောင့် နိုင်ငံခြားသားခရီးသည်များကို ပြည်ဝင်ခွင့် တားမြစ်ပိတ်ပင်ထားခြင်းဖြစ်ကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံတွင် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၈၆၉၂ ဦး ထပ်မံတွေ့ရှိပြီးနောက် လက်ရှိအချိန်အထိ ရောဂါကူးစက်ခံရသူပေါင်း ၈၃၆၇၁၈ ဦး ရှိလာခဲ့သည်။ ထို့အတူ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် ၂၁၄ ဦး ထပ်မံသေဆုံးခဲ့ရာ အင်ဒိုနီးရှား၌ ထိုရောဂါကြောင့် သေဆုံးသူပေါင်း ၂၄၃၄၃ ဦးရှိလာကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - ဂျေတီ

# သမ္မတထရမ့်ကို ဖယ်ရှားရေး ဒီမိုကရက်တို့ အစီအစဉ်ချမှတ် ဆောင်ရွက်လာ

**ဝါရှင်တန် ဇန်နဝါရီ ၁၁**

သမ္မတထရမ့်ကိုထောက်ခံသူများက မြို့တော်ဝါရှင်တန်ဒီစီရှိ လွှတ်တော်အဆောက်အဦသို့ ဝင်ရောက်စီးနင်းခဲ့သည့်ဖြစ်ရပ်ကြောင့် သမ္မတထရမ့်ကို ရာထူးတာဝန်မှ ဖယ်ရှားရေးကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အောက်လွှတ်တော်ဥက္ကဋ္ဌ နန်စီပလိုစီက ယမန်နေ့တွင် ပြောကြားသည်။

အမေရိကန်အခြေခံဥပဒေပြင်ဆင်ချက် ၂၅ အရ သမ္မတတစ်ဦးအနေဖြင့် တာဝန်ဝတ္တရားများကို လုံလောက်စွာ ထမ်းဆောင်နိုင်ခြင်းမရှိပါက ဒုတိယသမ္မတနှင့်အစိုးရအဖွဲ့ဝင်များက ၎င်းအားရာထူးမှ ဖယ်ရှားခွင့်ရှိသည်ဆိုသည့်အချက်ကို ပြဋ္ဌာန်းထားသည်။ ဒုတိယသမ္မတ မိုက်ပန့်စ်အနေဖြင့် သမ္မတထရမ့်ကိုဖယ်ရှားရေး ဆောက်ရွက်ခြင်း မပြုပါကလည်း ဥပဒေပြုလွှတ်တော်က သမ္မတထရမ့်အား စွပ်စွဲပြစ်တင်မှုကို ဒုတိယအဆင့်အနေဖြင့် ထပ်မံဆောင်ရွက်သွားဦးမည်ဖြစ်သည်။

ဒီမိုကရက်ပါတီဝင် အောက်လွှတ်တော်ဥက္ကဋ္ဌ နန်စီပလိုစီက လွှတ်တော်အမတ်များထံစာရေးသား၍ "ကျွန်မတို့ရဲ့ ဒီမိုကရေစီနဲ့ အခြေခံဥပဒေကို ကာကွယ်ဖို့ အရေးပေါ်ဆောင်ရွက်ရပါမယ်။ ဘာလို့လဲဆိုရင် ဒီသမ္မတက ဒီအရာနှစ်ခုစလုံးကို အများကြီး ခြိမ်းခြောက်နေလို့ပါ"ဟု ပြောကြားခဲ့သည်။

သို့ရာတွင် အောက်လွှတ်တော်ရှိ ရီပတ်ဘလီကန် ခေါင်းဆောင် မက္ကာသီက ယင်းအဆိုကို ပယ်ချခဲ့သလို အခြားရီပတ်ဘလီကန် အများစုကလည်း သမ္မတထရမ့်အနေဖြင့် ဇန်နဝါရီ ၂၀ ရက်တွင် သမ္မတတာဝန်ပြီးဆုံးပြီဖြစ်သောကြောင့် စွပ်စွဲပြစ်တင်ခြင်းကိစ္စရပ် ဆောင်ရွက်ရန်မှာ မလိုအပ်ကြောင်းပြောကြားခဲ့သည်။

သို့ရာတွင် ယင်းသို့ဆောင်ရွက်ခြင်းက သမ္မတထရမ့်အနေဖြင့် လာမည့် သမ္မတရွေးကောက်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ခြင်း မပြုနိုင်ရန်နှင့် သမ္မတဟောင်းများ ခံစားခွင့်ပင်စင်မရရှိစေရန်အတွက် ဒီမိုကရက်တို့ဘက်မှ ဆောင်ရွက်လာခြင်းဖြစ်သည် ဟူသော ခန့်မှန်းမှုများလည်း ရှိနေသည်။

ဇန်နဝါရီ ၆ ရက်က လွှတ်တော်ဝင်ရောက်စီးနင်းခဲ့သည့် ဖြစ်စဉ်ကြောင့် ငါးဦးသေဆုံးခဲ့ရပြီး ဝင်ရောက်စီးနင်းခဲ့သူများအား ပြည်တွင်းအကြမ်းဖက်မှု ၂၅ မှုဖြင့် အမှုဖွင့်စုံစမ်းစစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ကိုးကား- အေအက်ဖ်ပီ၊ ဘာသာပြန်- မေလွဲ့သင်း**



# ဝါရှင့်သံတမန် ဝီလီယံဘန်းအား စီအိုင်အေညွှန်ကြားရေးမှူးအဖြစ် ခန့်အပ်ရန် အမေရိကန်ရွေးကောက်ခံသမ္မတ ဂျိုးဘိုင်ဒင် ရွေးချယ်

**ဝါရှင်တန် ဇန်နဝါရီ ၁၁**



အမေရိကန်ရွေးကောက်ခံသမ္မတ ဂျိုးဘိုင်ဒင်သည် သံတမန်အဖြစ် နှစ်ပေါင်း ၃၀ ကြာ တာဝန်ထမ်းဆောင်ခဲ့သည့် ဝီလီယံဘန်းကို စီအိုင်အေ (အမေရိကန်ဗဟိုထောက်လှမ်းရေးအေဂျင်စီ) ညွှန်ကြားရေးမှူးအဖြစ် ခန့်အပ်ရန် ရွေးချယ်လိုက်ကြောင်း သိရသည်။

မစ္စတာဘန်းသည် အမေရိကန်သမ္မတ အိုဘားမားလက်ထက် ၂၀၁၅ ခုနှစ်အတွင်းက အီရန်နိုင်ငံနှင့်သမိုင်းဝင်နျူကလီးယားသဘောတူညီချက် တစ်ရပ်ရရှိရန် ဦးဆောင်ဦးရွက်ပြုခဲ့သူဖြစ်ပြီး ၂၀၁၅ ခုနှစ်မတိုင်မီက ရုရှားနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်အဖြစ် ၂၀၀၅ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။

လက်ရှိတွင် ဝီလီယံဘန်းသည် ကာနေဂျီအပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေး ရန်ပုံငွေအဖွဲ့၏ ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ ဝီလီယံဘန်းအား စီအိုင်အေညွှန်ကြားရေးမှူးအဖြစ်ခန့်အပ်ရေး အမေရိကန်အထက်လွှတ်တော်က အတည်ပြုခဲ့ပါက ဝီလီယံဘန်းသည် စီအိုင်အေညွှန်ကြားရေးမှူး တာဝန်ထမ်းဆောင်ခွင့်ရရှိမည့် ပထမဆုံးသံတမန်ဖြစ်လာမည်ဖြစ်သည်။ ဝီလီယံဘန်းသည် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနတွင် ၃၃ နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် ၂၀၁၄ ခုနှစ်တွင် အနားယူခဲ့သည်။

ဇန်နဝါရီ ၂၀ ရက်တွင် သမ္မတရာထူး တာဝန်စတင်ထမ်းဆောင်မည့် အမေရိကန်ရွေးကောက်ခံသမ္မတ ဂျိုးဘိုင်ဒင်သည် ၎င်း၏ ကျမ်းသစ္စာကျိန်ဆိုပွဲပြုလုပ်ရန် နီးကပ်လာပြီဖြစ်သည့်အတွက် အမျိုးသားလုံခြုံရေးအဖွဲ့ကို အတည်ပြုပေးရန်လည်း ဥပဒေပြုလွှတ်တော်သို့ တောင်းဆိုခဲ့ကြောင်း သိရသည်။

**ကိုးကား- ဘီဘီစီ၊ ဘာသာပြန်- အလင်းသစ်**

# ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံသည့်လုပ်ငန်းများ အရှိန်အဟုန်မြှင့်မည်ဟု ဗြိတိန်ပြောကြား

**လန်ဒန် ဇန်နဝါရီ ၁၁**

ဗြိတိန်နိုင်ငံတွင် ပထမအသုတ် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံရေးအစီအစဉ်တွင် နိုင်ငံသားနှစ်သန်းအား ကာကွယ်ဆေးထိုးနှံပေးခဲ့ပြီး ဖေဖော်ဝါရီလလယ်မတိုင်မီ ရောဂါခုခံနိုင်စွမ်းနည်းသည့် နိုင်ငံသားများအား ကာကွယ်ဆေးထိုးနှံပေးမည်ဖြစ်ကြောင်း ဗြိတိန်ကျန်းမာရေးဝန်ကြီး မက်စ်ဟန်းကော့က ပြောကြားခဲ့သည်။

ဆောင်းဦးရာသီအရောက်တွင် အရွယ်ရောက်ပြီးသူ နိုင်ငံသားအားလုံးကို ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးမည်ဟု ကျန်းမာရေးဝန်ကြီး မက်စ်ဟန်းကော့က ယမန်နေ့တွင် ပြောကြားခဲ့သည်။ မိမိတို့အနေဖြင့် ပြီးခဲ့သည့်သီတင်းပတ်အတွင်း နိုင်ငံသားအများအပြားကို ကာကွယ်ဆေးထိုးပေးနိုင်ခဲ့ပြီး ၎င်းကာကွယ်ဆေးထိုးနှံသည့်လုပ်ငန်းများကို အရှိန်မြှင့်ဆောင်ရွက်သွားမည်ဟု ၎င်းက ဘီဘီစီသတင်းဌာနသို့ ပြောကြားသည်။ လက်ရှိအချိန်တွင် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှုများမြင့်မားနေသော်လည်း နိုင်ငံသားများ၏ လူမှုဘဝများ ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိရေးအတွက် ဆောင်ရွက်သွားမည်ဟု တာဝန်ရှိသူများက ပြောကြားသည်။ ပထမအသုတ် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံမှုခံယူသူများအား Pfizer ကာကွယ်ဆေး(သို့မဟုတ်) AstraZeneca ကာကွယ်ဆေးများဖြင့် ထိုးနှံပေးခဲ့ကြောင်း မက်စ်ဟန်းကော့က ပြောကြားသည်။

အစိုးရအနေဖြင့် ဖေဖော်ဝါရီလလယ်မတိုင်မီတွင် အသက်၇၀နှစ်အထက် သက်ကြီးရွယ်အိုများအပါအဝင် နိုင်ငံသား ၁၄ သန်းအား ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးနိုင်ရန်အတွက် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါအစီအစဉ်အောင်မြင်စေရေးအတွက် သီတင်းတစ်ပတ်လျှင် လူပေါင်းနှစ်သန်းအား ကာကွယ်ဆေးထိုးပေးရမည်ဖြစ်သည်။ ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံသည့်စင်တာခုနစ်ခုကို ယခုသီတင်းပတ်အတွင်း ဖွင့်လှစ်သွားမည်ဖြစ်ပြီး ၎င်းစင်တာများတွင် ဆရာဝန် ၁၀၀၀ အား တာဝန်ချထားမည်ဟု သိရသည်။ အစိုးရသည် ဒုတိယအကြိမ် ထိုးနှံရမည့် ကာကွယ်ဆေးကို ပထမအကြိမ်ဆေးထိုးပြီးနောက် သီတင်း ၁၂ ပတ်အကြာတွင် ထိုးနှံရမည်ဟု ပြောင်းလဲသတ်မှတ်ခဲ့သည်။

Pfizer ဆေးကုမ္ပဏီမှဆေးပညာရှင်များက ကာကွယ်ဆေးတစ်ကြိမ် ထိုးနှံမှုခံယူပြီးချိန်တွင် ဆေး၏အာနိသင်မှာ ရက်ပေါင်းများစွာအထိ ရှိနေမည်မဟုတ်ကြောင်းသတိပေးခဲ့သည်။ မူလက သတ်မှတ်ထားသောအချိန်အတိုင်းအတာမှာ ပထမအကြိမ်ကာကွယ်ဆေးထိုးနှံမှုခံယူပြီးနောက်တွင် သီတင်းပတ်သုံးပတ်သာခြားပြီး ဒုတိယအကြိမ် ကာကွယ်ဆေးထိုးနှံမှုခံယူရန်ဖြစ်သည်။ နိုင်ငံအတွင်း ဗီဇပြောင်းကိုရိုနာဗိုင်းရပ်ကူးစက်ခံရသူ အရေအတွက်မှာလည်း များပြားလာသဖြင့် ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်အနေဖြင့် တတိယအကြိမ်အသွားအလာကန့်သတ်မှုများချမှတ်ခဲ့ရသည်။ ဗြိတိန်နိုင်ငံ၏ ဆေးဘက်ဆိုင်ရာအရာရှိချုပ် ခရစ်ဝှစ်တီက နိုင်ငံ၏ကျန်းမာရေးစောင့်ရှောက်မှုစနစ်တွင် အခက်အခဲဆုံးအခြေအနေနှင့် ကြုံတွေ့နေရကြောင်း ပြောကြားသည်။

နိုင်ငံသားများအနေဖြင့် ယခုချမှတ်ထားသော ကျန်းမာရေးဆိုင်ရာစည်းမျဉ်းများကို လိုက်နာပါက ကန့်သတ်မှုများထပ်မံပြုလုပ်ရန် လိုအပ်မည်မဟုတ်ကြောင်း ကျန်းမာရေးဝန်ကြီး မက်စ်ဟန်းကော့က ပြောကြားသည်။ **ကိုးကား- အေအက်ဖ်ပီ**
**ဘာသာပြန်- စိုးသူရ**

# အငြင်းပွားနေသည့် နိုင်းမြစ်ရေလှောင်တမံအရေး ဆွေးနွေးမှု ရလဒ်ကောင်းမထွက်ခဲ့

**အဒစ်အဘာဘာ ဇန်နဝါရီ ၁၁**

အီသီယိုးပီးယား၊ ဆူဒန်နှင့် အီဂျစ်နိုင်ငံတို့အကြား ကာလရှည်အငြင်းပွားနေသည့် နိုင်းမြစ်ရေလှောင်တမံကိစ္စရပ်ကို ပြန်လည်ညှိနှိုင်းအဖြေရှာရန် သုံးနိုင်ငံစလုံးက ကြိုးပမ်းခဲ့သော်လည်း ယမန်နေ့ ဆွေးနွေးပွဲသည် ယနေ့မှာပင် ပြန်လည်အဆုံးသတ်ခဲ့ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြသည်။

အီသီယိုးပီးယားနိုင်ငံသည် နိုင်ငံအနောက်ဘက် နိုင်းမြစ်ပေါ်တွင် ထုထည်ပမာဏကြီးမားသည့် ရေကာတာတစ်ခုကို လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရန်အတွက် တည်ဆောက်ခဲ့ရာ ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ် ဇူလိုင်လအတွင်း ပြီးစီးခဲ့သည်။ အီသီယိုးပီးယားနိုင်ငံအနေဖြင့် အဆိုပါရေကာတာမှထွက်ရှိသည့် လျှပ်စစ်ဓာတ်အားကို ပြည်တွင်းအတွက်သာမက ပြည်ပသို့ရောင်းချနိုင်ရန်အတွက်ပါ ရည်ရွယ်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် အီသီယိုးပီးယားအနေဖြင့် ယင်းရေကာတာတည်ဆောက်မှုတွင် နိုင်းမြစ်ဝှမ်းရှိ အခြားနိုင်ငံများဖြစ်သော အီဂျစ်၊ ဆူဒန်နိုင်ငံတို့နှင့် ညှိနှိုင်းမှုမပြုဘဲ တည်ဆောက်ခဲ့ခြင်းကြောင့် အီဂျစ်နှင့် ဆူဒန်တို့က အီသီယိုးပီးယား၏ လုပ်ရပ်အပေါ် ပြစ်တင်ဝေဖန်မှုများ ပြုလုပ်လျက်ရှိသည်။

အီဂျစ်နိုင်ငံသည် ယင်းသို့ထုထည်ကြီးမားသည့် ရေကာတာကြောင့် နိုင်းမြစ်၏ ဂေဟစနစ်နှင့် ရေထုအရည်အသွေးကို ထိခိုက်စေရုံမျှမက အီဂျစ်အတွက် နိုင်းမြစ်မှ ရေရရှိမှုပမာဏကိုပါ လျော့နည်းကျဆင်းမည်ကို စိုးရိမ်မှုရှိနေသည်။ ဆူဒန်ဘက်ကလည်း အီသီယိုးပီးယားအနေဖြင့် ရေအရင်းအမြစ်မျှဝေသုံးစွဲနေရသည့် နိုင်းမြစ်ပေါ်၌ ရေကာတာတည်ဆောက်ရာတွင် ညှိနှိုင်းရမည့်အဆင့်များကို ကျော်လွန်ကာ ဆောင်ရွက်ခဲ့သည်ဟု စွပ်စွဲထားသည်။ ၂၀၂၀ ပြည့်နှစ်အတွင်း ကုလသမဂ္ဂနှင့် ကမ္ဘာ့ဘဏ်တို့ဘက်မှ ကြားဝင်ညှိနှိုင်းပေးခဲ့သော်လည်း အဆိုပါပဋိပက္ခမှာ ပြေလည်မှုမရရှိခဲ့ပေ။ အလားတူ ယမန်နေ့ သုံးနိုင်ငံဝန်ကြီးများတွေ့ဆုံမှုသည်လည်း အလုပ်မဖြစ်ခဲ့ဘဲ သုံးနိုင်ငံစလုံးက ၎င်းတို့၏သဘောထားများကို အသီးသီးထုတ်ပြန်ခဲ့ခြင်းဖြင့် ဆွေးနွေးပွဲကို အဆုံးသတ်ခဲ့သည်။

အီသီယိုးပီးယားသည် ပြည်တွင်း၌ တီဂရေးပဋိပက္ခအပြင် ဆူဒန်နိုင်ငံနှင့် နယ်စပ်ပြဿနာများ ဖြစ်ပွားလျက်ရှိစဉ်မှာပင် နိုင်းမြစ်ရေကာတာကို ညှိနှိုင်းမှုမပြုဘဲ အလျင်စလိုတည်ဆောက်ခဲ့မှုကြောင့် အီဂျစ်၊ ဆူဒန်တို့နှင့် အငြင်းပွားမှုများပါ ထပ်မံဖြစ်ပေါ်လာခြင်းဖြစ်သည်။

**ကိုးကား- ဘီဘီစီ၊ ဘာသာပြန်-မေလွဲ့သင်း**

# ဘရာဇီးနိုင်ငံက ဇန်နဝါရီ ၁၅ ရက်မှစ၍ Sputnik V ကာကွယ်ဆေး ထုတ်လုပ်မှု စတင်မည်

**ဆော်ပေါ်လို ဇန်နဝါရီ ၁၁**

ဘရာဇီးနိုင်ငံက ဇန်နဝါရီလ ၁၅ ရက်မှစ၍ ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး Sputnik V ထုတ်လုပ်မှုစတင်မည်ဖြစ်ကြောင်း ကာကွယ်ဆေးထုတ်လုပ်ရေးကုမ္ပဏီများက တွစ်တာလူမှုကွန်ရက်၌ ကြေညာခဲ့သည်။

"ဘရာဇီးနိုင်ငံက ဇန်နဝါရီလ ၁၅ ရက်မှာ Sputnik V ကာကွယ်ဆေးထုတ်လုပ်မှု စတင်မှာဖြစ်ပါတယ်"ဟု ရုရှားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့က ပြောသည်။ Sputnik V ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဘရာစီးလီးယားနှင့် ဂွာရူဟို့စ်မြို့တော်၌ ထုတ်လုပ်မည် ဖြစ်သည်။ Sputnik V ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဘရာဇီးနိုင်ငံ၏ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်တွင် အရေးပေါ်အသုံးပြုခွင့်ရရှိရန် Uniao Quimica ဆေးဝါးကုမ္ပဏီက စီစဉ်လျက်ရှိသည်။

ဘရာဇီးကျန်းမာရေးဆိုင်ရာ ကွပ်ကဲရေးအေဂျင်စီ (Anvisa) က ဇန်နဝါရီ ၈ ရက်တွင် Sputnik V ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှင့် ပတ်သက်သော အချက်အလက်များ ထပ်မံတောင်းခံခဲ့သည်။ ၂၀၂၀ ပြည့်နှစ် ဩဂုတ်လ ၁၁ ရက်တွင် ရုရှားနိုင်ငံက Sputnik V ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး မှတ်ပုံတင်သည့် ကမ္ဘာ့ပထမဆုံးနိုင်ငံ ဖြစ်လာခဲ့သည်။ **ကိုးကား- တက်စ်၊ ဘာသာပြန်- ကျော်ထိုက်စိုး**





# ဖိလစ်ပိုင်နိုင်ငံက အမေရိကန်ဆေးဝါးကုမ္ပဏီ Novavax ထံမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ သန်း ၃၀ ဝယ်ယူ




**မနီလာ ဇန်နဝါရီ ၁၁**
ဖိလစ်ပိုင်နိုင်ငံသည် အမေရိကန်ဆေးဝါးကုမ္ပဏီ Novavax ထံမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အလုံးရေ သန်း ၃၀ ဝယ်ယူခဲ့ကြောင်း တာဝန်ရှိသူများက ဇန်နဝါရီ ၁၀ ရက်တွင် ပြောကြားခဲ့သည်။

ယခုဝယ်ယူခဲ့သည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးသည် ဖိလစ်ပိုင်နိုင်ငံ၏ ဒုတိယမြောက်ဝယ်ယူခဲ့သည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးဖြစ်သည်။ ဖိလစ်ပိုင်နိုင်ငံအစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ သန်းဝက်နီးပါး ရှိလာသော်လည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးဝယ်ယူမှုတွင် နှေးကွေးမှုများရှိခဲ့ခြင်းကြောင့် ဝေဖန်မှုများ ခံရလျက်ရှိကြောင်း သိရသည်။

ထို့ကြောင့် ဖိလစ်ပိုင်အစိုးရအနေဖြင့် နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်အတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး လုံလောက်မှုရှိစေရန် ဆေးဝါးကုမ္ပဏီ ခုနစ်ခုထံမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အလုံးရေ ၁၄၈ သန်း ဝယ်ယူရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

Novavax ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးသည် အမေရိကန်နိုင်ငံ၊ မက္ကဆီကိုနိုင်ငံနှင့် ဗြိတိန်နိုင်ငံတို့တွင် လူသားများဖြင့် လက်တွေ့စမ်းသပ်မှု နောက်ဆုံးအဆင့်သို့ ရောက်ရှိနေပြီး နိုင်ငံတကာဆေးဝါးဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၏ အသုံးပြုမှုဆိုင်ရာ အတည်ပြုချက် မကြာမီရရှိမည်ဟုလည်း မျှော်လင့်ထားကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံသည် AstraZeneca ဆေးဝါးကုမ္ပဏီနှင့် အောက်စ်ဖို့ဒ်တက္ကသိုလ်တို့ ပူးပေါင်းထုတ်လုပ်သည့် AstraZeneca ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၂ ဒသမ ၆ သန်းဝယ်ယူရေးအတွက် AstraZeneca ဆေးဝါးကုမ္ပဏီနှင့် ယခင်က စာချုပ်တစ်ရပ်ချုပ်ဆိုထားခဲ့ပြီး ပြည်သူနှင့် ပုဂ္ဂလိက ရန်ပုံငွေဖြင့် AstraZeneca ဆေးဝါးကုမ္ပဏီထံမှ နောက်ထပ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အလုံးရေ သန်း ၃၀ ဝယ်ယူရန်လည်း ဖိလစ်ပိုင်အစိုးရက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုးကား - စီအင်န်အေ**
**ဘာသာပြန် - အလင်းသစ်**

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၀ ဒသမ ၄ သန်းကျော်ရှိလာ

**နယူးဒေလီ ဇန်နဝါရီ ၁၁**
အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၆၃၁၁ ဦးရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၁၀၄၆၆၅၉၅ ဦးအထိရှိလာခဲ့ကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

ထို့ပြင် အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၆၁ ဦးရှိခဲ့ခြင်းကြောင့် သေဆုံးသူစုစုပေါင်း ၁၅၁၁၆၀ အထိရှိလာခဲ့ကြောင်းလည်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါပြန်လည်သက်သာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ ၁၀၀၉၂၉၀၉ ဦး ရှိလာခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ပိုးတွေ့ဆဲလူနာ ၂၂၂၅၂၆ ဦးသာကျန်ရှိတော့ကြောင်းလည်း သိရသည်။

မြို့တော်နယူးဒေလီသည် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှင့် သေဆုံးမှုဒဏ် အများဆုံးခံရလျက်ရှိရာ လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၉၉ ဦးနှင့် သေဆုံးသူ ၁၂ ဦး ရှိခဲ့ကြောင်း သိရသည်။ ထို့ကြောင့် လက်ရှိတွင် မြို့တော်နယူးဒေလီ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၁၀၆၇၈ ဦးရှိသွားပြီဖြစ်ကြောင်းလည်း နယူးဒေလီကျန်းမာရေးဌာနက အတည်ပြုပြောကြားခဲ့သည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**

# ဂျပန်နိုင်ငံထုတ် Actemra ဆေးက ကိုဗစ်-၁၉ ရောဂါ ကုသရာတွင် ထိရောက်မှုရှိ

**တိုကျို ဇန်နဝါရီ ၁၁**
ဂျပန်နိုင်ငံထုတ် အဆစ်အမြစ်အကိုက်အခဲပျောက်ဆေးဖြစ်သည့် Actemra ဆေးသည် ကိုဗစ်-၁၉ ရောဂါရှင်များအား ကုသရာတွင် ထိရောက်မှုရှိပြီး ရောဂါပြင်းထန်သူများ၏ သေဆုံးနှုန်းကိုပါ သိသိသာသာလျှော့ချပေးနိုင်ကြောင်း ဗြိတိန်သုတေသနအဖွဲ့က ယနေ့ အတည်ပြုသည်။

လန်ဒန်မြို့ အင်ပရီယဲလ်ကောလိပ်မှ သုတေသနပညာရှင်များက စမ်းသပ်မှုများစွာပြုလုပ်ပြီးနောက် Actemra ဆေး၏ အာနိသင်နှင့် ရရှိမည့်အကျိုးကျေးဇူးများကို အတည်ပြုခဲ့ခြင်းဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါလက္ခဏာပြင်းထန်သူများ၏ ၃၅ ဒသမ ၈ ရာခိုင်နှုန်းမှာ သေဆုံးလေ့ရှိသော်လည်း ယင်း Actemra ဆေးရရှိသည့် လူနာအုပ်စုတွင် သေဆုံးမှု ခုနစ်ရာခိုင်နှုန်းအထိ ကျဆင်းသွားခဲ့သည်ကို တွေ့ရှိရသည်။ အထူးကြပ်မတ်ကုသဆောင်နှင့် ဆေးရုံတက်ရောက်ကုသနေရသည့် လူနာများကို Actemra ဆေးဖြင့် ကုသသင့်ကြောင်း ဗြိတိန်သုတေသနအဖွဲ့က အကြံပြုခဲ့ခြင်းဖြစ်သည်။

Actemra ဆေးကို အိုဆာကာတက္ကသိုလ်နှင့် ချူဂိုင်ဆေးဝါးကုမ္ပဏီတို့က ပူးတွဲထုတ်လုပ်ပြီး ယင်းဆေးသည် လူ့ခန္ဓာကိုယ်၏ ခုခံအားစနစ် ပုံမှန်အခြေအနေတွင် ရှိနေစေရန် ထိန်းညှိပေးနိုင်စွမ်းရှိသည်။ ဆေးရုံတက်ရောက်ကုသရသည့် အနေအထားရှိ လူနာများအားလုံးကို Actemra ဆေးဖြင့် ကုသပေးသင့်သည်ဟု ဗြိတိန်အစိုးရက ၎င်းတို့၏ တရားဝင်ဝက်ဘ်ဆိုက်တွင် တိုက်တွန်းရေးသားထားသည်။ သို့ရာတွင် ဗြိတိန်သုတေသနအဖွဲ့က အခြားအဆစ်အမြစ်အကိုက်အခဲပျောက်ဆေးများအားလုံးကလည်း Actemra ဆေးနှင့် အာနိသင်တူညီသည့်အတွက် Actemra ဆေးမရရှိသည့် နေရာများတွင် အခြားအဆစ်အမြစ်ကုသဆေးများကို အသုံးပြုကုသသင့်ကြောင်း ဆက်လက်ဖော်ပြထားသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - မေလှဲ့သင်း**

## ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

| | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၉၀၇၆၈၇၁၆ | ဦး |
| သေဆုံးသူ | ၁၉၄၄၇၁၁ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၆၄၉၁၁၈၂၄ | ဦး |



# အစ္စရေးနိုင်ငံ၌ ပညာရေးဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး စတင်ထိုးနှံ

**ဂျေရုဆလင် ဇန်နဝါရီ ၁၁**
အစ္စရေးနိုင်ငံ၌ ဆရာ ဆရာမများနှင့် အခြားသော ပညာရေးဝန်ထမ်းများအားလုံးကို ဇန်နဝါရီ ၁၀ ရက်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး စတင်ထိုးနှံခဲ့ကြောင်း အစ္စရေးပညာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ပညာရေးဝန်ထမ်း ၂၀၃၀၀ ကျော်ရှိသည့် အစ္စရေးပညာရေးအဖွဲ့အစည်းသည် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ခရီးသွားလာခွင့်ကန့်သတ်ထားခြင်းမရှိသည့် အချိန်များတွင် ကျောင်းသားကျောင်းသူ ၂ ဒသမ ၄ သန်းကျော်အား နေ့စဉ်ပညာသင်ကြားပေးခဲ့ရကြောင်း သိရသည်။

ပညာရေးဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးမှု ပထမအဆင့်တွင် နိုင်ငံအတွင်း အသွားအလာကန့်သတ်မှုချမှတ်ထားစဉ်ကာလအတွင်း တာဝန်ထမ်းဆောင်နေသည့် ဆရာ ဆရာမများကို ပထမဆုံးထိုးနှံပေးမည်ဖြစ်ကြောင်းလည်း သိရသည်။

အစ္စရေးနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုကို ပြီးခဲ့သည့်နှစ် ဒီဇင်ဘာ ၂၀ ရက်တွင် စတင်ခဲ့ခြင်းဖြစ်ပြီး လက်ရှိအချိန်တွင် အသက် ၆၀ နှင့်အထက်ရှိသူများ၏ ၇၂ ရာခိုင်နှုန်းခန့်ကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးပြီးဖြစ်ကြောင်းလည်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်**

# ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဇန်နဝါရီ ၁၄ ရက်တွင် တရုတ်နိုင်ငံသို့ ရောက်ရှိမည်

**ပေကျင်း ဇန်နဝါရီ ၁၁**
ကိုဗစ်-၁၉ ရောဂါစတင်ဖြစ်ပွားမှုကို စုံစမ်းမည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အထူးကျွမ်းကျင်ပညာရှင် ၁၀ ဦးအဖွဲ့သည် ဇန်နဝါရီ ၁၄ ရက်တွင် တရုတ်နိုင်ငံသို့ ရောက်ရှိမည်ဖြစ်ကြောင်း တရုတ်အမျိုးသားကျန်းမာရေး အာဏာပိုင်များက ယနေ့ အတည်ပြုသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် အစောပိုင်းက တရုတ်နိုင်ငံအနေဖြင့် ကျွမ်းကျင်ပညာရှင်အဖွဲ့ကို ဝင်ခွင့်မပေးသည့်အတွက် စိတ်ပျက်ရကြောင်း ပြောကြားခဲ့သော်လည်း ယင်းမှာ အတည်ပြုမှု နောက်ကျခြင်းသာဖြစ်ကာ နားလည်မှုလွဲခဲ့ခြင်းသာဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။

တရုတ်နိုင်ငံခြားရေး ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဝင်များ၏ ခရီးစဉ်အတိအကျကို ဖော်ပြခဲ့ခြင်းမရှိဘဲ ဇန်နဝါရီ ၁၄ ရက်တွင် ရောက်ရှိမည်ဟုသာ ဖော်ပြခဲ့သည်။ ကြေညာချက်တွင် "ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် တရုတ်သိပ္ပံပညာရှင်များ ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှု ဇာစ်မြစ်ကို သိရှိနိုင်ရေးအတွက် ပူးတွဲသုတေသနတစ်ရပ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း" ဖော်ပြပါရှိသည်။

ကျွမ်းကျင်ပညာရှင်များ အနေဖြင့် သီးခြားခွဲနေထိုင်သည့် ၁၄ ရက်ကာလ ပြည့်မြောက်ချိန်ရောက်မှသာ စုံစမ်းမှုများကို စတင်လုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။ ကိုဗစ်-၁၉ ရောဂါသည် ၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် တရုတ်နိုင်ငံ ဝူဟန်မြို့၌ စတင်တွေ့ရှိခဲ့ခြင်းကြောင့် ကိုရိုနာဗိုင်းရပ်စ်၏ ဇာစ်မြစ်ကို လေ့လာရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ လာရောက်ခြင်းဖြစ်သည်။

**ကိုးကား - စီအင်န်အေ**
**ဘာသာပြန် - မေလှဲ့သင်း**




ပထမဆုံး ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားခဲ့သည့် တရုတ်နိုင်ငံ အလယ်ပိုင်း ဝူဟန်မြို့ရှိ ဈေးတစ်နေရာ။

# လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ အထွေထွေမန်နေဂျာ ဦးစိုးပိုင်အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်အရေးယူ

**နေပြည်တော် ဇန်နဝါရီ ၁၁**
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် ဌာနဆိုင်ရာအကြီးအကဲရာထူးနှင့် လုပ်ပိုင်ခွင့်အာဏာကို အသုံးချပြီး ကိုယ်ကျိုးအတွက် စီးပွားရှာ၍ မမှန်မကန်ဆောင်ရွက်နေမှုများကြောင့် အဂတိလိုက်စားမှုပပျောက်ရေးအတွက် အရေးယူပေးပါရန် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားခဲ့သည်။

တိုင်ကြားစာအရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ အထွေထွေမန်နေဂျာ ဦးစိုးပိုင်သည် လေကြောင်းလမ်းညွှန်ထိန်းသိမ်းမှု စစ်ဆေးရေးဌာနခွဲ၏ ညွှန်ကြားရေးမှူးရာထူးနှင့် လေကြောင်းပျံသန်းမှုလမ်းညွှန်ထိန်းသိမ်းရေးဌာနခွဲ၏ အထွေထွေမန်နေဂျာ ရာထူးတာဝန်များကို တာဝန်ထမ်းဆောင်စဉ်အတွင်း လုပ်ပိုင်ခွင့်အာဏာကိုအသုံးပြု၍ ကိုယ်ပိုင်စီးပွားရေးအသွင် ဆောင်ရွက်ခြင်းဖြင့် ပြည်ပ Agent (operator)များထံမှ လေကြောင်းဖြတ်ကျော်ပျံသန်းခွင့်ပါမစ် အမြန်ရရှိအောင် ဆောင်ရွက်ခအနေဖြင့် permit နံပါတ်တစ်ခုလျှင် အမေရိကန်ဒေါ်လာ ၁၀၀၊ ဖ၀၊ ၄၀ စသဖြင့် ပေးရန် ဦးစိုးပိုင်အမည်ဖြင့် ဖွင့်ထားသည့် email ကို အသုံးပြု၍ အကြောင်းကြားခဲ့ပြီး ပြည်ပ Agent (operator) ၁၂ ခုတို့က အလီလီပေးပို့သည့် အမြန်ဆောင်ရွက်ခအပါအဝင် အမေရိကန်ဒေါ်လာ ၇၂၀၆၆ ဒေါ်လာကို ဦးစိုးပိုင်အမည်ဖြင့် ဖွင့်လှစ်ထားသည့် ပြည်ပနိုင်ငံရှိ Bank အကောင့်သို့ ပေးသွင်းစေခဲ့ခြင်းနှင့် ငွေကြေးများ လက်ခံရယူခဲ့ခြင်းတို့သည် ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ အဂတိလိုက်စားမှုကို ကျူးလွန်ခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ဦးစိုးပိုင်အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၆ အရ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့မရဲစခန်းတွင် ယနေ့ရက်စွဲဖြင့် ပထမသတင်းပေးတိုင်ကြားချက် ဖွင့်လှစ်၍ တရားစွဲဆို အရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ သိရသည်။

သတင်းစဉ်




# မတ္တရာမြို့နယ်၌ တရားမဝင်ကျွန်းတုံးခါးချပ်များ သိမ်းဆည်းရမိ

**မတ္တရာ ဇန်နဝါရီ ၁၁**
မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်တွင် ဇန်နဝါရီ ၁၀ ရက်က တရားမဝင်ကျွန်းတုံးခါးချပ်များ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

မတ္တရာမြို့နယ် သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများ၊ လင်းမြွေချောင်းရဲကင်းမှ တာဝန်ရှိသူများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဝသုန္ဒရဘိနယ်အတွင်း နယ်မြေရှင်းလင်းဆောင်ရွက်စဉ် ထန်းပင်ကုန်းကျေးရွာအုပ်စု ထန်းပင်ကျေးရွာတောင်ဘက် ချောင်းမကြီးအနီးတွင် ရပ်တန့်ထားသည့် ၁၂ ဘီးယာဉ်ပေါ်၌ ကျွန်းတုံးခါးချပ်များ တင်ဆောင်ထားသည်ကို တွေ့ရှိရသဖြင့် ယာဉ်ပေါ်ပါ ကျွန်းတုံးခါးချပ်များအား မြို့နယ်သစ်တောဦးစီးဌာနရုံးတွင် စစ်ဆေးရာ တရားမဝင်ကျွန်းတုံးခါးချပ် ၉၅ ချပ် (၂ ဒသမ ၀၉၆၀ တန်) အား သိမ်းဆည်းရမိခဲ့သည်။

အဆိုပါ တရားမဝင်ကျွန်းတုံးခါးချပ်များ သယ်ဆောင်လာသူများအား စုံစမ်းဖော်ထုတ် အရေးယူနိုင်ရေးအတွက် မတ္တရာမြို့မရဲစခန်းက အမှုဖွင့် စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုးကျော်သူထွေး(မတ္တရာ)



နန်းစူဂလိန်း၊ ထက်လင်းစိုး၊ နိုင်မိုးချစ်နှင့် ကျော်ဌေးအောင်တို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# ထားဝယ်မြို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**ထားဝယ် ဇန်နဝါရီ ၁၁**
တနင်္သာရီတိုင်းဒေသကြီး ရဲတပ်ဖွဲ့၊ ထားဝယ်မြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်အေးမင်းခိုင် ဦးစီးပူးပေါင်းအဖွဲ့သည် မူးယစ်ဆေးဝါးသတင်းအရ ဇန်နဝါရီ ၁၀ ရက် ညနေ ၅ နာရီခွဲတွင် ထားဝယ်မြို့ ထိန်းသစ်ရပ်ကွက် မြိုင်နံ့သာလမ်းသွယ်နေ ထက်လင်းစိုး၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေစစ်ဆေးရာ နေအိမ်အောက်ထပ်တွင် ၎င်းနှင့် နိုင်မိုးချစ်၊ ကျော်ဌေးအောင်၊ နန်းစူဂလိန်းတို့အား WY စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၊ မူးယစ်ဆေးဝါးသုံးကိရိယာများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ထက်လင်းစိုးပါ လေးဦးအား ထားဝယ်မြို့မရဲစခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

သတင်းစဉ်

# ဟိုပုံးမြို့နယ်၌ ဘိန်းခင်းများ ဖျက်ဆီး

**ဟိုပုံး ဇန်နဝါရီ ၁၁**
ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တွင် နောင်စုံကျေးရွာအတွင်းရှိ ဖွံ့ဖြိုးဆဲဘိန်းခင်းနှင့် သီးပွင့်ဆဲဘိန်းခင်း ၁၅ ကေခန့်ကို ဇန်နဝါရီ ၉ ရက်က ဟိုပုံးမြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ဟိုပုံးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးလှိုင်ထွေးနှင့် တပ်ဖွဲ့ဝင်များ၊ ဟိုပုံးမြို့ တပ်မတော်ကွန်ပျူတာနှင့် နည်းပညာသိပ္ပံကျောင်းမှ ဗိုလ်ကြီးဇေယျာဝင်းနှင့် တပ်ဖွဲ့ဝင်များ၊ အမှတ်(၂၅) မူးယစ်တပ်ဖွဲ့စု (တောင်ကြီး)မှ ရဲတပ်ကြပ်ကြီး ရဲဝင်းထွန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၉ ရက် နံနက် ၇ နာရီ ၄၅ မိနစ်က ဟိုပုံးမြို့နယ် နောင်စုံကျေးရွာ၏ အရှေ့တောင်ဘက် နှစ်ဖာလုံခန့်အကွာ အမြင့် တစ်ပေခန့်အရွယ်ရှိ ဖွံ့ဖြိုးဆဲဘိန်းခင်း နှစ်ကေခန့်၊ နောင်စုံကျေးရွာ၏ အရှေ့တောင်ဘက် လေးဖာလုံခန့်အကွာ အမြင့် သုံးပေခန့်အရွယ်ရှိ သီးပွင့်ဆဲဘိန်းခင်း ကိုးကေခန့်၊ နောင်စုံကျေးရွာ၏ အရှေ့တောင်ဘက် နှစ်မိုင်ခန့်အကွာ အမြင့် တစ်ပေခွဲခန့်အရွယ်ရှိ ဖွံ့ဖြိုးဆဲဘိန်းခင်း လေးကေခန့် စုစုပေါင်း ဘိန်းခင်း ၁၅ ကေခန့်အား ဖျက်ဆီးခဲ့သည်။

ဟိုပုံးမြို့နယ်အတွင်းရှိ ဘိန်းခင်းများကို နိုဝင်ဘာ ၂၇ ရက်မှ ဇန်နဝါရီ ၉ ရက်အထိ စုစုပေါင်း ဘိန်းခင်း ၉၄၈ ကေခန့်အား ဖျက်ဆီးခဲ့ပြီး ဘိန်းခင်းဖျက်ဆီးခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့် ဘိန်းအစားထိုးဈေးကွက်ဝင် သီးနှံစိုက်ပျိုးရန် စီမံချက်များရေးဆွဲ၍ ဘိန်းစိုက်ပျိုးခြင်းရပ်တန့်ကာ အခြားစီးပွားဖြစ် သီးနှံများ စိုက်ပျိုးနိုင်ရန် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်း၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဟိုပုံးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးလှိုင်ထွေးထံမှ သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# အုတ်တွင်း၊ တာမွေနှင့် မူဆယ်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၁၁**
တောင်ငူခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၉ ရက် မွန်းလွဲ ၃ နာရီခွဲတွင် အုတ်တွင်းမြို့ ကြက်သွန်ခင်း(၂)ရပ်ကွက် အုတ်တွင်း-ပေါက်ခေါင်းကားလမ်း မိုင်တိုင်အမှတ် (၁၂/၂) နှင့် (၁၂/၃) ကြားတွင် အောင်သော်သော် မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀၀ ကိုလည်းကောင်း၊

ထို့အတူ ဇန်နဝါရီ ၁၀ ရက် မွန်းလွဲ ၂ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် တာမွေမြို့နယ် အရိုးကုန်းရပ်ကွက် ဗညားဒလလမ်းနှင့် (၁၄၄)လမ်းထောင့်တွင် ညီမင်းသူ (ခ)အောင်လေး(ခ)အစန်းအား မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၁၄၀ ကိုလည်းကောင်း၊

အလားတူ ဇန်နဝါရီ ၁၀ ရက် ညနေ ၅ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် မူဆယ်မြို့ ကောင်းမူးတုံရပ်ကွက် ကောင်းမူလွယ်ရပ်နေ စိုင်းအိုက်ကျော်(ခ) အိုက်ကျော်၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**




## တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၁**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၁၀ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန်အစီး ၇၀၀၊ သွင်းကုန် ၁၉၆ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန်အစီး ၂၄၀ ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၀ ရက်က မူဆယ်မှ လားရှိုးသို့ ထွက်ခွာလာသော ခရီးသည်တင်ယာဉ်ငယ်များကို စစ်ဆေးရာ ခရီးသည်ကိုယ်သုံးဝန်စည်ပစ္စည်းများထက်ကျော်လွန်ပြီး တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အကောက်ခွန်မဲ့ Shelf Bracket/ Holder Accessories (42) Pkgs 70 Kg C/O: China၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် သုည ဒသမ ၁၁၂ သန်း စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မမေ့တော့ပြီ အနန္တဂုဏ်ရည်

ယဉ်နွဲ့(စလင်း)

တက္ကသိုလ်နှစ်တစ်ရာပြည့်ဆောင်းပါးများ သတင်းစာများတွင် နေ့စဉ်ဖတ်ရသည်မှာ လွမ်းမောဖွယ်အပြည့်ဖတ်၍အားမရ၊ အတိတ်ကအကြောင်းများ တွေးမဆုံး။ ၁၂-၁၂-၂၀၂၀ ရက်နေ့ သတင်းစာတွင် ပါမောက္ခဒေါက်တာစန်းဝင်းရေးသည့် Mr. E J Kangyi အကြောင်းပါတော့ စဉ်းစားမိသည်။ ငါတို့အရွယ်များသည် ကြွေသူကြွေ၊ သေသူသေ အိုမင်းမစွမ်းဖြစ်ကုန်ကြပြီဆိုတော့ ဘယ်ရေးနိုင်တော့မှာလဲ။ ကိုယ်ကိုယ်တိုင်လည်း ၈၇ နှစ်ကျော် ၈၈ နှစ်နီးတော့ ဘောပင်တောင် မထိန်းနိုင်၊ လက်ရေးကဖတ်မရတော့သည့် အခြေအနေ။

စိန်ရတုတုန်းက နွှဲခဲ့သည့် မမဟေဇယ်၊ မမစိန် (မော်ကွန်းထိန်း)၊ မမသန်းမြင့်(ရေ)၊ မမလှသန်း(လေ)၊ ဒေါက်တာခင်စိမ်းဝင်း၊ အေးကြင်ကြင် သူတို့လည်း ဘဝကူးကြနှင့်။ မမလှ (ဒေါ်ခင်လှသီ(ကြည်း))လည်း နားလေးကျန်းမာရေးမကောင်းတော့။ မမလှပြောလေ့ရှိသည့် ၂၀၂၀ ပြည့်နှစ်တွင် နှစ်တစ်ရာနွှဲနိုင်အောင် ကျန်းမာအောင် နေကြဆိုပေမယ့် ကိုဗစ်-၁၉ ကြောင့် နှစ်တစ်ရာပွဲကြီးလည်း ခြိမ့်ခြိမ့်သဲ မကျင်းပနိုင်သည့်အတွက် အားခဲသူတို့ မလာနိုင်တော့။ စိန်ရတုသဘင်အချိန်က သီချင်းဆိုကြ၊ ကကြ၊ ဒင်နာလုပ်ကြနှင့် ဆင်နွှဲခဲ့ကြသည်များ ပြန်ပြောင်း တွေးမိသည်။

စာရေးသူက ၁၉၅၂ ခုနှစ် ၁၀ တန်းအောင်ခဲ့သည်။ စာရေးသူတို့ခေတ်က မိန်းကလေးများ ကောလိပ်တက်တာနည်းသေးသည်။ ယခုခေတ်ကလေးများကဲ့သို့ ရည်မှန်းချက်မထားတတ်ကြ၊ မိန်းကလေးဆို ဆရာမလောက်ပဲ ဆရာအတတ်သင်ဆင်းလုပ်ကြသည်။ သို့ပေမယ့် ကံကောင်းချင်တော့ မိဘက တက္ကသိုလ်ပို့မည်၊ ဘယ်ဘာသာယူရမလဲမသိ၊ ဦးလေးများက မိန်းကလေး OB, Logic, History ယူဆို၍ Logic ဆိုတာ ဘာမှန်းမသိ၊ မိမိတို့ထက် တစ်နှစ်စောရောက်သည့် မမလှတို့က အင်းလျားဆောင် အခန်းယူထား၊ ဘာမျှ ကိုယ်တိုင်မပူပင်ရဘဲ အမိတက္ကသိုလ်တက်ခဲ့ရသည်။

အင်းလျားအဆောင်မှူးက ဒေါ်သိန်းညွှန့်၊ အပျိုကြီး၊ Hall Tutor များက ဒေါ်မေရီရှင်း၊ ဒေါ်မေစီခ၊ ဒေါ်တယ်ရီလတ်တို့ပါ။ အဆောင်သူကလည်းနည်းတော့ အားလုံးသိကြ၊ ခင်မင်ကြ၊ ပျော်ရွှင်စရာကောင်းလှသည်။ အဆောင်သူဘဝအကြောင်းတော့ အင်းလျားဆောင် မဂ္ဂဇင်းအတွက် ရေးပြီးပေပြီ။ ယခုခေတ်အဆောင်သူဘဝနှင့်မခြား၊ ထူးတာက လူနည်းခြင်းပါပဲ။

သမိုင်းဒေဝီ မမကြန်၊ ဒေါက်တာကျော်စိန် ဇနီး မမပေါ်လီတို့က စီနီယာအစ်မများ၊ အဆောင်သူအချင်းချင်း စီနီယာ၊ ဂျူနီယာ အားလုံးသိကြ၊ ရင်းနှီးကြပါသည်။

ယခုရေးချင်သည်မှာ တက္ကသိုလ်ဆရာများအကြောင်း၊ ဒေါက်တာစန်းဝင်း (သူပင် ၁၉၈၀ ပြည့်နှစ်ကမှ သစ်တောတက္ကသိုလ်တက်သူ) ရေးသည့်ဆောင်းပါးပါ မစ္စတာကံကြီးက စာရေးသူတို့သင်ခဲ့ရသည့် မစ္စစ်ကံကြီး၏ သားဖြစ်မည်ထင်သည်။ အင်္ဂလိပ်စာကို မစ္စတာကံကြီး၊ သူ့သမီး မစ္စကံကြီး အပျိုကြီး ထောင်ထောင်မောင်းမောင်း ချောချောလှလှများနှင့် သင်ရသည်။ နယ်မှလာသူများမို့ class တစ်ခုတည်းနှင့် အားမရ၊ ထိုခေတ်က သိပ္ပံကျောင်းသားများကို ၈ နာရီ class ခေါ် စောစောသင်သည့် မစ္စတာပရိုင်ယာတို့ အတန်းကို ခိုးတက်ကြသေးသည်။ သူများအတန်းတက်သူများက ရှေ့ဆုံးတန်းမှာ စောစောထ နေရာဦးကြသေးသည်။



တက္ကသိုလ်ဓမ္မာရုံအား တွေ့ရစဉ်။

မြန်မာစာကို ဦးမောင်မောင်ကြီး၊ ဦးလှရွှေ၊ ဦးကျော်ရင်၊ ဦးတင်အုံး၊ ဒေါ်သန်းဆွေ၊ ဒေါ်ခင်စော၊ ဒေါ်မြင့်သန်းတို့ သင်သည်။ ဦးမောင်မောင်ကြီးစာသင်လျှင် လက်ဝါးလေးဖြန့်ထောင် ရှင်းပြသည်ကိုမြင်ယောင်မိသည်။ ဦးလှရွှေက ပိန်ပိန်ပါးပါး၊ ဒဂုံအဆောင်မှူး၊ နှင်းဆီပန်းများ သူ့အဆောင်ရှေ့စိုက်၊ ကျောင်းသားများက ခိုးခူးကာ ကျောင်းသူများကို ပေးလေ့ရှိသည်။ ဦးတင်အုံးက အငယ်ဆုံးထင်သည်။ ပဲခူးအဆောင်မှူး ဦးကျော်ရင်က သံတွဲသားဖြစ်သည်။ ဒေါ်သန်းဆွေက အရပ်မြင့်မြင့်၊ တည်တည်ခန့်ခန့်၊ အရပ်က ယောကျ်ားလေးများထက် ရှည်မည်။ ဒေါ်မြင့်သန်းကတော့ ရောင်စုံရတနာများကို အမြဲဝတ်ဆင်လေ့ရှိကာ လုံချည်၊ အင်္ကျီနှင့်လိုက်အောင် ဝတ်လေ့ရှိ၍ စာရေးသူတို့ ငေးရသည်။ ဒေါ်ခင်စောက ယောသူဟု ဝိုးတဝါးမှတ်မိသည်။ ထိုခေတ်က ဆရာများ ခေါင်းပေါင်း၊ တိုက်ပုံ၊ ဆရာမများ ပဝါချ စာသင်ရသည်။ ကျက်သရေရှိလှသည်။ စာအုပ်များက အာသံနိုင်မော်ကွန်း၊ တရုတ်သံရောက်မော်ကွန်း၊ ရခိုင်ချီ မောင်ဘွဲ့၊ မယ်ဘွဲ့၊ ရတုများ၊ ပျို့ကဗျာများ သင်ရသည်။ သမိုင်းဘာသာကို ဒေါက်တာသန်းထွန်းကိုယ်တိုင် သင်ပေးသည်ကို မှတ်မိသည်။ စာရေးသူတို့ ကံကောင်းလှသည်ဟု ဆိုရပေမည်။ လောဂျစ်ကို ဆရာဦးဖေအောင် သင်ပြသည်။ ဆရာ ဦးမောင်မောင်ကြင် (မမပင်မလာ၊ မမနန်းစီကြင်တို့နှင့် မောင်နှမ)လည်း သင်သည်။ စာရေးသူတို့ခေတ်က ဆရာ ဆရာမများကို မီသူနည်း၊ သိသူရှား၍ ရေးသားခြင်းဖြစ်ပါသည်။

ယခုခေတ်ကလေးများ တော်ကြပါသည်။ ကုသိုလ်ကောင်းကြပါသည်။ စာရေးသူတို့ခေတ်က မတိုးတက်သေးတော့ လိုင်းကားက နဂါးပဲ ရှိသည်။ ယခုလို တက္ကစီ မှိုလိုပေါက်မဟုတ်တော့ ဓမ္မာရုံ၊ လှည်းတန်းထိပ်၊ ယူနီယန်၊ "အဆွေတော်" ဓာတ်ပုံတိုက်များသွားလိုလျှင် ခြေကျင်၊ ပညာရေးတက္ကသိုလ်ဘက်သွားလျှင်လည်း လမ်းလျှောက်၊ ဘီအိုစီကောလိပ်နားရောက်ပြန်တော့ အင်ဂျင်နီယာကျောင်းသားများ၏ "မပြောမရှိနဲ့နော်"ဟု အချက်ပေးပြေးလွှားကြည့်ခံရ (အင်ဂျင်နီယာတွင် မိန်းကလေး မရှိသေး)၊ တ.က.သ သွားလည်း ဘာယာဉ်မျှစီးစရာမရှိ၊ ထိုအချိန် ဦးချစ်လက်ဖက်ရည်ဆိုင်လည်းမရှိသေး၊ အင်းလျားကန်စောင်းက ဒေါ်ရှမ်းအကြော်ဆိုင်လောက်သာ ရှိသေးသည်။ ထမင်းစားမကောင်းလျှင် ဝန်ထမ်းတန်းလျားက ရောင်းသည့် မိုးကျလက်ဖက်သုပ်၊ ရေခဲခြစ်သာ အားကိုးစရာ။ အဆောင်က ထမင်းမကျွေးသည့်နေ့ဆိုလျှင် တက္ကသိုလ်ရိပ်သာလမ်းနှင့် အင်းလျားလမ်းထောင့်က ဆိုင်ကလေးပြေး။ အုန်းထမင်းနှင့် ဟင်း ဝယ်စားရသည်။ ယခု ထိုနေရာတွင် တိုက်ကြီးများဟီးနေပြီ။

စာရေးသူတို့ခေတ်က မိန်းကလေးအနည်းစုသာ ညစာစားပွဲ၊ ပျော်ပွဲစား သွားကြသည်။ စာကျက်ဖို့သာ အရေးထားကြသည်။ ထိုအချိန်က D.S.O နှင့် တိုးတက်အဖွဲ့ နိုင်ငံရေး အားပြိုင်ကြသည့်အချိန်။ ကျောင်းသားခေါင်းဆောင်များကလည်း ကိုယ်ယုံကြည်ရာအားပေးကြ။ အိုးစည်ဒိုးပတ်သံ တညံညံနှင့် ပျော်စရာ အားကျစရာကောင်းလှသည်။

ယခုခေတ်ကလေးများမှာ ဘယ်နှဘာသာဂုဏ်ထူးရအောင် ကြိုးစားမည်၊ အောင်ရင် ဘာလုပ်မည်၊ ရည်မှန်းချက်အပြည့်၊ မိဘများကလည်း အပြိုင်အဆိုင်ခေတ်၊ စနစ်အရ အားရစရာ ကောင်းလှပါသည်။ သို့ပေမယ့် စာရေးသူတို့ငယ်ငယ်က မုန့်တစ်ပြားဖိုးမကုန်တော့ ပြားတစ်ဝက်ဖိုးနှင့် နှစ်ရက် စားရသည်။ ကျောင်းလခကလည်း ၁၀၀ ကျပ် Money Order နှင့်ပို့လျှင် မုန့်ဖိုးလည်းရ၊ အဝတ်အစားဆို ယခုခေတ်လို စူပါမားကတ်၊ ပလာဇာများ သွားစရာမလို၊ အဆောင်အောက် စက်ဘီးနှင့် လာရောင်းသူများထံမှ ဝယ်နိုင်သေးသည်။

သူ့ခေတ်နှင့် သူ့ကုသိုလ်နှင့် လူဖြစ်ကြရသည်။ ဘဝသံသရာလည်း လည်နေပေဦးမည်။ တက္ကသိုလ်ကြီးလည်း နှစ်တစ်ရာပြည့်ခဲ့ပြီး နှစ်ပေါင်းမည်မျှထိ တည်နိုင်ဦးမည် မသိ။ တက္ကသိုလ်ကြီးများ တည်တံ့ပြီး ပညာတတ်လူကောင်းလူတော် နိုင်ငံ့ခေါင်းဆောင်များ ပေါ်ပေါက်မွေးဖွားပါစေဟု ဆန္ဒပြုရင်း။ ။



## စာရေးသူ၏ ကိုယ်ရေးအကျဉ်း

| | | |
|---|---|---|
| အမည်ရင်း | - | ဒေါ်ရီရီ |
| ၁၉၃၄ ခုနှစ် | - | တန်ခူးလတွင် အဘ ဦးစိန်၊ အမိ ဒေါ်တင်ရှင်မှ မင်းဘူးမြို့တွင် မွေးဖွား။ |
| ၁၉၅၂ | - | စလင်း အထကမှ ၁၀ တန်းအောင်။ |
| ၁၉၅၇ | - | ဘီအေအီးဒီဘွဲ့ရ။ |
| ၁၉၅၇ | - | သရက် အထက အထက်တန်းပြ။ |
| ၁၉၅၈ | - | ဘီအီးဒီတက်။ |
| ၁၉၅၉-၁၉၆၀ | - | မန္တလေး ဆရာအတတ်သင်သိပ္ပံ၊ လက်ထောက်ကထိက။ |
| ၁၉၆၀-၁၉၆၁ | - | မိတ္ထီလာ ဆရာအတတ်သင်သိပ္ပံ၊ လက်ထောက်ကထိက။ |
| ၁၉၆၁-၁၉၆၂ | - | ရန်ကုန်ဆရာအတတ်သင်သိပ္ပံ၊ လက်ထောက်ကထိက။ |
| ၁၉၆၂-၁၉၆၃ | - | ကြည့်မြင်တိုင် အထက(၁) အထက်တန်းပြ။ |
| ၁၉၆၃-၁၉၆၇ | - | ရန်ကုန်ဆရာအတတ်သင်သိပ္ပံ၊ လက်ထောက်ကထိက။ |
| ၁၉၆၇-၁၉၇၃ | - | အထက(၄) တောင်ဥက္ကလာပ၊ အထက်တန်းပြ။ |
| ၁၉၇၃ မှ အငြိမ်းစားယူသည်အထိ | - | အထက(၁) ဒဂုံ၊ အထက်တန်းပြ။ |



အင်းလျားဆောင်ရှေ့တွင် စာရေးသူတို့ သူငယ်ချင်း ၃ ဦး အမှတ်တရဓာတ်ပုံရိုက်စဉ်။

**ထိုခေတ်က ဆရာများ ခေါင်းပေါင်း၊ တိုက်ပုံ၊ ဆရာမများ ပဝါချ စာသင်ရသည်။ ကျက်သရေရှိလှသည်။ စာအုပ်များက အာသံနိုင်မော်ကွန်း၊ တရုတ်သံရောက်မော်ကွန်း၊ ရခိုင်ချီ မောင်ဘွဲ့၊ မယ်ဘွဲ့၊ ရတုများ၊ ပျို့ကဗျာများ သင်ရသည်။ သမိုင်းဘာသာကို ဒေါက်တာသန်းထွန်းကိုယ်တိုင် သင်ပေးသည်ကို မှတ်မိသည်။ စာရေးသူတို့ ကံကောင်းလှသည်ဟု ဆိုရပေမည်။ လောဂျစ်ကို ဆရာဦးဖေအောင် သင်ပြသည်။ ဆရာ ဦးမောင်မောင်ကြင် (မမပင်မလာ၊ မမနန်းစီကြင်တို့နှင့် မောင်နှမ)လည်း သင်သည်။ စာရေးသူတို့ခေတ်က ဆရာ ဆရာမများကို မီသူနည်း၊ သိသူရှား၍ ရေးသားခြင်းဖြစ်**

# ကျွန်းအခြေခံ ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်းနှင့် စမတ်ကျွန်းရေပေါ်တံတား ဖွင့်လှစ်



**မြိတ် ဇန်နဝါရီ ၁၁**

မြန်မာနိုင်ငံ၏ ပထမဦးဆုံး ကျွန်းကိုအခြေခံသည့် ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်း ( Community Based Tourism–CBT )နှင့် ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်မှုများသည့် စမတ်ကျွန်း ရေပေါ်တံတား ( Floating Jetty ) ဖွင့်ပွဲကို ဇန်နဝါရီ ၁၀ ရက်က ကျင်းပသည်။

စမတ်ကျွန်းရေပေါ်တံတား ဖွင့်ပွဲအခမ်းအနားကို အဆိုပါ တံတားအနီး ကမ်းခြေနှင့် ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်း ဖွင့်ပွဲအခမ်းအနားကို ဒုံးညောင်မှိုင်းကျေးရွာတို့တွင် ကျင်းပခဲ့ရာ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်မောင်နှင့် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြိတ်ခရိုင် ခရီးသွားလုပ်ငန်းရှင်များအသင်းနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြသည်။

စမတ်ကျွန်းရေပေါ်တံတားကို တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့ကြပြီး ကမ္ပည်းကျောက်စာတိုင်အား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စမတ်ကျွန်း သဲတန်းကမ်းခြေမှ ကျောက်စရစ်ကမ်းခြေသို့ သွားရောက်ကြည့်ရှုခဲ့ကြပြီး ကျွန်းပေါ်တွင် ခရီးသွားဧည့်သည်များအတွက် အခြေခံအဆောက်အအုံများ တည်ဆောက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြကာ Speed Boat များဖြင့် ဒုံးညောင်မှိုင်းကျေးရွာသို့ သွားရောက်၍ ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်း ( CBT )ကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့ကြသည်။

ဆက်လက်၍ ကျေးရွာ (CBT) ခန်းမတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က “ တနင်္သာရီတိုင်းဒေသကြီးမှာ ခရီးသွားလုပ်ငန်းဖော်ဆောင်နိုင်ရန် သဘာဝအခြေခံအချက်အလက်များနဲ့ပြည့်စုံတဲ့ ဒေသတစ်ခုဖြစ်ပါတယ်။ အခြားဒေသနဲ့ မတူတဲ့ သဘာဝတရားကတော့ ရေပေါ်ရေအောက် အလှအပတွေ၊ တောတောင်သဘာဝအလှတွေနဲ့ ပြည့်စုံတဲ့ ဒေသတစ်ခုလည်းဖြစ်ပါတယ်။ ဒုံးညောင်မှိုင်းကျေးရွာ လူထုအခြေပြုစီမံကိန်းဟာ နိုင်ငံတော်အစိုးရရဲ့ ဆင်းရဲမှုလျှော့ချရေးစီမံကိန်းအတွက် အထောက်အကူပြုမယ့် စီမံကိန်းတစ်ခုလည်းဖြစ်ပါတယ်။ တနင်္သာရီတိုင်းဒေသကြီး တစ်ခုလုံးမှာ အအောင်မြင်ဆုံး လူထုအခြေပြုခရီးသွားလုပ်ငန်းဖြစ်လာလိမ့်မယ်လို့လည်း မျှော်လင့်ပါတယ်။ တနင်္သာရီတိုင်းဒေသကြီးကို မြန်မာနိုင်ငံရဲ့ အဓိက ခရီးစဉ်ဒေသကြီးများဖြစ်တဲ့ ရန်ကုန်၊ မန္တလေး၊ အင်းလေး၊ ပုဂံတို့ကဲ့သို့ အဓိကခရီးစဉ်ကြီးတစ်ခု ဖြစ်ဖို့အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ ကြိုးပမ်းဆောင်ရွက်ခြင်းဖြစ်ပါတယ်” ဟု ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးညိုအေးက ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်း( CBT )နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်း(CBT)ဖော်ဆောင်ခဲ့သည့် ဒုံးညောင်မှိုင်းကျေးရွာသည် မြိတ်မြို့မှရေမိုင် ၄၈ မိုင်ခန့်ကွာဝေးကာ ကျွန်းစုမြို့နယ် ဒုံးကျွန်းပေါ်တွင်တည်ရှိပြီး Speed Boat ဖြင့် နှစ်နာရီခန့်သွားရသည့် ကျွန်းရွာတစ်ရွာဖြစ်သည်။ အဆိုပါကျေးရွာအနီးတွင် ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်မှုများပြီး မြိတ်ခရိုင်၏ အဓိက ကျွန်းအပန်းဖြေခရီးစဉ်ဖြစ်သည့် ကျောက်စရစ်ကမ်းခြေနှင့် သဲတန်းကမ်းခြေတည်ရှိသည့် စမတ်ကျွန်းတွင် ရေပေါ်တံတား( Floating Jetty ) ဆောင်ရွက်ထားရာ ခရီးသွားဧည့်သည်များ ပိုမိုအဆင်ပြေစွာ သွားလာနိုင်တော့မည်ဖြစ်သည်။

ဒုံးညောင်မှိုင်းကျေးရွာ( CBT )တွင် ခရီးသွားဧည့်သည်များအနေဖြင့် ဆလုံလူမျိုး၊ ကရင်လူမျိုး၊ ဗမာလူမျိုးတို့၏ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများနှင့် လူမှုဘဝနေထိုင်မှုပုံစံများကို လေ့လာနိုင်မည်ဖြစ်ကြောင်း၊ ယင်းအပြင် ကျွန်းပေါ်၌ စက်ဘီးစီးခြင်း၊ ကရွတ်လှေများလှော်ခတ်ပြီး ဒီရေတောများ လေ့လာခြင်း၊ အပျော်တမ်း ငါးမျှားခြင်း၊ ငါးဖမ်းလှေနှင့်လိုက်ပါ၍ ငါးဖမ်းလုပ်ငန်းလေ့လာခြင်း ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ဒုံးညောင်မှိုင်းကို အခြေပြု၍ ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်များအကြားမှာရေပန်းစားနေသည့် စမတ်ကျွန်းနှင့် တခြားကျွန်းများသို့ ဒေသခံများ၏မော်တော်ဘုတ်များဖြင့်သော်လည်းကောင်း၊ Speed Boat များ ဖြင့်သော်လည်းကောင်း သွားရောက်လည်ပတ်နိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ ပထမဦးဆုံး ကျွန်းကိုအခြေခံသည့် ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်း (Community Based Tourism–CBT)နှင့် ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်မှုများသည့် စမတ်ကျွန်းရေပေါ်တံတား (Floating Jetty) တို့ကို ဖွင့်လှစ်ခဲ့ပြီဖြစ်သည့်အတွက် ခရီးသွားဧည့်သည်များအနေဖြင့် ဒုံးညောင်မှိုင်း (CBT)တွင် ညအိပ်အပန်းဖြေရင်း အနီးအနားရှိကျွန်းများကို သွားရောက်လည်ပတ်နိုင်မည်ဖြစ်ကာ ဒေသခံပြည်သူများလည်း အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာတော့မည်ဖြစ်သည်။

**ခိုင်ထူး (မြိတ် ပြန်/ဆက်)**

## အုတ်ဖိုမြို့ပြည်သူ့ဆေးရုံသို့ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ ပေးအပ်

**ပဲခူး ဇန်နဝါရီ ၁၁**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးဝင်းသိန်းသည် ဇန်နဝါရီ ၁၀ ရက် ညနေ ၃ နာရီက လွှတ်တော်ကိုယ်စားလှယ်များ၊ သာယာဝတီခရိုင်အုပ်ချုပ်ရေးမှူးဦးစိုးရွှေအောင်၊ အုတ်ဖိုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇင်ဦးတို့နှင့်အတူ အုတ်ဖိုမြို့ပြည်သူ့ဆေးရုံသို့ သွားရောက်ကြည့်ရှုကာ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ ထောက်ပံ့ခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့အား အုတ်ဖိုမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန့်ဇော်မောင်က ဆေးရုံကြီးတွင် ကိုဗစ်–၁၉ ရောဂါ လူနာများ တက်ရောက်ကုသပေးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ကုသရေး အပိုင်း၊ လူနာများထားရှိမှုအပိုင်းများနှင့်ပတ်သက်၍ လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် လွှတ်တော်ကိုယ်စားလှယ်များက အုတ်ဖိုမြို့နယ်ပြည်သူ့ဆေးရုံကြီးအတွက် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများဖြစ်သည့် တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံများ၊ လက်သန့်ဆေးရည်ဘူးများ၊ နှာခေါင်းစည်းများကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန့်ဇော်မောင်ထံသို့လည်းကောင်း၊ မြို့နယ် ကိုဗစ်–၁၉ကော်မတီအတွက် ထောက်ပံ့ငွေကျပ် ၅၀၀၀၀၀ ကို မြို့နယ် ကိုဗစ်–၁၉ကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးကျော်ဇင်ဦးထံသို့လည်းကောင်း ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ အုတ်ဖိုမြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးနှင့် မြို့နယ်အထွေထွေရွေးကောက်ပွဲကော်မရှင်ရုံးဆောက်လုပ်ထားရှိရေးအတွက် လျာထားသည့်မြေနေရာကို သွားရောက်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



## အားကစားအထောက်အကူပြုပစ္စည်းများ ခရိုင်နှင့်မြို့နယ်များသို့ ထောက်ပံ့

**ပုသိမ် ဇန်နဝါရီ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ကိုးသိန်းအားကစားပြိုင်ပွဲရုံ(၁)၌ အားကစားအထောက်အကူပြုပစ္စည်း ၁၇ မျိုးကို တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်နှင့် မြို့များသို့ ထောက်ပံ့ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစိုးညွန့်က အားကစားအထောက်အကူပြုပစ္စည်းများအား ခရိုင်နှင့်မြို့နယ်များသို့ ဖြန့်ဝေသွားမည့် အစီအစဉ်များကို Power Point ဖြင့် အသေးစိတ်ရှင်းလင်းတင်ပြဆွေးနွေးသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်၊ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်စွာလှိုင်၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာလှမြတ်သွေးတို့က တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် ခရိုင်တာဝန်ခံများထံသို့ အားကစားအထောက်အကူပြုပစ္စည်းများကို ပေးအပ်ခဲ့သည်။

အဆိုပါ အားကစားအထောက်အကူပြုပစ္စည်းများမှာ ပိုက်ကျော်ခြင်း (ပေါ်တာကုတ်) ၃၃ ခု၊ ကြက်တောင် (ပေါ်တာကုတ်) ၃၃ ခု၊ ပိုက်ကျော်ခြင်း(တိုင်) ၅၃ တိုင်၊ ဘော်လီဘော(တိုင်) ၅၃ တိုင်၊ ပိုက်ကျော်ခြင်း (ပိုက်) ၅၃ ခု၊ ကြက်တောင် (ပိုက်) ၃၃ ခု၊ ဘော်လီဘော (ပိုက်) ၅၃ ခု၊ ကန်ဘောလုံး (Molten size 5)အလုံး ၅၇၀၊ ဘော်လီဘောဘောလုံး ( Molten )အလုံး ၅၄၀၊ ပိုက်ကျော်ခြင်းလုံး (201)အလုံး ၅၇၀၊ ကြက်တောင်ရိုက်တံ (Yonex) ၆၆ ခု၊ ကြက်တောင်ဘူး (RSL) ၆၆ ခု၊ လက်ဝှေ့အိတ် (လေ့ကျင့်အိတ်) ( SPL–PVC–1207) ၁၀ ခု၊ လက်ဝှေ့အိတ် (ပြိုင်ပွဲအိတ်) ( SPL–PVC–1207) ၁၀ ခု၊ လက်ဝှေ့ပက် (အတို–033) ၁၀ ခု၊ လက်ဝှေ့ခေါင်းကာ ခြောက်ခုနှင့် ပြိုင်စက်ဘီးလေးစီးတို့ဖြစ်ပြီး တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်နှင့် မြို့များသို့ ဖြန့်ဝေထောက်ပံ့သွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်မြင့်(ပြန်/ဆက်)**

## အရေးပေါ်ဘေးဒဏ်ခိုလှုံရန် ဘက်စုံသုံးအဆောက်အအုံ ရာနှုန်းပြည့်ဆောက်လုပ်ပြီးစီး

**တနင်္သာရီ ဇန်နဝါရီ ၁၁**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်အတွင်း နှစ်စဉ် မြစ်ရေကြီးမှုများ ဖြစ်ပွားလျက်ရှိသဖြင့် ရေဘေးသင့်ပြည်သူများအပါအဝင် သဘာဝဘေးသင့်ပြည်သူများ အရေးပေါ် ဘေးဒဏ်ခိုလှုံရန် အဆောက်အအုံ (Multipurpose Cyclone Shelter)တစ်လုံးကို ကျောက်တစ်လုံးကျေးရွာအုပ်စု မြေမအုံရွာတွင် ရာနှုန်းပြည့်တည်ဆောက်ပြီးစီးနေပြီဖြစ်သည်။

၎င်း အဆောက်အအုံမှာ (၆၀ x ၆၀ x ၂၄)ပေရှိ သံကူကွန်ကရစ်တစ်ထပ်အဆောက်အအုံအမျိုးအစား ဖြစ်သည်။

တနင်္သာရီမြို့နယ် မြေမအုံကျေးရွာတွင် အဆိုပါ အရေးပေါ်ခိုလှုံရန် ဘက်စုံသုံးအဆောက်အအုံ ပြီးစီးနေပြီဖြစ်သဖြင့် မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်မှုဖြင့် သဘာဝဘေးအန္တရာယ်သင့်ပြည်သူများအား အရေးပေါ်ခိုလှုံနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဆန်းထံမှ သိရသည်။

**နန်းသာရီ–ထိန်ဝင်း(ပြန်/ဆက်)**

# အမျိုးသားဇာတ်ရုံ(ရန်ကုန်) အကြီးစားပြုပြင်မွမ်းမံမှု ၅၂ ရာခိုင်နှုန်းပြီးစီး

**ရန်ကုန် ဇန်နဝါရီ ၁၁**

အမျိုးသားဇာတ်ရုံ(ရန်ကုန်)ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အကူအညီဖြင့် အကြီးစားမွမ်းမံပြင်ဆင်လျက်ရှိရာ ယခုအခါ ရာခိုင်နှုန်းအားဖြင့် ၅၂ ရာခိုင်နှုန်းအထိ ပြီးစီးနေပြီဖြစ်ကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ သိရသည်။

**ယခုနှစ်ကုန်ပိုင်းတွင် ပြီးစီးရန်**

အဆိုပါ အဆောက်အအုံကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ Beijing Construction Engineering Group Co.,Ltd. မှ အင်ဂျင်နီယာများက တာဝန်ယူတည်ဆောက်ပြုပြင်လျက်ရှိကြောင်း၊ ယခုနှစ်ကုန်ပိုင်းတွင် ပြီးစီးရန် ခန့်မှန်းထားကြောင်း သိရသည်။

အမျိုးသားဇာတ်ရုံ(ရန်ကုန်)ကို ၁၉၈၅ ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတလီရှန်နင့် မြန်မာနိုင်ငံသို့ လာရောက်စဉ် မေတ္တာလက်ဆောင်အဖြစ် ပေးအပ်ခဲ့ပြီး ၁၉၉၀ ပြည့်နှစ် ဒီဇင်ဘာလတွင် အပြီးတည်ဆောက်ပေးခဲ့ကြောင်း၊ ယခုအခါ နှစ်ပေါင်း ၃၀ ကျော် ကြာမြင့်ခဲ့ပြီဖြစ်ကြောင်း၊ ယခုအခါ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အကူအညီဖြင့် အမျိုးသားဇာတ်ရုံ၏ ပင်မအဆောက်အအုံ ကြံ့ခိုင်မှု၊ ခေတ်မီအသံစနစ်နှင့် မီးအလင်းအမှောင်စနစ်၊ LED စနစ်၊ 4K ရုပ်ရှင် ပြစက်စနစ်၊ လေအေးပေးစနစ်၊ မီးငြှိမ်းသတ်ရေးစနစ်၊ လုံခြုံရေးစနစ်များကို အဆင့်မြှင့်တင်ထားသော နိုင်ငံတကာအဆင့်မီ ဇာတ်ရုံတစ်ရုံ ဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။

**ကျင်းပရာ နေရာဖြစ်**

အမျိုးသားဇာတ်ရုံ (ရန်ကုန်) သည် တစ်မျိုးသားလုံးနှင့်သက်ဆိုင်သည့် ဖျော်ဖြေရေးပွဲများ၊



စာပေ၊ ဂီတ၊ သဘင်၊ ရုပ်ရှင် အစရှိသဖြင့် ပွဲလမ်းသဘင်အခမ်းအနားများကျင်းပရာ နေရာဖြစ်ကြောင်း၊ ထို့ပြင် ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲများ၊ သုတစုံလင်ဗုဒ္ဓဝင်ပြိုင်ပွဲ အစရှိသဖြင့် ပြိုင်ပွဲများကျင်းပရာနေရာဖြစ်၍ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်ရလေအောင် ထိန်းသိမ်းစောင့်ရှောက်ရာ နေရာတစ်ခုလည်းဖြစ်ကြောင်းသိရသည်။

**မြင့်မောင်**



## ဖျာပုံခရိုင်အတွင်းရှိ ဆည်မြောင်းလုပ်ငန်းများ စံချိန်စံညွှန်းကိုက်ညီရေးနှင့် အချိန်မီပြီးစီးရေး ဆောင်ရွက်လျက်ရှိ

**ဖျာပုံ ဇန်နဝါရီ ၁၁**

၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ်အတွင်း အပြီးဆောင်ရွက်ရမည့် ဆည်မြောင်းလုပ်ငန်းများနှင့် ပုံမှန်ဆောင်ရွက်ရမည့် လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းကိုက်ညီရေးနှင့် အချိန်မီပြီးစီးရေးအတွက် ဧရာဝတီတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကြည်ဆွေနှင့် ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာအောင်သန်းဦးတို့သည် ဇန်နဝါရီ ၉ ရက်မှ ၁၁ ရက်အထိ ဖျာပုံခရိုင်အတွင်းရှိ ဆည်မြောင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

**ကွင်းဆင်းစစ်ဆေး**

ကွင်းဆင်းစစ်ဆေးရာတွင် ညွှန်ကြားရေးမှူး ဦးကြည်ဆွေက "ဆည်မြောင်းလုပ်ငန်းသည် ဒေသနေပြည်သူများ၏ အကျိုးစီးပွားအတွက် ဆောင်ရွက်ပေးသည့် လုပ်ငန်းဖြစ်ကြောင်း၊ ပွင့်လင်းမြင်သာမှုရှိရန်အတွက် ဒေသခံများပါဝင်သော ကော်မတီများကိုလည်း တွေ့ဆုံဆွေးနွေးခြင်းဖြစ်ပါကြောင်း၊ လုပ်ငန်းခွင်အလိုက် လုပ်ငန်းဆိုင်ရာအချက်အလက်၊ ဆောင်ရွက်မည့်ဒီဇိုင်းပုံစံနှင့် အသုံးပြုမည့် ရန်ပုံငွေပမာဏကိုပါ ဖော်ပြပေးထားပါကြောင်း၊ ၎င်းအပြင်ဆောင်ရွက်မည့် တင်ဒါအောင်သည့်ကုမ္ပဏီ၊ ဌာနအဖွဲ့အစည်းများကိုပါ ဖော်ပြပေးထားပါကြောင်း၊ ဒေသအတွက် အမှန်တကယ် အကျိုးပြုသည့် လုပ်ငန်းများဖြစ်သည့်အတွက် အားလုံးညီညီညွတ်ညွတ် ပူးပေါင်းပါဝင်ကြစေလိုကြောင်း၊ မိမိတို့အနေဖြင့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ တတ်စွမ်းသမျှ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း"ပြောကြားသည်။

ဖျာပုံမြို့နယ်တွင် ဘိုးဘကုန်းရေငန်တားတာ တည်ဆောက်ခြင်း၊ ကျောင်းကုန်းရေငန်တားတာ တာမြှင့်ခြင်းနှင့် မြို့ကုန်းကျွန်းပတ်တာ တာမိုင်(၀/၀ မှ ၃/၄ အထိနှင့် တာမိုင် ၁၂/၇ မှ ၁၄/၀ အထိအတွင်း) တာမြှင့်ခြင်း အပါအဝင် လုပ်ငန်း ၂၄ ခု၊ ဒေးဒရဲမြို့နယ်တွင် မြစိမ်းကန်ပင်လယ်ရေကာတာ တာမိုင်(၀/၀ မှ ၉/၀ အတွင်း) အခိုင်အမာပြုပြင်ခြင်း၊ ကျုံဒါးကျွန်းအောက်ပိုင်းရှိ ရေနုတ်မြောင်းများ တူးဖော်ခြင်းနှင့် တော်ကမယ်ကျေးရွာ နတ်စင်ချောင်းတွင် နွေစပါးစိုက်ပျိုးရန်အတွက် ရေငန်ထိန်းရေတံခါးတည်ဆောက်ခြင်းအပါအဝင် လုပ်ငန်း ရှစ်ခု၊ ဘိုကလေးမြို့နယ်တွင် ထော်ပိုင်ကျွန်းပတ်တာတည်ဆောက်ခြင်း (အပိုင်း-၃)၊ ဒေါင့်ကြီးကျွန်းပတ်တာရှိ ကသဲပေါင်းရေတံခါး၊ မြစ်ကျိုးရေတံခါး၊ သဲချောင်းရေတံခါးများအား ရေတံခါးရွှက်ပြုပြင်ခြင်းနှင့် ဖိုးလေးကျေးရွာအုပ်စုရှိ ကရင်စုချောင်းမကြီး တူးဖော်ခြင်းလုပ်ငန်းအပါအဝင် လုပ်ငန်း ကိုးခုနှင့် ကျိုက်လတ်မြို့နယ်တွင် သုံးခွကျွန်းပတ်တာရှိ လေလံပင်လှေဝင် - လှေထွက်ရေတံခါး ပြုပြင်ခြင်းလုပ်ငန်း၊ ကျိုက်လတ်-မအူပင်ကားလမ်းဘေး (ဝဲဘက်)မြောင်း တူးဖော်ခြင်းလုပ်ငန်းနှင့် သုံးခွကျွန်းပတ်တာအတွင်းရှိ တာတွင်းမြောင်းများ တူးဖော်ခြင်းလုပ်ငန်းအပါအဝင် လုပ်ငန်း ခြောက်ခု၊ ဖျာပုံခရိုင်အတွင်း လုပ်ငန်းစုစုပေါင်း ၄၇ ခု ဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့နောက် ညွှန်ကြားရေးမှူးနှင့် အဖွဲ့သည် ကွင်းဆင်းခရီးစဉ်အတွင်း ကျိုက်လတ်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရန်လင်း၊ ကျိုက်လတ်မြို့နယ်နှင့် ဘိုကလေးမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်မေသန်းနွဲ့၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းလှိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြတ်ခိုင်၊ တာဝန်ရှိသူများ၊ ဒေသခံများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

**သပြေထွန်း**

## ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်နှစ်လမှ တစ်နှစ်ခွဲအောက် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေး ထိုးနှံတိုက်ကျွေး

**မြောက်ဦး ဇန်နဝါရီ ၁၁**

ရခိုင်ပြည်နယ် မြောက်ဦးမြို့၌ ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်နှစ်လမှ တစ်နှစ်ခွဲအောက်ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းကို ယမန်နေ့နံနက် ၈ နာရီက မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာနနှင့် မြို့ပေါ်ရပ်ကွက်များရှိ သတ်မှတ်စုရပ်နေရာများ၌ စတင်ထိုးနှံတိုက်ကျွေးပေးလျက်ရှိသည်။

အဆိုပါ ကိုယ်ဝန်ဆောင်မိခင်များနှင့်ကလေးငယ်များကို ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ ထိုးနှံပေးလျက်ရှိရာ ကလေးငယ်များအား အသက်အရွယ်အလိုက် ဘီစီဂျီ၊ ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင်အသားဝါဘီ၊ ဦးနှောက်အမြှေးရောင်၊ ငါးမျိုးစပ် ကာကွယ်ဆေး၊ ပြင်းထန်အဆုတ်ရောင်(ပီစီဗွီ)၊ ဝက်သက်ဂျိုက်သိုး၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှော (ရိုတာ) နှင့် ပိုလီယိုကာကွယ်ဆေးစသည့် ရောဂါကာကွယ်ဆေးများကို ထိုးနှံပေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များအား မေးခိုင်ကာကွယ်ဆေးထိုးနှံပေးခြင်း၊ ကလေးငယ်များအား ကိုယ်အလေးချိန်တိုင်းတာပေးခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရာတွင် ကျန်းမာရေးဝန်ထမ်းများက ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးနှင့် လူစုလူဝေးမဖြစ်ပေါ်စေရေးအတွက် ကိုယ်ဝန်ဆောင်မိခင်များနှင့်ကလေးငယ်များအား အလှည့်ကျ ဆေးထိုး၊ ဆေးတိုက်ခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ် မိခင်နှင့်ကလေးကျန်းမာရေးဌာနမှ သိရသည်။

**ခင်မောင်ထွန်း(ပြန်/ဆက်)**



## လှည်းကူးမြို့နယ် ဒါးပိန်မြို့မဈေး၌ နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေ

**လှည်းကူး ဇန်နဝါရီ ၁၁**

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် ဒါးပိန်တောင်ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် လူမှုရေးအသင်းအဖွဲ့များက နေအိမ်ပြင်ပထွက်ခွာ သွားလာကြသူပြည်သူများအား နှာခေါင်းစည်းများ တပ်ဆင်ကြစေရန် ရည်ရွယ်၍ ယနေ့နံနက် ၈ နာရီတွင် လှည်းကူးမြို့နယ် လူစည်ကားရာ နေရာတစ်ခုဖြစ်သော ဒါးပိန်မြို့မဈေး၌ နှာခေါင်းစည်း ၁၀၀၀ ကျော် အခမဲ့ ဖြန့်ဝေပေးခဲ့သည်။



ထိုသို့ နှာခေါင်းစည်းများ ဖြန့်ဝေပေးရာတွင် ဒါးပိန်တောင်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးမြင့်အောင်၊ ရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်း၍ လူစည်ကားရာနေရာများဖြစ်သော ကျေးရွာအုပ်ချုပ်ရေးမှူးရုံး အနီးပတ်ဝန်းကျင် နေရာများနှင့် ဒါးပိန်မြို့မဈေးအတွင်းတို့၌ လမ်းသွားလမ်းလာ ပြည်သူများ၊ ဈေးသည် ဈေးဝယ်များအား ကိုဗစ်-၁၉ ရောဂါ ကူးစက်ကာလအတွင်း မလိုအပ်ဘဲ အပြင်မထွက်ကြရန်နှင့် တစ်စုံတစ်ရာ အရေးကြီးကိစ္စများ ပေါ်ပေါက်လာပါက နှာခေါင်းစည်းများ တပ်ဆင်ပြီးမှ သွားလာကြရန်၊ လက်သန့်ဆေးရည်များဖြင့် လက်များကို မကြာခဏ ဆေးကြောသန့်စင်စေရန်၊ သတ်မှတ်ဦးရေထက် ပိုမိုစုဝေးခြင်းမပြုကြရန်၊ နှာခေါင်းစည်းဝတ်ဆင်ပြီးမှ ဈေးအတွင်းသို့ ဝင်ရောက်ကြရန် အသိပညာပေး နှိုးဆော်ပြီး နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ဉာဏ်ဟိန်း**

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ စနစ်တကျ လက်ဆေးစို့**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုထိန်းချုပ်နိုင်ရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်

**မော်လမြိုင်ကျွန်း ဇန်နဝါရီ ၁၁**

မော်လမြိုင်ကျွန်းမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုထိန်းချုပ်နိုင်ရေးအတွက် ပြည်သူများနေအိမ်ပြင်ပသို့ ထွက်ခွာပါက နှာခေါင်းစည်းများ မဖြစ်မနေဝတ်ဆင်စေရေး မြို့နယ် ကိုဗစ်-၁၉ရောဂါ ထိန်းချုပ်ရေးနှင့်အရေးပေါ်တုံ့ပြန်ရေး ကော်မတီ၊ ပြန်ကြားရေးနှင့် လှုံ့ဆော်ရေးဆပ်ကော်မတီမှ တာဝန်ရှိသူများက ယနေ့ နံနက် ၈ နာရီတွင် အမှတ်(၁၂) ရပ်ကွက်နှင့် တပင်ရွှေထီးလမ်းမကြီးတစ်လျှောက် လူစည်ကားရာနေရာများ၌ စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်သည်။

အဆိုပါလုပ်ငန်းများဆောင်ရွက်ရာတွင် မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၊ ပြန်ကြားရေးနှင့် လှုံ့ဆော်ရေးဆပ်ကော်မတီမှတာဝန်ရှိသူများနှင့် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့တို့ပူးပေါင်း၍ နှာခေါင်းစည်းမဝတ်ဆင်ထားသူများအား အခမဲ့ပေးဝေဝတ်ဆင်စေခြင်းနှင့် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို အရှိန်အဟုန် တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။

**အောင်အောင်(ပြန်/ဆက်)**



## စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပဲတီစိမ်းသီးနှံ ဧက ၁၀၃၄၇၈ ကျော် စိုက်ပျိုးပြီးစီး

**မုံရွာ ဇန်နဝါရီ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ၁၀ ခုနှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ မြို့နယ်များတွင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ပဲတီစိမ်းသီးနှံ ၁၀၃၄၈၇ ဧက စိုက်ပျိုးပြီးစီးခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒီဇင်ဘာ ၃၁ ရက်အထိ စိုက်ပျိုးပြီးစီးမှုအနေဖြင့် မုံရွာခရိုင်အတွင်း ၉၅၉၇ ဧက၊ ယင်းမာပင်ခရိုင်အတွင်း ၁၈၃၃၆ ဧက၊ စစ်ကိုင်းခရိုင်အတွင်း ၆၄၈၇ ဧက၊ ရွှေဘိုခရိုင်အတွင်း ၂၀၉၆၁ ဧက၊ ကန့်ဘလူခရိုင်အတွင်း ၂၇၅၃၆ ဧက၊ ကသာခရိုင်အတွင်း ၃၇၉၄ ဧက၊ ကလေးခရိုင်အတွင်း ၁၄၅၈၂ ဧက၊ တမူးခရိုင်အတွင်း ၅၇၂ ဧက၊ မော်လိုက်ခရိုင်အတွင်း ဧက ၁၃၆၀ ၊ ခန္တီးခရိုင်အတွင်း ၂၂ ဧကနှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ဧက ၄၀ ကို စိုက်ပျိုးပြီးစီးခဲ့ပြီဖြစ်ကြောင်း သိရသည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဆောင်းသီးနှံစိုက်ပျိုးချိန်တွင် ပဲတီစိမ်းသီးနှံကို ၁၀၅၅၉၅ ဧကအထိ စိုက်ပျိုးနိုင်ရေး လျာထားလုပ်ဆောင်ခဲ့ခြင်းဖြစ်ရာ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလကုန်အထိ ၁၀၃၄၈၇ ဧကအထိ စိုက်ပျိုးပြီးစီးခဲ့ပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၏ မှတ်တမ်းများအရ သိရသည်။

**ဝင်းဦး(ဖေယျာတိုင်း)**

## ကသာမြို့၌ နှာခေါင်းစည်းဝတ်ဆင်ရေး လူထုလှုပ်ရှားမှု ပြုလုပ်

**ကသာ ဇန်နဝါရီ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့၌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာများ ပါဝင်သော မြို့နယ်အဆင့် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ မြို့နယ်အတွင်း ကိုဗစ်-၁၉ရောဂါကာကွယ်ထိန်းချုပ်နိုင်ရန်အတွက် ကသာမြို့ရှိ ပြည်သူများအား နှာခေါင်းစည်းများ ဝတ်ဆင်ပြီး အပြင်ထွက်သွားလာရေး လူထုလှုပ်ရှားမှုကို ယနေ့ နံနက်ပိုင်းက ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် တာဝန်ရှိသူများက ကသာမြို့ရှိ မီးပွိုင့်လမ်းဆုံနှင့် အ.ထ.က(၁) ရှေ့နေရာများတွင် နှစ်ဖွဲ့ခွဲ၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်ရာ နှာခေါင်းစည်း မဝတ်ဆင်ဘဲ အပြင်ထွက်သွားလာသူများကို ဒဏ်ငွေပေးဆောင်စေခြင်း၊ နှာခေါင်းစည်းများပေးဝေခြင်းနှင့် ပြည်သူများအနေဖြင့် အပြင်ထွက်သွားလာပါက နှာခေါင်းစည်းများဝတ်ဆင်ပြီး အပြင်ထွက်သွားလာရန် အသိပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး အဆိုပါ လူထုလှုပ်ရှားမှုကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ရဲအောင်**
**(ကသာ)**



## ရန်ကုန်(ပန်းဆိုးတန်း-ဒလ)ချယ်ရီရေယာဉ်များ ခေါက်ရေတိုးပြေးဆွဲ

**ရန်ကုန် ဇန်နဝါရီ ၁၁**

ရန်ကုန်(ပန်းဆိုးတန်း-ဒလ) သင်္ဘောဆိပ်ကမ်း၌ ခရီးသည်များ လိုက်ပါစီးနင်းမှုများပြားလာခြင်းကြောင့် ဇန်နဝါရီ ၁၁ ရက်မှစတင်၍ သင်္ဘောခရီးစဉ်များကို အသွား ၃၈ ခေါက်၊ အပြန် ၃၈ ခေါက်နှုန်းဖြင့် ခေါက်ရေတိုးပြီးပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

"ပန်းဆိုးတန်း-ဒလ သင်္ဘောဆိပ်ကမ်းအနေနဲ့ အခုရက်ပိုင်းက ခရီးသည်စီးနင်းမှုများလာလို့ ခရီးသည်တွေ အဆင်ပြေစေရေးအတွက် သင်္ဘောခေါက်ရေတိုးပြီးပြေးဆွဲပေးတာဖြစ်ပါတယ်။ ရုံးဖွင့်ရက်မှာက ခရီးသည် သွားလာမှုများတယ်။ ဒါကြောင့် ခရီးသည်သွားလာမှုများတဲ့ ရုံးဖွင့်ရက်တွေမှာ အသွား ၃၈ ခေါက်၊ အပြန် ၃၈ ခေါက်နှုန်းနဲ့ ခရီးသည်အဆင်ပြေစွာသွားလာနိုင်ဖို့အတွက် ပြေးဆွဲပေးတာဖြစ်ပါတယ် " ဟု ပြည်တွင်းရေကြောင်းပို့ဆောင်ရေး မြစ်ဝကျွန်းပေါ်ဌာနခွဲ ဒလသင်္ဘောဆိပ်ကမ်း မန်နေဂျာ ဒေါ်ဇင်မျိုးဟန်က ပြောသည်။

ပန်းဆိုးတန်း-ဒလသင်္ဘောဆိပ်ကမ်း၌ ယနေ့နံနက်မှစတင်၍ အစိုးရရုံးဖွင့်ရက်များတွင် နေ့စဉ် နံနက် ၅ နာရီခွဲမှ ည ၈ နာရီခွဲအထိ အသွား ၃၈ ခေါက်၊ အပြန် ၃၈ ခေါက်နှုန်းဖြင့်လည်းကောင်း၊ စနေနှင့် တနင်္ဂနွေ ရုံးပိတ်ရက်များတွင် နံနက် ၆ နာရီမှ ည ၈ နာရီအထိ အသွား ၂၂ ခေါက်၊ အပြန် ၂၂ ခေါက်နှုန်းဖြင့် သင်္ဘောခရီးစဉ်များကို ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း၊ ခရီးသည်သွားလာမှု အခြေအနေပေါ်မူတည်၍ လိုအပ်ချက်များရှိလာပါက ရေယာဉ်ခရီးစဉ်များကို ထပ်မံတိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ရုံးပိတ်ရက်များ၌ ဒလဘက်ကမ်းမှ တစ်ဆင့် ခရီးသည် ၃၀၀၀ ကျော်နှင့် ရုံးဖွင့်ရက်များတွင် ခရီးသည် ၆၀၀၀ ကျော် ရန်ကုန်မြို့သို့ ကူးသန်းသွားလာလျက်ရှိကြောင်း သိရသည်။

**နိုင်လင်းကျော်(ဒလ)**

## သန့်ရှင်းလတ်ဆတ်သော သား၊ ငါးနှင့် စားသောက်ကုန်များ သာကေတမြို့နယ်အတွင်း ဈေးကားများဖြင့် လိုက်လံရောင်းချ

**သာကေတ ဇန်နဝါရီ ၁၁**

သာကေတမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေး ကာလ၌ သန့်ရှင်းလတ်ဆတ်သော သား၊ ငါးနှင့် စားသောက်ကုန်များ လွယ်ကူစွာ ဝယ်ယူ နိုင်ရန်အတွက် ယနေ့ နံနက်ပိုင်းက ၄/မြောက်ရပ်ကွက် မြို့မလမ်းနှင့် အောင်ဇေယျလမ်းဆုံ၌ လည်းကောင်း၊ ၄/တောင်ရပ်ကွက် အောင်မေတ္တာလမ်း၊ အလက(၄)ရှေ့တွင်လည်းကောင်း ဈေးကားများဖြင့် လိုက်လံရောင်းချခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရ၏ လမ်းညွှန်မှုအရ မြို့နယ်နေပြည်သူများ ဈေးနှုန်းသက်သာစွာဖြင့်ဝယ်ယူစားသုံးနိုင်စေရေး၊ မိမိတို့နေအိမ်မှကွာဝေးသော ဈေးများသို့သွားရောက်ဝယ်ယူစရာ မလိုသည့်အတွက် ကူးစက်ရောဂါပြန့်ပွားမှုမှ အထိုက်အလျောက် ကာကွယ်နိုင်ရန်၊ သန့်ရှင်းလတ်ဆတ်သော သား၊ ငါးနှင့် စားသောက်ကုန်များအား မိမိတို့ ရပ်ကွက်အတွင်းတွင် ဝယ်ယူနိုင်ရန်တို့ကို ရည်ရွယ်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်တို့က ကြီးမှူး၍ ညီနောင်လုပ်ငန်းရှင်အသင်းများမှ မြို့နယ်ရပ်ကွက်များအရောက် လက်လီလှည့်လည်ရောင်းချခြင်းဖြစ်သည်။



အဆိုပါ ရောင်းချပေးခဲ့သည့် စားသောက်ကုန်များမှာ ကြက်သား(CP)၊ ဝက်သား၊ အမဲသား၊ ဆိတ်သား၊အသင့်ထုပ်ပိုးထားသော ရေချို၊ ရေငန်ငါး၊ ပုစွန်၊ ကဏန်းအမျိုးမျိုး၊ ကြက်ဥ၊ ဘဲဥ၊ ဟင်းသီး၊ ဟင်းရွက်မျိုးစုံများဖြစ်ပြီး လတ်ဆတ်သော ကျန်းမာရေးနှင့် ညီညွတ်သည့် စားသောက်ကုန်များကို သက်သာသော ဈေးနှုန်းများဖြင့် ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ်ရေး စည်းကမ်းချက်များနှင့် အညီဈေးကားရှစ်စီးဖြင့် ရောင်းချပေးခဲ့သည်။

သာကေတမြို့နယ်အတွင်း ဆက်လက် ရောင်းချပေးသွားမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေး ကော်မတီထံမှ သိရသည်။

**ကိုဘုန်း**
**(ပြန်/ဆက်)**

## လှိုင်ကော်မြို့၌ ရပ်ကွက်(သို့မဟုတ်) ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေ၊ နည်းဥပဒေများ ရှင်းလင်း

**လှိုင်ကော် ဇန်နဝါရီ ၁၁**

ကယားပြည်နယ် လှိုင်ကော်မြို့၌ ရပ်ကွက်(သို့မဟုတ်) ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေ၊ နည်းဥပဒေများ ရှင်းလင်းခြင်းကို ဇန်နဝါရီ ၁၀ ရက် နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်စည်သူက ရပ်ကွက်(သို့မဟုတ်) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား အုပ်ချုပ်ရေးဥပဒေ ၊ နည်းဥပဒေများဖြင့် ရွေးချယ်သွားမည့်အကြောင်းအရာများနှင့်စပ်လျဉ်း၍ အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရန်နိုင်ဝင်းက ဥပဒေ၊ နည်းဥပဒေများတွင် ပြဋ္ဌာန်းထားသည့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် Time Frame များ၊ အုပ်ချုပ်ရေးဆိုင်ရာ ယန္တရားအဆင့်ဆင့်ဆောင်ရွက်ရမှုများ၊ အုပ်ချုပ်ရေးမှူးများ စိစစ်ရွေးချယ်ရာတွင် ဌာနဆိုင်ရာများ ပူးပေါင်းပါဝင်ကြရေးစသည်တို့ကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ထို့နောက် မြို့နယ်ဥပဒေအရာရှိ ဦးကျော်ဦးနှင့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသူရိန်ဇော်တို့က ရပ်ကွက်(သို့မဟုတ်) ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေ၊ နည်းဥပဒေများကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးရာ တက်ရောက်လာကြသော ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးကြကြောင်း သိရသည်။ **စိုးလှိုင်ငွေး(ပြန်/ဆက်)**

## အထူးဝမ်းမြောက်ဂုဏ်ပြုချီးကျူးပူဇော်လွှာ

ရန်ကုန်မြို့၊ တာမွေမြို့နယ်မှ အောက်ဖော်ပြပါ ဆရာတော်ကြီး(၃)ပါးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်၊ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၂၁)ဖြင့် "**ဂန္ထဝါစကပဏ္ဍိတ**"ဘွဲ့တံဆိပ်တော်ကို ထိုက်တန်စွာ ချီးမြှင့်ဆက်ကပ်လှူဒါန်းခြင်းခံရသည့်အတွက် အရှင်မြတ်တို့အား အထူးဝမ်းမြောက်ဂုဏ်ပြုချီးကျူး ပူဇော်အပ်ပါသည်ဘုရား

၁။ ဆရာတော်**ဘဒ္ဒန္တကဝိန္ဒ**၊ ဥက္ကဋ္ဌ၊ မြို့နယ်သံဃနာယကအဖွဲ့၊ သာသနဇောတိပါလစာသင်တိုက်၊ ကျောက်မြောင်းအရှေ့ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

၂။ ဆရာတော် **ဘဒ္ဒန္တခေမာစိဏ္ဏ**၊ အောင်မင်္ဂလာစာသင်တိုက်၊ ဘိုးလိန်းအောင်မင်္ဂလာရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

၃။ ဆရာတော်**ဘဒ္ဒန္တသြဘာသ**၊ မင်္ဂလာသုခပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ဘိုးလိန်းအောင်မင်္ဂလာရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

**မလွှကုန်းလမ်း၊ အင်္ဂါပတ်(ဝါတွင်း/ဝါပ)**
**ဆွမ်းလောင်းအသင်းမှ**
**ဥက္ကဋ္ဌနှင့်အလုပ်အမှုဆောင်အဖွဲ့ဝင်များ**

## သက်တော်ရှည်မွေးနေ့ပူဇော်ပွဲ

သပြေတောင်တောရမဟာစည်ရိပ်သာကြီး၏ဦးစီးပဓာန နာယကဖြစ်တော်မူသော ကျေးဇူးတော်ရှင် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်ရ **ဘဒ္ဒန္တဇာဂရ** မဟာထေရ်ရှင်မြတ်၏ သက်တော်(၉၀)နှစ်ပြည့် ဝိဇာတပူဇာကုသိုလ်တော်ကြီးကို ၁၃၈၂ ခုနှစ်၊ ပြာသိုလဆန်း (၁၂)ရက် နံနက်(၅:၃၀)နာရီ "သပြေတောင် မဟာစည်ရိပ်သာကြီး"၌ ကျင်းပမည့်အကြောင်း အသိပေးပါသည်။

**ဖြစ်မြောက်ရေးအဖွဲ့**
**နေပြည်တော်၊ ပျဉ်းမနား**
**ပန်းခင်းလမ်း(၃)**

# နိုင်ငံတော်၏ ပြည်ထောင်စု စည်သူသင်္ဂဟ ဂုဏ်ထူးဆောင်ဘွဲ့ဖြစ်သည့် "သရေစည်သူ "ဘွဲ့ ချီးမြှင့်ခံရသည့် ကမ္ဘောဇဘဏ်နာယက"ဝဏ္ဏကျော်ထင်၊ စည်သူ၊ သရေစည်သူ ဦးအောင်ကိုဝင်း"အတွက် ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန်ကို "ပထမ"နေရာမှ ဝင်ငွေခွန်အများဆုံး(၈)နှစ်ဆက်တိုက် ထမ်းဆောင်ခဲ့ခြင်း၊ နိုင်ငံတော်နှင့်ပြည်သူအတွက် ရှမ်းပြည်နယ်အပါအဝင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လူမျိုးမရွေး၊ ဘာသာမရွေး၊ နေရာဒေသမရွေး လိုအပ်သည့်နေရာများသို့ ယနေ့အချိန်အထိ ကျပ်ငွေ(၁၈၀) ဘီလီယံကျော် ကိုယ်ရောစိတ်ပါ လူအားငွေအားဖြင့် သဒ္ဓါထက်သန်စွာ လှူဒါန်းခဲ့ခြင်းတို့ကြောင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ၏ ၂၀၂၁ခုနှစ်၊ ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားတွင် နိုင်ငံတော်သမ္မတဦးဝင်းမြင့်က ကမ္ဘောဇဘဏ်နာယက"**ဝဏ္ဏကျော်ထင်၊ စည်သူ ဦးအောင်ကိုဝင်း**"အား မြန်မာနိုင်ငံသမိုင်းတွင် အရပ်ဘက်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များအနက် ပထမဆုံးနှင့် အမြင့်ဆုံးဖြစ်သည့် "**သရေစည်သူဘွဲ့**"ကိုချီးမြှင့်ခဲ့ပါသည်။ ယင်းသို့ မြန်မာနိုင်ငံသမိုင်းတွင် အရပ်ဘက်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များအနက် ပထမဆုံးနှင့် အမြင့်ဆုံးဖြစ်သည့် "**သရေစည်သူ**"ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံအကျိုးပြု၊ ပြည်သူအကျိုးပြုလုပ်ငန်းများအား ဆတက်ထမ်းပိုး တိုးပွားဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

**ရှမ်းပြည်နယ်အစိုးရအဖွဲ့**

## ဟိုတယ်ရောင်းမည်

### အောင်ဆန်းလမ်းမ၊ ပြည်မြို့

(၁၅၀'x၂၀၀')မြေပေါ်ရှိ အခန်း(၃၄)ခန်းပါ RC (၄)ထပ်နှင့် အခြားအဆောက်အဦများ, Elevator, Transformer 200kv ကျယ်ဝန်းသော ကားပါကင် အကျိုးဆောင်များလည်း ဆက်သွယ်နိုင်သည်။

**Website – www.hotelksetra.com**

**စုံစမ်းရန်** – ၀၉–၂၅၃၃၂၄၁၅၂
၀၉–၅၃၁၂၀၈၄
၀၉–၄၅၆၄၃၄၉၁၃

## အမည်ပြောင်း

မြောင်းမြမြို့နယ်၊ အထက(၂)၊ ဒသမတန်းကျောင်းသူ (အဖ) ဦးတင်ဝှက်[၁၄/မမန(နိုင်)၁၃၉၄၂၂] ၏သမီး မမြတ်ကေခိုင်အား မနှင်းယုဝေ ဟု ပြောင်းလဲခေါ်ပါရန်။

**★STAR★**

အုံမြို့သစ် အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်းရှိမြေကွက်များ ဝယ်လိုသည်။

**09-43088052**
**09-260660405**
**09-421067330**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ဇာနည်(၁၁)လမ်း၊ အမှတ်(၄၂၀/က)၊ (၁)ခန်းတည်း RC(၆)ထပ်တိုက်၏ ပဉ္စမထပ်(၆)လွှာအခန်း၊ ဧရိယာ(၉၇၂)စတုရန်းပေရှိ တိုက်ခန်းနှင့် ရေ၊ မီး အပါအဝင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူဖြစ်သော ဒေါ်ဝသုန်ဖြိုး [၁၄/ပသန(နိုင်)၂၀၇၇၃၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်ဖူးမီမီဦး[၁၂/ဥကတ(နိုင်) ၁၈၁၁၀၈]က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျ ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ဖူးမီမီဦး၏လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သူဇာကျော်**
**LL.B,D.B.L,D.I.L,D.I.P.L,WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၆၅၂၆)**
**Ph:09–765602290,**
**Level(5,6,7,8)၊ တာဝါ(၂)၊ HAGL Myanmar Center Towen**
**အမှတ်(၁၉၂)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အနောက်ပိုင်းခရိုင်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့သစ်စီမံကိန်းဧရိယာ၊ အုပ်စုအမှတ်( RA-5 )အတွင်းရှိ

(၁) မြေကွက်အမှတ်( က-၀၃/၀၀၄၅ )၊ ဧရိယာ( ၈၀ပေ × ၈၀ပေ )
(၂) မြေကွက်အမှတ်( က-၀၃/၀၀၄၆ )၊ ဧရိယာ( ၈၀ပေ × ၈၀ပေ )
(၃) မြေကွက်အမှတ်( က-၀၃/၀၀၄၇ )၊ ဧရိယာ( ၆၄' ၄'' × ၈၀ပေ )

အထက်ပါမြေကွက်(၃)ကွက်ကိုယာယီမြေပေးမိန့်(၃)စောင်တွင်တရားဝင်အမည်ပေါက်ပိုင်ဆိုင်သူ-ဒေါ်နန်းလှကြည်(ခ)ဆောင်းသန္တာဦး(၁၃/လခန(နိုင်)၀၂၀၉၁၅)ကအရှုပ်အရှင်းကင်းရှင်းစွာလက်ရှိထားပိုင်ဆိုင်ပါကြောင်းနှင့်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်းဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေကအပြီးအပိုင်ဝယ်ယူရန်(စရန်ငွေ)များပေးချေထားခဲ့ပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်(၃)ကွက်နှင့်ပတ်သတ်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသဖြင့်ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ(၁၄)ရက်အတွင်းတိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါကအထက်ဖော်ပြပါမြေကွက်(၃)ကွက်အရောင်းအဝယ်ကိုဥပဒေနှင့်အညီပြီးဆုံးသည်အထိဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာပါသည်။ ( လွှဲအပ်ညွှန်ကြားချက်များအရ )

**ဦးသန့်ဇင် ( LL-B )**
အထက်တန်းရှေ့နေ(စဉ်–၂၅၁၆၈)
Ph-09 253995848 , 09-798420119

**ဒေါ်ဟန်နွေနိုင် ( LL-B )**
အထက်တန်းရှေ့နေ(စဉ်–၂၇၅၄၄)
Ph-09-4200 73685

အမှတ်(၅၀)၊ ပ-ထပ်၊ အခန်း(D-2)၊ ဘက်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

သစ် တော မှန် လျှင် အ သုံး ဝင် အ စဉ် ထာ ဝ ရ ထိန်း သိမ်း ကြ

# အထူးကြည်ညိုဂုဏ်ယူဝမ်းမြောက်ပူဇော်ခြင်း

၂၀၂၁ ခုနှစ်၊ (၇၃) နှစ်မြောက် (လွတ်လပ်ရေးနေ့) တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံးအမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၁) ဖြင့် နိုင်ငံတော်သမ္မတက သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များဖြစ်သော -

၁။ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ကို ဘဒ္ဒန္တတေဇောဘာသ၊
ပဥ္စနိကာယသာသနာ့ဗိမာန်ကျောင်းတိုက် ရန်ကင်းမြို့နယ် အားလည်းကောင်း၊

၂။ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ဘဒ္ဒန္တပညာသီဟာဘိဝံသ၊
သီရိဂုဏ်ဝေဓမ္မဗိမာန်ကျောင်းတိုက်၊ စိုက်မွေးအမှတ် (၁) ရပ်ကွက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်အားလည်းကောင်း၊

၃။ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ဘဒ္ဒန္တနာရဒါဘိဝံသ (လှရတနာဆရာတော်)၊
ညောင်တုန်းပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ဗဟန်းမြို့နယ်အားလည်းကောင်း၊

၄။ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ဘဒ္ဒန္တပညာသာမိ၊
ပဥ္စနိကာယသာသနာ့ဗိမာန်ကျောင်းတိုက်၊ ရန်ကင်းမြို့နယ် အားလည်းကောင်း၊

၅။ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ကို ဘဒ္ဒန္တကောသလ္လ၊
ဇမ္ဗူသီရိကျောင်း တောင်ဥက္ကလာပမြို့နယ်အားလည်းကောင်း၊

၆။ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ဘဒ္ဒန္တဇနက၊
ကျောက်ကုန်းတောရမေဒိနီစာသင်တိုက်၊ ရန်ကင်းမြို့နယ် အားလည်းကောင်း၊

၇။ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ဘဒ္ဒန္တကုသလ၊
ကျောက်ကုန်းတောရမေဒိနီကျောင်းတိုက်၊ ရန်ကင်းမြို့နယ် အားလည်းကောင်း၊

၈။ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ဘဒ္ဒန္တသုစိတ္တသာမိ၊
ပဥ္စနိကာယသာသနာ့ဗိမာန်ကျောင်းတိုက်၊ ရန်ကင်းမြို့နယ် အားလည်းကောင်း၊

၉။ မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ကို ဘဒ္ဒန္တဝိလာသ၊
မိုယ်းကောင်းကျောင်းတိုက်၊ ရန်ကင်းမြို့နယ် အားလည်းကောင်း၊

၁၀။ မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ဘဒ္ဒန္တဝိစက္ခဏ (တန့်ဆည်)
ပဥ္စနိကာယသာသနာ့ဗိမာန်ပရိယတ္တိစာသင်တိုက်၊ ရန်ကင်းမြို့နယ် အားလည်းကောင်း

ဆက်ကပ်ပူဇော်ခြင်းအတွက် ဆရာတော်ကြီးများအား သက်ရှည်ကျန်းမာစွာဖြင့် သာသနာတော်အကျိုး၊ ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဒါယကာ၊ ဒါယိကာမ ဖြစ်ကြသော တပည့်တော်တို့ ထွန်းရွှေဝါတိုင်းရင်းဆေးမိသားစုက အထူးပင်ကြည်ညိုဂုဏ်ယူထပ်ဆင့် ပူဇော်လျှောက်ထားအပ်ပါသည် ဆရာတော်အရှင်မြတ်တို့ဘုရား . . .

တပည့် ဒါယကာ၊ ဒါယိကာမ {
ဦးထွန်းရွှေ + ဒေါ်သင်းသင်းဆွေ
သား - မောင်သီဟထွန်း၊ မောင်ဇေယျာထွန်း
ထွန်းရွှေဝါတိုင်းရင်းဆေးမိသားစု
}

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၂၁ ခုနှစ် (၇၃) နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏အမိန့်ကြော်ငြာစာ အမှတ် (၁/၂၀၂၁) ဖြင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များဖြစ်သည့် -

အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရဘွဲ့ ချီးမြှင့်ခံရသော ဦးတင်မောင် (လူမှုထူးချွန်ပထမဆင့်) (စန္ဒီပရဆေး)၊

အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဘွဲ့ ချီးမြှင့်ခံရသော ဒေါက်တာငွေးငွေးရီ (ကေသီပန်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)၊

သီရိသုဓမ္မသိင်္ဂီဘွဲ့ ချီးမြှင့်ခံရသော ဒေါ်မိုးပြည့်ပြည့်ဖြိုး (မုံရွာဆရာမိုး တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေး)

တို့အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် သာသနာတော်အကျိုး၊ နိုင်ငံ့အကျိုးဆတက်တိုး၍ ထောက်ပံ့လှူဒါန်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဦးထွန်းရွှေ + ဒေါ်သင်းသင်းဆွေ
ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး

**မြန်မာနိုင်ငံသူ ၊ နိုင်ငံသားများအားလုံး COVID-19 ကပ်ရောဂါဘေးမှ အမြန်ဆုံးလွတ်ကင်းပါစေကြောင်း ဆုတောင်းမေတ္တာပို့ သအပ်ပါသည်...**

ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး

# အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

"နိုင်" မိသားစု အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်၏ နာယက၊

အနန္တဂိုဏ်းဝင် ကျေးဇူးရှင် "မိခင်ကြီး သီဟသုဓမ္မသိင်္ဂီ ဒေါ်ညွန့်ညွန့်"

အား

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ် – ၁/ ၂၀၂၂ ဖြင့် မြန်မာနိုင်ငံတော်အနှံ့အပြား ဘာသာသာသနာအကျိုးကို စွမ်းစွမ်းတမံဆောင်ရွက်ပြီး မြတ်ဗုဒ္ဓ၏ သာသနာအတွင်း၌ ပစ္စည်းလေးပါး ဒါယကာ၊ ဒါယိကာမအဖြစ် စဉ်ဆက်မပြတ်လှူဒါန်းသည့် လူပုဂ္ဂိုလ်များကို ချီးမြှင့်ပေးသောသာသနာတော်ဆိုင်ရာအမြင့်ဆုံးဘွဲ့တံဆိပ်ဖြစ်သည့် သာသနာနုဂ္ဂဟဘွဲ့ နှင့် သာသနာပြုဘွဲ့တံဆိပ် ဖြစ်သော "အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ" ဘွဲ့ရရှိသဖြင့် လှိုက်လှိုက် လှဲလှဲ ဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံအကျိုး၊ သာသနာအကျိုးတို့ကိုကျန်းမာချမ်းသာစွာဖြင့် ဆက်လက်ထမ်းပိုးသယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်းဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်ခင်ပွန်း – အဂ္ဂမဟာသီရိသုဓမ္မဇောတဓရ ဦးထွန်းဝေ

(နာယက "နိုင်" မိသားစု အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်)

ချစ်သားသမီးများ –

၁။ ဦးမြင့်နိုင်+ဒေါ်အေးအေးနိုင် (Naing One Construction Materials Trading Co., Ltd)
၂။ ဦးသက်နိုင်+ဒေါ်စောစောနိုင် (Thet Thit San Co., Ltd)
၃။ ဒေါက်တာအေးအေးနိုင် (တွဲဖက်ပါမောက္ခ–သမိုင်းဌာန၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်)
၄။ ဦးယွန်းနိုင် (MD) (Yoon Iron & Steel Co., Ltd)
၅။ ဦးညွန့်ညွန့်နိုင် (MD) (Nyunt Myint Mo Industrial Co., Ltd)
၆။ ဒေါက်တာရွှေရွှေနိုင် (ကထိက–ဓာတုဗေဒဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)
၇။ ဦးမျိုးမင်းနိုင်+ဒေါ်ရွှေစင်ဝေ၊ (Naing Seven Construction Materials Trading Co., Ltd)
၈။ ဦးသန်းနိုင် (MD) (Naing Family Construction Materials Trading Co., Ltd)
၉။ ဦးမျိုးမြင့်+ဒေါ်သန္တာဝင်း၊ (Myo Naing-Nine Group of Companies)
၁၀။ ဦးဖြိုးဝေနိုင်+ဒေါက်တာနန်းခင်ဝတ်ရည် (Naing New Generation Trading Co., ltd)

ချစ်မြေးများ – ခိုင်ခိုင်၊ ထက်ထက်၊ ခင်ခင်၊ ဂါဂါ၊ ကူကူ၊ ကိုအုပ်၊ ခနိုး၊ ညွန့်ညွန့်၊ မိုးလပြည့်၊ ကိုဇန့်၊ အုစ်၊ ပယ်ဝယ်၊ လဝန်း၊ တုန်တုန်၊ သီဟ၊ ပိုင်ပိုင်၊ ရွှန်းရွှန်း။

# လွှတ်တော်အစည်းအဝေးများကျင်းပရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၁/၂၀၂၁) ကျင်းပ




နေပြည်တော် ဇန်နဝါရီ ၁၁

တတိယအကြိမ် ပြည်ထောင်စုအဆင့်လွှတ်တော်များ၏ ပထမပုံမှန်အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လွှတ်တော်အစည်းအဝေးများ ကျင်းပရေးဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၁/၂၀၂၁)ကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင်အစည်းအဝေးခန်းမ၌ ကျင်းပသည်။ စာမျက်နှာ ၅ ကော်လံ ၁ သို့ ✪

## မော်လမြိုင်ကျွန်းမြို့နယ်ရှိ စော်ကဲတံတားနှင့် ကျွန်းပြဿဒ်မြစ်ကူးတံတား တည်ဆောက်ပြီးစီး

မော်လမြိုင်ကျွန်း ဇန်နဝါရီ ၁၁

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်း- ပုသိမ် အဝေးပြေးခရီးစဉ်တွင် အရေးပါသော မော်လမြိုင်ကျွန်းမြို့နယ် စော်ကဲမြစ်ကူးတံတားနှင့် မော်လမြိုင်ကျွန်း -ဝါးခယ်မ ထိစပ်နေသော ကျွန်းပြဿဒ်မြစ်ကူးတံတား နှစ်စင်းစလုံး ရာနှုန်းပြည့်တည်ဆောက်ပြီးစီး သွားပြီဖြစ်၍ တံတားပေါ်မှ မော်တော်ယာဉ်များ ဖြတ်သန်းသွားလာမှုကို ခံနိုင်ဝန်စမ်းသပ်စစ်ဆေးခဲ့ကြသည်။

မော်လမြိုင်ကျွန်း - စော်ကဲ မြစ်ကူးတံတားကို ၂၀၁၇ ခုနှစ် ဇူလိုင် ၁ ရက်မှ စတင်တည်ဆောက်ခဲ့ပြီး တံတားအရှည်ပေ ၂၄၆၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းအကျယ် တစ်ဖက်လျှင် သုံးပေ၊ ရေလမ်းကင်းလွတ်အမြင့်ပေ ၄၀ နှင့် ရေလမ်းကင်းလွတ်အကျယ် ပေ ၂၄၀ ရှိရာ ပင်မတံတားမှာ သံမဏိသံပေါင်တံတားအမျိုးအစားဖြစ်သည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ◯



စော်ကဲမြစ်ကူးတံတား တည်ဆောက်ပြီးစီးမှုကိုတွေ့ရစဉ်။


ကြေးမုံ ယနေ့ ဖတ်စရာ

တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန် စာမျက်နှာ » ၈

စီးပွားရေးအမြန်နာလန်ထူဖို့ ပြည်သူအားလုံးကြိုးစားစို့ စာမျက်နှာ » ၆

ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးနှံသည့်လုပ်ငန်းများ အရှိန်အဟုန်မြှင့်မည်ဟု ဗြိတိန် ပြောကြား စာမျက်နှာ » ၁၂




## ရန်ကုန်မြို့ပတ်ရထားလမ်း အနောက်ခြမ်း အဆင့်မြှင့်တင်မှုပြီးစီး

ရန်ကုန် ဇန်နဝါရီ ၁၁

ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို အနောက်ခြမ်းနှင့် အရှေ့ခြမ်းဟူ၍ နှစ်ပိုင်းခွဲပြီး မြန်မာ့မီးရထားက ဆောင်ရွက်ခဲ့ရာ အနောက်ခြမ်းမှာ ပြီးစီးသွားပြီဖြစ်ကြောင်း မြန်မာ့မီးရထား အမှတ် (၇)တိုင်းက ယနေ့ သတင်းထုတ်ပြန်ခဲ့သည်။

ရန်ကုန်မြို့ပတ် အနောက်ခြမ်းအား အေဝမ်းကုမ္ပဏီက ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက်တွင် အပိုင်းသုံးပိုင်းခွဲ၍ စတင်ဆောင်ရွက်ခဲ့ပြီး တည်ငံးကုန်း-အင်းစိန် ၃ ဒသမ ၇၅ မိုင်၊ အင်းစိန်-ကြည့်မြင်တိုင် ၅ ဒသမ ၅ မိုင်၊ ကြည့်မြင်တိုင် ဘုရားလမ်း သုံးမိုင်တို့ပါဝင်ကာ စုစုပေါင်း ၁၂ ဒသမ ၂၅ မိုင် ဖြစ်သည်။

ယနေ့ နံနက် ၆ နာရီတွင် ကြည့်မြင်တိုင်-ဘုရားလမ်း၊ အတွင်းလမ်းကို ဖွင့်လှစ်ခဲ့သဖြင့် အစုန်/အဆန်ရထားများ ပုံမှန်အတိုင်း သွားလာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့ပတ် အရှေ့ခြမ်းကိုမူ ရွှေတောင်ကုမ္ပဏီက ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်မှ စတင်ကာ အပိုင်းနှစ်ပိုင်းခွဲ၍ ဆောင်ရွက်ခဲ့ပြီး တည်ငံးကုန်း- ပုရွက်ဆိတ်ကုန်း ၇ ဒသမ ၅ မိုင်၊ ပုရွက်ဆိတ်ကုန်း- ပုဇွန်တောင် ၈ ဒသမ ၅ မိုင်တို့ပါဝင်ကာ စုစုပေါင်း ၁၅ ဒသမ ၇၅ မိုင် ဖြစ်သည်။

ယနေ့နံနက် ၇ နာရီတွင် ရေကူး-တာမွေ အပြင်လမ်းကို ဖွင့်လှစ်ခဲ့သဖြင့် တည်ငံးကုန်းဘူတာမှ တာမွေဘူတာအထိ အစုန်/အဆန် (အတွင်းလမ်း/အပြင်လမ်း) နှစ်ခုစလုံး ပြီးစီးသွားပြီဖြစ်ကြောင်းလည်း သိရသည်။

တာမွေ-ပုဇွန်တောင်လမ်းပိုင်းမှာ အပြင်လမ်းပြုပြင်ထားပြီး အတွင်းလမ်းကို ယခုလကုန်တွင် ဖွင့်လှစ်နိုင်ရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကိုဗစ်၁၉ ရောဂါဖြစ်ပွားနေသည့်ကာလဖြစ်သဖြင့် မြို့ပတ်ရထားပြေးဆွဲမှုကို ရထားတွဲဆိုင်း သုံးဆိုင်းဖြင့်သာ နံနက်ပိုင်းနှင့် ညနေပိုင်း ရုံးချိန်ရထားများကို ပြေးဆွဲပေးလျက်ရှိပြီး ရုံးဖွင့်ရက်များတွင် တစ်ရက်ပျမ်းမျှခရီးသည် ၃၇၀၀ ခန့်နှင့် ရုံးပိတ်ရက်များတွင် ၃၁၀၀ ခန့် စီးနင်းလျက်ရှိကြောင်း သိရသည်။

သတင်း - မြင့်မောင်ကျော်
ဓာတ်ပုံ - မြန်မာ့မီးရထား

